BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၇၁) ခရစ်နှစ် ၂၀၀၆ ခုနှစ်၊ မတ်လ | မြန်မာသက္ကရာဇ် (၁၃၆၇) | ( ၁၅-၁-၉၉ ) ရက်နေ့တွင်စတင်တည်ထောင်သည်။

# ပြည်သူ့လွှတ်တော်ခေါ်ပေးလျှင် အသွင်ကူးပြောင်းရေးကာလကြားဖြတ်အစိုးရအဖြစ် နအဖကိုအသိအမှတ်ပြုမည်ဟု ပြည်ထောင်စုနေ့တွင်အဲန်အယ်လ်ဒီကမ်းလှမ်း



ရန်ကုန်အဖွဲ့ချုပ်ရုံးတွင်ကျင်းပသော (၅၉) ကြိမ်မြောက်ပြည်ထောင်စုအခမ်းအနားသို့ ပရိသတ် (၅၀၀) ကျော်တက်ရောက်ခဲ့သည်။

“ဦးအောင်ရွှေက အဲ့ဒီနေ့မှာ
သူ့လက်ရေးနဲ့သူရေးပြီးတော့ဖတ်တာပါ။ လက်နှိပ်
စက်နဲ့ရိုက်တာလဲမဟုတ်ဘူး။ ကွန်ပြူတာနဲ့လုပ်တာလည်း မဟုတ်ဘူး။
အဲ့ဒီလိုလုပ်နေတော့ အကျိုးအကြောင်းတော့ရှိမယ်။ ဒါတော့
အတော်လေးအရေးကြီးလိမ့်မယ်။ ဒါကြောင့် ကြိုပြီးမသိဘူး။
ဒါကိုပြောတာ။ ဒါကိုအကျယ်ချဲ့ပြီး၊ အမျိုးမျိုးလွှင့်နေတာ။
အဲန်အယ်လ်ဒီနဲ့ ကျနော်တို့နဲ့သဘောကွဲလွဲ သလိုလိုဘာလိုလို။
ကျနော်တောင် စိတ်ပူမိတယ်။ ဒါမျိုးက မကောင်းဘူး။”

(ပူကျင့်ရှင်းထန်၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအဖွဲ့ဝင်)

မြန်မာနှစ်သစ်ကူးမတိုင်မီ ပြည်သူ့လွှတ်တော်ခေါ်ယူပေးလျှင် တရားမဝင်အုပ်ချုပ်နေသောစစ်အုပ်စုကို အသွင်ကူးပြောင်းရေးကာလ၏ကြားဖြတ်အစိုးရအဖြစ် အသိအမှတ်ပြုမည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဘက်က ကမ်းလှမ်းလိုက်သည်။

အဲန်အယ်လ်ဒီ၏ ဖေဖော်ဝါရီလ (၁၂) ရက်၊ ပြည်ထောင်စုနေ့ အထူးကြေညာချက်တွင် ‘ဥပဒေအရမဟုတ်ဘဲ လက်တွေ့အုပ်ချုပ်နေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကို တရားဝင်ဖြစ်လာစေရန် နအဖသည် ပထမအဆင့်အနေဖြင့် ပြည်သူ့လွှတ်တော်ခေါ်ပေးရမည်ဖြစ်ပြီး၊ အဆိုပါလွှတ်တော်ကသာ အစိုးရသစ်တရပ်မပေါ်ခင်အချိန်အထိ နအဖကို ကြားဖြတ်အစိုးရအဖြစ် အသိအမှတ်ပြုကြေညာပေးရန် ဥပဒေကြောင်းအရ အခွင့်အာဏာရှိသည်ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြန်လည်ထွန်းကားရေးအတွက် တိုင်းရင်းသားအဖွဲ့များနှင့် ဒီမိုကရေစီအင်အားစုများက ယုံကြည်ပြီး၊ အသိအမှတ်ပြုထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်မှပြန်လွှတ်ပေးပြီး၊ နိုင်ငံရေးဆွေးနွေးပွဲများတွင်ပါဝင်ခွင့်ပေးရန်၊ နိုင်ငံရေးဆွေးနွေးပွဲများတွင်လိုအပ်ပါက အာဆီယံနိုင်ငံမှခေါင်းဆောင်တဦးကို ဖြန်ဖြေသူအဖြစ် ခန့်အပ်ရန် အဖွဲ့ချုပ်ကအဆိုပြုသည်။

ထို့အပြင် အမျိုးသားပြန်လည်သင့်မြတ်ရေးကိုရှေ့ရှုသည့်အနေဖြင့် ဖမ်းဆီးခံထားရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးတင်ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေ စီအဖွဲ့ချုပ်ဥက္ကဋ္ဌ ခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွန့်လွင်၊ အခြားတိုင်းရင်းသားခေါင်းဆောင်များနှင့် နိုင်ငံရေးအကျဉ်းသားများအားလုံးကိုလည်း ခြွင်းချက်မရှိ ပြန်လွှတ်ပေးရန် အဖွဲ့ချုပ်ကထပ်မံတောင်းဆိုသည်။

နိုင်ငံရေးလေ့လာသူအများစုက အဲန်အယ်ဒီ၏ ယခုကမ်းလှမ်းချက်သည် အနှစ်သာရပိုင်းအရ နအဖကကြေညာထားသော လမ်းပြမြေပုံ (၇) ချက်ကို ချေဖျက်လိုက်ရာရောက်သဖြင့် စစ်ဗိုလ်ချုပ်များအနေဖြင့် ပြည်သူလူထုနှင့် တိုင်းပြည်အကျိုးအတွက် မှန်မှန်ကန်ကန်မစဉ်းစားလျှင် လက်ခံနိုင်ဖွယ်မရှိသောအဆိုပြုချက်ဖြစ်သည်ဟု သုံးသပ်သည်။

နအဖသည် (၁၉၈၈) ခုနှစ်ကတည်းက တိုင်းပြည်ကို တရားမဝင်အုပ်ချုပ်နေပြီး၊ (၁၉၉၀) ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်များမှ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များပါဝင်သော ပြည်သူ့လွှတ်တော်သို့ ဥပဒေနှင့်အညီ အာဏာလွှဲပေးရန်ပျက်ကွက်ခဲ့သည်။

ပြည်ထောင်စုနေ့ သဘာပတိမိန့်ခွန်းတွင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေက ‘အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပြဿနာတရပ်ကိုဆုံးဖြတ်ရာတွင် ပုဂ္ဂိုလ်ရေး၊ အဖွဲ့အစည်းအရေးထက် တိုင်းပြည်အရေးကို ဦးစားပေးမည်ဖြစ်ပြီး၊ တိုင်းပြည်အကြပ်အတည်းကို တဦးကောင်း တယောက်ကောင်းဖြေရှင်းခြင်းထက် တာဝန်ရှိသောအဖွဲ့အစည်းအားလုံးပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဟု ယုံကြည်ကြောင်း’ ထည့်သွင်းပြောကြားသွားခဲ့သည်။

ဝေဖန်သူများက အဲန်အယ်လ်ဒီ၏ ယခုကမ်းလှမ်းချက်သည် ပြီးခဲ့သည့်လွှတ်လပ်ရေးနေ့တောင်းဆိုချက်ဖြစ်သော အဲန်အယ်လ်ဒီ၊ တိုင်းရင်းသားအင်အားစုများနှင့် တပ်မတော်ခေါင်းဆောင်များပါဝင်သော ကြားဖြတ်ဦးဆောင်အဖွဲ့ဖွဲ့စည်း၍ အသွင်ကူးပြောင်းရေးကာလတခုကိုဖြတ်သန်းကြရန် အဆိုပြုထားချက်နှင့်ကွဲလွဲမှုရှိသည်သုံးသပ်သည်။

ထိုကိစ္စနှင့်ပတ်သက်၍ အဲန်အယ်လ်ဒီပြောရေးဆိုခွင့်ရှိသူ ဦးလွင်က “တိုင်းပြည်ရဲ့ကိစ္စအတွက်လုပ်တာဘဲ။ တိုင်းပြည်အခြေအနေသိပ်ဆိုးနေလို့ ဒါကိုအခြေအနေကောင်းလာအောင် ကျနော်တို့က ပြေရာပြေကြောင်းပူးပေါင်းဆောင်ရွက်ရတဲ့သဘောပဲ။ အဲ့ဒီသဘောကို သူတို့လည်းကျော်လွှားလို့မရဘူး။ ကျနော်တို့လည်း ကျော်လွှားလို့မရဘူး”ဟု ဆိုသည်။

အဲန်အယ်လ်ဒီ၏ ပြည်ထောင်စုနေ့တောင်းဆိုချက်ကို ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (စီအာရ်ပီပီ) က သဘောမတူဘူးဆိုသောမီဒီယာများ၏ ထုတ်လွှင့်ချက်များနှင့်ပတ်သက်၍ (စီအာရ်ပီပီ) အဖွဲ့ဝင်၊ တိုင်းရင်းသားများမဟာမိတ်အဖွဲ့ (ယူအဲန်အေ) ၏ ပြောရေးဆိုခွင့်ရှိသူ ပူကျင်ရှင်းထန်က မဟုတ်မှန်ကြောင်း ငြင်းဆိုလိုက်ပြီး၊ တိုင်းပြည်အတွက် မှန်ကန်သောလုပ်ရပ်ဖြစ်၍ စီအာရ်ပီပီကကြေညာချက်အပေါ် ထောက်ခံသည်ဟုဆိုသည်။

သူကဆက်လက်၍ ပြည်ထောင်စုနေ့ကြေညာချက်ကို အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေက လက်ရေးမူရင်းဖြင့်သာ ဖတ်ကြားခဲ့ရပြီး၊ အခြေအနေအရ စီအာရ်ပီပီကို အချိန်မတန်ခင် ကြိုတင်အသိမပေးနိုင်ခဲ့ခြင်းတွင်လည်း အကျိုးအကြောင်းရှိသည်ဟု ရှင်းပြသည်။

သံတမန်နှင့် နိုင်ငံရေးအသိုင်းအဝိုင်းက

စာမျက်နှာ (၁၈) ကော်လံ (၁) သို့....

ကြေညာချက်အနှစ်ချုပ်

(၁) နအဖသည် (De facto) ဥပဒေအရမဟုတ်ဘဲ လက်တွေ့အုပ်ချုပ်သောကောင်စီဖြစ်သဖြင့် (De jure) ဥပဒေအရ အုပ်ချုပ်သောကောင်စီဖြစ်လာရန်ကြေညာပေးရန်။

(၂) (၁၉၉၀) ပြည့်ရွေးကောက်ပွဲက ရွေးချယ်တင်မြှောက်လိုက်သော လွှတ်တော် ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသော ပြည်သူ့လွှတ်တော်ကိုခေါ်ယူပေးရန်။

(၃) လွှတ်တော်ကအတည်ပြုပေးလိုက်သောနအဖအစိုးရသည် အသွင်ကူးပြောင်းရေး ကြားကာလအတွက်တာဝန်ယူရန်။

(၄) ဒေါ်အောင်ဆန်းစုကြည်ကိုပြန်လွှတ်ပေးပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်သော နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်ဆောင်ရွက်ခွင့်ပေးရန်။

(၅) အမျိုးသားရင်ကြားစေ့ရေးအတွက်တွေ့ဆုံဆွေးနွေးရာတွင် လိုအပ်လျှင် အာဆီယံအသင်းက အများယုံကြည်လက်ခံသော နိုင်ငံခေါင်းဆောင်ကို ဖြန်ဖြေမည့်ပုဂ္ဂိုလ်အဖြစ် ပါဝင်စေရန်။

(၆) နအဖအနေနှင့် အကြံပြုချက်ကို (၁၃၆၈) ခုနှစ် မြန်မာနှစ်ဆန်းတရက်နေ့မတိုင်မီ အကောင်အထည်ဖော်ရန်။

မင်းဆိုးကို မိုးကြိုး ပစ်ပြီ

## အယ်ဒီတာ့အာဘော်

# ဒေသဆိုင်ရာအင်အားနိုင်ငံစုဖြစ်ထွန်းရေး

သက္ကရာဇ် (၂၀၀၆) ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း၌ အာဆီယံနိုင်ငံ (၁၀) နိုင်ငံအနက် ဖိလစ်ပိုင်နှင့်ထိုင်းနိုင်ငံတို့တွင် နိုင်ငံရေးမတည်ငြိမ်မှု အရိပ်အယောင်များ ပျက်ပျက်ထင်ထင်မြင်တွေ့နေရသည်။ ဖိလစ်ပိုင်၌ လက်ရှိအစိုးရအား မကျေနပ်သူ စစ်တပ်နှင့်ရဲဘက်မှပုဂ္ဂိုလ်တချို့က အာဏာသိမ်းရန်ကြိုးပမ်းမှုများဖြစ်ပွားသကဲ့သို့ ထိုင်းနိုင်ငံတွင်လည်း သက်ဆင်ရှင်နာဝပ်အစိုးရနုတ်ထွက်ပေးရန် လူထုနည်းဖြင့် ပြင်းပြင်းထန်ထန် ဖိအားပေးမှုများသည် ထိုင်းနိုင်ငံစာစောင်များတွင်သာမက ကမ္ဘာ့မီဒီယာကြီးများ၏ (Hard News) များဖြစ်လာသည်။ ယင်းကိစ္စများ၏ဖြစ်ရပ်များသည် မြန်မာနိုင်ငံအပေါ်လည်းကောင်း၊ အာဆီယံနိုင်ငံများအပေါ်လည်းကောင်း မည်သို့သောအကျိုးသက်ရောက်မှုများရှိနိုင်သည်ကို ဆန်းစစ်ရန်လိုအပ်ပေသည်။

စစ်အေးလွန်ခေတ်၏ နိုင်ငံတကာအခြေအနေကို အဓိကမောင်းနှင်နေသော အခြေအနေတရပ်မှာ ဝန်ရိုးတခုကိုဗဟိုပြုနေသော (Unipolarization) နှင့် ဝန်ရိုးစုံဗဟိုပြုနေသောစနစ် (Multipolarization) တို့၏ အားပြိုင်မှုဖြစ်သည်။ နိုင်ငံကြီးငယ်မဟူ နိုင်ငံတိုင်းသည် လိုလားသည်ဖြစ်စေ၊ မလိုလားသည်ဖြစ်စေ ယင်းစနစ်နှစ်ရပ်အားပြိုင်မှု၏ဘက်နှစ်ဘက်အစွန်း တဖက်ဖက်တွင် တိုက်ရိုက်အရသော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ပါဝင်နေကြသည်။ ယင်းအခြေအနေပေါ်မူတည်၍ သက်ဆိုင်ရာအစိုးရတို့သည် နိုင်ငံတကာဆက်ဆံရေးမူဝါဒများကို ၎င်းတို့အကျိုးစီးပွားနှင့်ယှဉ်၍ချမှတ်နေကြရသည်။

မြန်မာနိုင်ငံအပါအဝင် နိုင်ငံငယ်များသည် တသီးတသန့်နေ၍မရ။ ဖော်ပြပါအားပြိုင်မှုကို ရှောင်လွှဲမရသည့်အတွက် ဘက်တဖက်မှ ပါဝင်ကြရလေ့ရှိသည်။ ထိုအခါ (၂၅) နိုင်ငံပေါင်းစည်းပါဝင်သော (EU) ဖြစ်ပေါ်လာသည်။ ယခုအခါ (၁၀) နိုင်ငံပေါင်းစည်းပါဝင်နေပြီဖြစ်သော (Asean) အသင်းသည်လည်း လွန်ခဲ့သောနှစ် (၄၀) နီးပါး စတင်ဖွဲ့စည်းစဉ်က ရည်ရွယ်ချက်များထက် ယနေ့ကာလတွင်ပို၍ လက်တွေ့ကျသော၊ အသက်ဝင်သော ဘုံအကျိုးစီးပွားကိုဖော်ဆောင်နိုင်သည့် မူဝါဒများချမှတ်ကြရသည်။ အနှစ်သာရအရ ပွင့်လင်းစွာထုတ်ဖော်ပြောဆိုကြသော်လည်း ဝန်ရိုးစုံဗဟိုပြုစနစ် အကောင်အထည်ဖော်ရေးအစီအစဉ်အောက်တွင် စစ်ရေး၊ စီးပွားရေးခွန်အားတစုံတရာရှိသော ဝန်ရိုးနိုင်ငံများအဖြစ် အနာဂတ်တွင်ရပ်တည်လာရေးအတွက် လိုအပ်သောစုစည်းမှုများကို အခြေအနေပေးသလိုလုပ်ဆောင်လာကြသည်ကိုတွေ့မြင်နေကြရသည်။

အာဆီယံအပါအဝင် အီးယူစသည့် ဝန်းရိုးစုံဗဟိုပြုစနစ်ပေါ်ထွန်း ရေးကြိုးပမ်းမှုများသည် မထူးခြားနားသောအသွင်သဏ္ဍာန်များအောက်တွင် အကန့်အသတ်ကြီးမားနေဆဲဖြစ်သည်။ ပြီးခဲ့သည့်လအတွင်း ထိုင်း၊ ဖိလစ်ပိုင်တို့တွင်ဖြစ်ပျက်နေသောဖြစ်စဉ်များသည် တနိုင်ငံချင်း၏ ထူးခြားသောလက္ခဏာသက်သက်မဟုတ်ဘဲ ကမ္ဘာ့စနစ်နှစ်ရပ်၏ အားပြိုင်မှုနှင့်ဆက်နွယ်ပတ်သက်နေသည်။ အင်ဒိုနီးရှား၊ မလေးရှား၊ စင်္ကာပူ၊ ဗီယက်နမ်၊ လော၊ ကမ္ဘောဒီးယားတို့တွင်လည်း ဝန်ရိုးစုံစနစ်ကိုကိုယ်စားပြုသည့် ဒေသဆိုင်ရာအင်အားနိုင်ငံစု (Region Power) ဖြစ်လာရေးကို တားဆီးနှောက်ယှက်မှုများရှိနေဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင်မူ အဆိုးရွားဆုံးသောအခြေအနေရှိနေဆဲဖြစ်ပြီး၊ ယင်းအခြေအနေသည် အာဆီယံတခုလုံး၏အကျိုးစီးပွားအတွက် ကြီးမားသောအနှောင့်အယှက်ဖြစ်လာလေသည်။ ဝင်ရိုးတခုတည်းသော ကမ္ဘာစနစ်ကိုပယ်ဖျက်ပြီး၊ ဝန်းရိုးစုံကမ္ဘာ့စနစ်ကိုတည်ဆောက်ခြင်းသည် သက်ဆိုင်ရာနိုင်ငံတနိုင်ငံချင်းစီ၏ အမျိုးသားအကျိုးစီးပွားနှင့် တိုက်ရိုက်ကိုက်ညီနေသောကြောင့် ထိုင်း၊ ဖိလစ်ပိုင်၊ မြန်မာနိုင်ငံကဲ့သို့ နိုင်ငံများအနေနှင့် မလွဲအသွေကြိုးပမ်းရမည့်တာဝန်တရပ်ဖြစ်လာနေသည်။ ပထမအဆင့်ကြိုးပမ်းမှုအနေဖြင့် အေစီယံဒေသအားဒီမိုကရေစီပြည့်ဝသော၊ လူ့အခွင့်အရေးများအား အာမခံသောဒေသကြီးအဖြစ် ဝိုင်းဝန်းဖန်တီးရန်လိုအပ်ပေသည်။ အဘယ်ကြောင့်ဆိုသော် အာဆီယံတနိုင်ငံ၏အကျိုးစီးပွားသည် အခြားတနိုင်ငံ၏အကျိုးစီးပွားနှင့် တိုက်ရိုက်အချိုးကျသောကြောင့်ဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်း (၆၀) ခန့်က အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အမြော်အမြင်ကြီးစွာအဆိုပြုခဲ့သော အရှေ့တောင်အာရှနိုင်ငံများ စုပေါင်းနိုင်ငံဖြစ်ပေါ်ရေးကို အရှိန်အဟုန်ဖြင့်ကြိုးပမ်းထိုက်လှသည်။ ထိုသို့ဖြစ်ပေါ်ရေးတွင် အာဆီယံ၏ "ပြည်တွင်းရေးမစွက်ဖက်ရေးမူ"မှာ ဒေသတိုးတက်ခေတ်မီရေးအတွက် ကြီးမားသောအဟန့်အတားတရပ်ဖြစ်နေပါကြောင်းနှင့် ပိုမို၍လက်တွေ့ကျသော ပေါ်လစီသစ်ကို အာဆီယံနိုင်ငံများအနေနှင့် ချမှတ်ကျင့်သုံးသင့်ပါကြောင်းဖော်ပြရပေသည်။❖

# ပြည်သူ့လွှတ်တော် ကိုယ်စားပြုသည့်ကော်မတီ (စီအာပီပီ)၏ ကြေညာချက်

(၂၀၀၆) ခုနှစ်ဖေဖော်ဝါရီ (၂၃)ရက်
(၁၃၆၇)ခုနှစ်၊တပို့တွဲလပြည့်ကျော် (၁၁) ရက်

(၁) ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ အစည်းအဝေးကို (၂၀၀၆) ခုနှစ်ဖေဖော်ဝါရီ (၂၂) ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ ယင်းသို့ကျင်းပခဲ့ရာတွင် အောက်ပါပုဂ္ဂိုလ်များတက်ရောက်ခဲ့ကြပါသည်။
(၁) ဦးအောင်ရွှေ၊ (၂) ဦးလွင်၊ (၃) နိုင်ထွန်းသိန်း၊ (၄) ပုကျင့်ရှင်းထန်၊ (၅) ထောင်ခိုထန်း၊(၆) ဦးအေးသာအောင် (၇) ဦးသန်းထွန်း၊ (၈)ဦးလှဖေ၊ (၉)ဦးစိုးမြင့် ၊ (၁၀) ဦးလွန်းတင်၊ (၁၁)ဦးညွန့်ဝေ၊ (၁၂)ဦးစိုးဝင်း၊ (၁၃) ဦးသိန်းဖေ တို့တက်ရောက်ခဲ့ပါသည်။

(၂-က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က (၂၀၀၆)ခုနှစ်ဖေဖော်ဝါရီလ (၂၂)ရက်နေ့၊ ပြည်ထောင်စုနေ့တွင် ထုတ်ပြန်ခဲ့သည့်အထူးကြေညာချက်ပါ အချက်များနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဝင်များက ရှင်းလင်းတင်ပြခဲ့ပါသည်။
(၂-ခ) ဤသို့ရှင်းလင်းတင်ပြချက်များကို အစည်းအဝေးတက်ရောက်လာကြသည့် ပုဂ္ဂိုလ်များအားလုံးက သဘောတူလက်ခံကြပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ
ရန်ကုန်မြို့။

# ဦးတင်ဦးကို နေအိမ်အကျယ်ချုပ်သက်တမ်းတိုးသည့်အပေါ် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အပြစ်တင်

(၂၀၀၃ ) ခုနှစ်မေလ၊ ဒီပဲယင်းအရေးအခင်းပြီးကတည်းက ဖမ်းဆီးခံထားရသူ အဲန်အယ်လ်ဒီ ဒု-ဥက္ကဋ္ဌ ဦးတင်ဦးကို နအဖက နေအိမ်အကျယ်ချုပ်သက်တမ်း ထပ်တိုးလိုက်သည့်အပေါ် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး (Amnesty International) က ကြေညာချက်ထုတ်ပြန်ဝေဖန်လိုက်သည်။

လန်ဒန်အခြေစိုက် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက ထုတ်ပြန်သော အစီရင်ခံစာတွင် အသက် (၇၈) နှစ်အရွယ်အတိုက်အခံခေါင်းဆောင်ကို နအဖကပြီးခဲ့သည့် ဖေဖော်ဝါရီလ (၁၄) ရက်နေ့ကစ၍ နောက်ထပ် နေအိမ်အကျယ်ချုပ်သက်တမ်းတိုးလိုက်ခြင်းကို ဥပဒေမဲ့လုပ်ရပ်အဖြစ် ဖော်ပြထားသည်။

ထို့အပြင်အဖွဲ့ကြီး၏ အစီရင်ခံစာတွင် မကြာသေးခင်က ထောင်ဒဏ်သက်တမ်းတိုးခံလိုက်ရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်းနှင့် ဒေါက်တာ မေဝင်းမြင့်တို့၏ အမည်များကိုလည်း ဖော်ပြထားသည်။

နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်၏ အစီရင်ခံစာတွင် ဦးတင်ဦး၊ ဒေါက်တာသန်းငြိမ်းနှင့် ဒေါ်မေဝင်းမြင့်တို့ကိုရည်ညွှန်း၍ "အသက်အရွယ်ကြီးရင့်နေကြပြီး၊ ကျန်းမာရေးအခြေအနေလည်းဆိုးရွားနေသောအဆိုပါ အမျိုးသားဒီမိုကရေစီခေါင်းဆောင် (၃) ဦးကို နအဖက မတရားဖမ်းဆီးထားခြင်းသာဖြစ်သည်"ဟု ဖော်ပြထားသည်။

ထို့အပြင် အဖွဲ့ကြီးက ပြည်သူများ၏ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခွင့်ကို ပိတ်ပင်ထားသောနအဖ၏ 'နိုင်ငံတော်လုံခြုံရေးအက်ဥပဒေနှင့် (၁၉၇၅) ခုနှစ်တွင် ထုတ်ပြန်သောနိုင်ငံတော်အားကာကွယ်သည့် ဥပဒေ' များကိုဖျက်သိမ်းပေးရန် နအဖကိုတောင်းဆိုထားသည်။

ဦးတင်ဦးသည် (၂၀၀၃) ခုနှစ်မေလ၊ 'ဒီပဲယင်းနိုင်ငံရေးလုပ်ကြံမှု' ပြီးကတည်းက ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ အဖမ်းခံနေရပြီး၊ ထိုစဉ်က ကလေးအကျဉ်းထောင်တွင် အတန်ကြာထိန်းသိမ်းခံခဲ့ရသည်။ အာဏာပိုင်များသည် ပြီးခဲ့သည့်လ (၁၄) ရက်နေ့က ဦးတင်ဦးအိမ်သို့သွားရောက်၍ နောက်ထပ်နေအိမ်အကျယ်ချုပ်သက်တမ်းတိုးကြောင်း အကြောင်းကြားခဲ့သည်။

နအဖသည် မြန်မာဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ပြီးခဲ့သည့်ဒီဇင်ဘာလတွင် နေအိမ်အကျယ်ချုပ်သက်တမ်း (၆) လ တိုးခဲ့သည်။ အဲန်အယ်လ်ဒီပြောခွင့်ပြောရသူ ဦးလွင်က "အကျယ်ချုပ်သက်တမ်း (၁) နှစ် တိုးတာပဲဖြစ်ဖြစ်၊ (၆) လ တိုးတာပဲဖြစ်ဖြစ်၊ ဒါက သူတို့အပေါ်မှာပဲမူတည်တာပဲ။ သူတို့ လွှတ်ပေးချင်ရင်လည်း ချက်ချင်းလွှတ်ပေးလို့ရတယ်" ဟုဆိုသည်။
❖

## မြန်မာနှင့်မြောက်ကိုရီးယား သံတမန်ဆက်ဆံရေးပြန်စတော့မည်



# “ ဖြစ်စေချင်တဲ့ဟာတွေကို လက်တွေ့ လုပ်နေတယ်၊ အခြေအနေ ပေးသလိုလုပ်နေတယ် ”



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်

မေး။ ။ အန်ကယ်တို့ ပြည်ထောင်စုနေ့က ကြေညာချက်နဲ့ပတ်သက်ပြီး ပြည်သူ့လွှတ်တော်ခေါ်ယူပေးဖို့ တောင်းဆိုခဲ့တာကို အဲ့ဒီအကြောင်းလေးကို ရှင်းပြပေးပါလား ခင်ဗျာ။

ဖြေ။ ။ ကျနော်တို့က ရှင်းရှင်းလေး ရေးထားတာပါ။ လွှတ်တော်ခေါ်ယူပေးလို့ ရှိရင် ကျနော်တို့က သူတို့ကို (De jure) လုပ်ပေးမယ်။ အဲ့ဒါက လွှတ်တော်ကသာလျှင် လုပ်ပေးနိုင်တာကြောင့် လွှတ်တော်ခေါ်ပေးပါ။ အဲ့ဒါ ရှင်းနေတာပဲ၊ အရင်တုန်းက ဒီအချက်ကမပါဘူး။

မေး။ ။ ဟုတ်ကဲ့ အရင်ကတောင်းဆိုတာနဲ့ အခုတောင်းဆိုချက်နဲ့ ကွာခြားတယ်ပေါ့ခင်ဗျာ။

ဖြေ။ ။ ကွာခြားတယ်။ အခုဟာက တောင်းဆိုတာက သူတို့က ဒီလိုအစီအစဉ် လုပ်ပေးရင် ကျနော်တို့က ဟော့လို ဟော့လို လုပ်ပေးနိုင်တာကိုပြောတာ။ အဲ့တော့ သူတို့ကပထမ (Initiate) လုပ်ပေးရမှာက လွှတ်တော်ခေါ်ပေးဖို့လုပ်ရမယ်။ လွှတ်တော်ခေါ်မပေးရင် ဘာလုပ်ကြမလဲ သူများတွေက ပြောကြတယ်။ ခေါ်မပေးရင်လည်း ကျနော်တို့လုပ်ရမည့်ကိစ္စက လွှတ်တော်ခေါ်ပေးမှ လုပ်ပေးနိုင်တာကိုး.... အဲ့တော့သူတို့က လွှတ်တော်ခေါ်မပေးနိုင်ရင်လည်း ရှေ့လျှောက်လုပ်ဖို့ဆိုတာက အစီအစဉ်အတိုင်း ဘယ်ဖြစ်လာမလဲ။ ရှင်းနေတာပဲ။

မေး။ ။ ဟုတ်ကဲ့ အန်ကယ်တို့ အရင်ကနဲ့မတူဘဲ အခုတောင်းဆိုချက်ကို အရင်ကထက်ပိုပြီး အဆင့်မြှင့်တောင်းဆိုလိုက်တာက ဘာကြောင့်လဲခင်ဗျား။

ဖြေ ။ ။ ဘာကြောင့်လဲဆိုရင် တိုင်းပြည်ရဲ့ကိစ္စအတွက်လုပ်တာဘဲဗျ။ တိုင်းပြည်အခြေအနေသိပ်ဆိုးနေလို့ ဒါကိုအခြေအနေကောင်းလာအောင် ကျနော်တို့က ပြေရာပြေကြောင်း ပူးပေါင်းဆောင်ရွက်ရမဲ့ သဘောရှိတယ်။ အဲ့ဒီသဘောကို သူတို့လည်း ကျော်လွှားလို့မရဘူး။ ကျနော်တို့လည်း ကျော်လွှားလို့မရဘူး။

မေး။ ။ ဟုတ်ကဲ့ ဒါအပြုသဘောပိုပြီး တော့ကမ်းလှမ်းလိုက်တဲ့သဘောပေါ့ဗျ။

ဖြေ။ ။ ဟုတ်ပါတယ်။

မေး။ ။ အန်ကယ်တို့ အခုလိုကမ်းလှမ်းလိုက်တာနဲ့ပတ်သက်လို့ ပြည်တွင်းနိုင်ငံရေးသမားတချို့က သူတို့ကို မတိုင်ပင်လို့ဆိုပြီးတော့ ဘာကြောင့်များပါလည်းခင်ဗျာ။

ဖြေ။ ။ အဲ့ဒါကျနော်ပြောမယ်။ ရှင်းရှင်းလေးပဲ။ အခုကျနော်တို့လုပ်တဲ့ကိစ္စက လွှတ်တော်ခေါ်ပေးမှ လွှတ်တော်ကလုပ်နိုင်တဲ့ အာဏာကိုလုပ်ပေးနိုင်ခွင့်ကိုသုံးပြီး၊ သူတို့ကို ( De facto) ကနေ ( De jure ) အဖြစ် လုပ်ပေးမယ်။ ခပ်တိုတိုပြောရင် လွှတ်တော်ကိုတာဝန်ယူပြီးတော့ ဦးစီးဆောင်ရွက်နိုင်တဲ့ဟာက တိုင်းရင်းသားရော ဘာရော အကုန်လုံးမဟုတ်ဘူး။ လွှတ်တော်မှာ တာဝန်ယူပြီးဆောင်ရွက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်အများစုရထားတဲ့အတွက် အဲန်အယ်လ်ဒီက ဦးဆောင်ရမှာပဲ။ ရှင်းနေတာပဲ။

မေး။ ။ ခါတိုင်းတော့ သူတို့ကိုတိုင်ပင်တယ်ဆိုတဲ့သဘောပေါ့ ။

ဖြေ။ ။ တိုင်ပင်တယ်ဆိုတာက တိုင်ပင်နိုင်တဲ့အချိန်မှာတိုင်ပင်တယ်။ တိုင်ပင်လို့ အခြေအနေမပေးသေးရင် တိုင်ပင်စရာအကြောင်းမရှိဘူး။ သို့သော်ဒီဥစ္စာက ကျနော်တို့ တီးခေါက်ကြည့်ပြီးသားပါ။ လက်ခံနိုင်တဲ့အခြေအနေရှိလို့ဒါလုပ်တာ။ လွှတ်တော်ကိုယ်စားပြုကော်မတီအနေနဲ့ အခြေအနေကို ကျနော်ခင်ဗျားကို ကျနော်ရှင်းအောင်ပြောရရင် လွှတ်တော်ကိုယ်စားပြုကော်မတီကို အစိုးရကဘယ်တုန်းကမှ အသိအမှတ်မပြုခဲ့ဘူး။ အဲန်အယ်လ်ဒီရဲ့ရုံးထဲမှာ အစည်းအဝေးလုပ်တာကိုတော့ သူတို့ခွင့်ပြုတယ်။ ဒီနေရာမှလွဲရင် ဘယ်နေရာမှအစည်းအဝေးသွားလုပ်လို့မရဘူး။ လွှတ်တော်ကိုယ်စားပြုအနေနဲ့လှုပ်ရှားတာကို သူတို့က အဲန်အယ်လ်ဒီထဲမှာပဲ လုပ်ခွင့်ပြုတယ်။ ဒါက သူအတိုင်းအတာအခိုက်အတန့်နဲ့ သူတို့ခွင့်ပြုထားတယ်ဆိုတာပြောပြီးသား၊ ဒါဟာ အတွင်းရေးတွေကို ကျနော်အခုမှပြောရတာ။ တော်တော်လေးအခြေအနေက ခင်ဗျားတို့မြင်တဲ့အတိုင်း မီဒီယာတွေက သိပ်ပြီးတော့အကြပ်ကိုင်ပြောလို့ကျနော်ပြောတာ။ သဘောပေါက်လားမသိဘူး။

ပြည်ပကလူတွေကို ကျနော်က တောင်းပန်ချင်တာက ခင်ဗျားတို့လည်း အပြင်ကနေဘာမှလာပြီး အကူအညီပေးနိုင်တာမဟုတ်ဘူး။ ကျနော်လက်တွေ့ပြောတာ။ ဖြစ်စေချင်တဲ့ဟာတွေကို ခင်ဗျားတို့လည်းမလုပ်နိုင်ဘူး။ ကျနော်တို့က လက်တွေ့လုပ်နေရတယ်။ လုပ်နေရတော့ အခြေအနေပေးသလိုလုပ် မယ်။ ခင်ဗျားတို့အပြင်ကလူတွေလို တိုက်ရိုက်လုပ်လို့မရဘူး။

မေး။ ။ ဟုတ်ကဲ့ သဘောပေါက်ပါတယ်။ အန်ကယ်တို့အရင်က အစိုးရပိုင်းနဲ့တချို့တစုံတရာတဆင့်ဆက်သွယ်တာရှိတယ်ဆိုတာ ဒီကိစ္စနဲ့ပါတ်သက်ပြီးတော့ ပြောတာဆိုတာကောမရှိဘူးလားခင်ဗျာ။

ဖြေ။ ။ မရှိဘူး။

မေး။ ။ ဒါပေမယ့် အန်ကယ်ဒီကိစ္စက ဖြစ်နိုင်တဲ့အတွက် ထုတ်လိုက်တာဖြစ်တယ်ပေါ့။

ဖြေ။ ။ ဖြစ်နိုင်တယ်အခြေအနေရှိလို့ ဒါစမ်းလိုက်တာဘဲ။

( ပြည်ထောင်စုနေ့ ကြေညာချက်နှင့်ပတ်သက်၍ အဲန်အယ်လ်ဒီပြောခွင့်ရသူ ဦးလွင်နှင့် ဗွီအိုအေ ၁၆၊၂၊၂၀၀၆ ရက်နေ့ မေးမြန်းချက်ကို ပြန်လည်ဖော်ပြပါသည်။)

❖

# နအဖ၏အဲန်အယ်လ်ဒီအမြစ်ပြုတ်နှိပ်ကွပ်ရေးကြောင့် ကျောင်းသားများနစ်နာ

ကရင်ပြည်နယ် ဘားအံမြို့နယ် လွှတ်တော်ကိုယ်စားလှယ် နန်းခင်ထွေးမြင့်၏ ခင်ပွန်းဖြစ်သူ ဦးသန့်ဇင်ဖွင့်လှစ်ထားသည့် ‘မြရွက်ဝါ’ ကျူရှင်ကို နအဖအာဏာပိုင် များက ဖေဖော်ဝါရီလ (၂) ရက်နေ့က ပိတ်လိုက်ကြောင်းသိရှိရသည်။

အာဏာပိုင် များ၏ခွင့်ပြုချက်ဖြင့် နှစ်အတန်ကြာဖွင့်ခဲ့ပြီးသော ယင်းကျူရှင်ကို ဥပဒေနှင့် ကိုက်ညီမှုမရှိဟုဆိုကာ မြို့နယ်ပညာရေးမှူးက တရားဝင်စာထုတ်ပြီးပိတ်ခဲ့ခြင်းဖြစ်သည်ဟုသိရသည်။ ယင်းသို့ပိတ်ခဲ့သည်သာမက ယင်းကျူရှင်တွင်တက်ရောက် သင်ကြားနေသော (၁၀) တန်းကျောင်းသားများကိုပါ အာဏာပိုင်များက

ယခုကဲ့သို့ ဦးသန့်ဇင်၏ကျူရှင်ကို အာဏာပိုင်များက အကြောင်းပြချက်မခိုင်လုံဘဲ ရုတ်တရက်ပိတ်လိုက်ခြင်းသည် ဇနီးဖြစ်သူ လွှတ်တော်ကိုယ်စားလှယ် နန်းခင်ထွေးမြင့်အပေါ် ဖိအားပေးခြင်းတခုဖြစ်နိုင်သည်ဟု အဖွဲ့ချုပ်မှသုံးသပ်သည်။

နန်းခင်ထွေးမြင့်က “ကျမ ပြောတာက ဥပဒေနဲ့အညီ ဆောင်ရွက်တယ်ဆိုရင် ဥပဒေ



ဘားအံမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နန်းခင်ထွေးမြင့်နှင့် အဲန်အယ်လ်ဒီ ဒု-ဥက္ကဋ္ဌ

စစ်ဆေးမေးမြန်းမှုများပြုလုပ်ခဲ့သည်ဟု ဦးသန့်ဇင်က ဗွီအိုအေနှင့်ဒီဗွီဘီ အသံလွှင့်ဌာနများသို့ပြောပြခဲ့သည်။

“သင်တန်းကြေးတွေ ပြန်အမ်းရဲ့လား၊ ကျူရှင်တက်ဖို့အဆင်ပြေရဲ့လား၊ ဘာကူညီဖို့လိုအပ်သလဲ”ဆိုသောမေးခွန်းမျိုးကို ထိုကျောင်းသားများ၏ နေအိမ်များသို့ ညသန်းခေါင်ကျော် လူခြေတိတ်ချိန်တွင်မှသွားရောက်ပြီးမေးမြန်းသည့်အတွက် ယင်းကျောင်းသားများနှင့် မိသားစုများပါကြောက်ရွံ့ထိတ်လန့်ကြရသည်။ ထိုမျှနှင့်မပြီးသေးဘဲ ကျောင်းသားများကျောင်းတက်ချိန်တွင်မှာပါ အကြိမ်ကြိမ်သွားရောက်မေးမြန်းကြသောကြောင့် စာမေးပွဲနီးကပ်နေသော ထိုကျောင်းသားများအတွက် စိတ်အနှောင့်အယှက်ဖြစ်နေကြသည်။

ယခုကဲ့သို့ (၁၀) တန်းစာမေးပွဲနီးချိန်တွင်မှ ကျူရှင်ကိုပိတ်လိုက်ရသည့်အတွက် ကျောင်းသားများ၏ပညာရေး အလွန်ထိခိုက်နစ်နာစေသည်ဟု ဦးသန့်ဇင်က ဆိုသည်။

နဲ့အညီ အားလုံးကိုတပြေးညီဆောင်ရွက်တယ်ဆိုရင်လက်ခံနိုင်ပါတယ်။ သူတို့သင်တန်းဖွင့်ခွင့်ပေးလို့ ဆရာကလဲဖွင့်တာပေါ့။ အခုကျတော့ သူတို့ကပိတ်လိုက်တယ်ဆိုတော့ ဒီလောက်စာမေးပွဲနီးနေတာ ကလေးတွေရဲ့ပညာရေးအနာဂတ်ကိုထည့်မတွက်ဘဲနဲ့သူတို့လုပ်ရက်တာကို ကျမကစိတ်မကောင်းဖြစ်တာပါ”ဟုပြောသည်။

ကျူရှင်လာတက်သော ကျောင်းသားအများစုသည် နယ်ကျေးရွာများမှဖြစ်ပြီးအာဏာပိုင်များက ကျောင်းသားမိဘများကို ၎င်းတို့၏ သားသမီးများကို ပြန်ခေါ်ရန်ဖိအားပေးနေသည်ဟုလည်းသိရသည်။

နအဖ အာဏာပိုင်များသည် အဲန်အယ်လ်ဒီကို အမြစ်ပြတ်ချေမှုန်းရမည်ဟူသောဗိုလ်ချုပ်မှူးကြီးသန်းရွှေ ညွှန်ကြားချက်ဖြင့် အဖွဲ့ချုပ်ဝင်များနှင့် ယင်းတို့၏မိသားစုဝင်များကိုနည်းမျိုးစုံဖြင့် ဒုက္ခပေးနေသည်ဟု အဖွဲ့ချုပ်ဝင်များကပြောဆိုသည်။

❖

(၁)

'(၅၉) နှစ်မြောက် ပြည်ထောင်စုနေ့မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အထူးကြေညာချက်တစောင် ထုတ်ပြန်လိုက်တယ်'ဆိုတဲ့ သတင်းဝင်လာတယ်။

ဘယ်လို ကြေညာချက်မျိုးလဲ။

ဘာ့ကြောင့် အထူးကြေညာချက်လို့ နာမည်ပေးရတာလဲ။

ကြေညာချက်ကို မမြင်ရသေးခင်မှာကိုပဲ ကျနော့်အဖို့တော့ စဉ်းစားစရာတွေတော်တော်ဖြစ်လာတယ်။

ပြီးခဲ့တဲ့ လွတ်လပ်ရေးနေ့မှာ.... အဲန်အယ်လ်ဒီက ဒီလိုတင်ပြခဲ့ဖူးတယ်။

'(၁၉၉၀) ခုနှစ် ရွေးကောက်ပွဲ အနိုင်ရပါတီကိုယ်စားလှယ်များရယ်၊ တိုင်းရင်းသားလူမျိုးစုများရဲ့ ကိုယ်စားလှယ်တွေရယ်၊ နအဖရယ်ပူးပေါင်းပြီး မဟာဦးဆောင်အဖွဲ့ဖွဲ့ရမယ်။ အဲဒီအဖွဲ့ကနေပြီး.... အသွင်ကူးက ....

(၁) နအဖအနေနဲ့ (၉၀) ရွေးကောက်ပွဲအနိုင်ရ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်တရပ်ခေါ်ယူပေးရမယ်။

(၂) အဲဒီလိုဆိုရင် အဲဒီလွှတ်တော်ကနေ နအဖစစ်အစိုးရကို (De jure) ဥပဒေအရ အုပ်ချုပ်သောကောင်စီဖြစ်လာစေရန် ကြေညာပေးမယ်။

(၃) ဒီအစိုးရရဲ့တာဝန်က.... ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့်ဖွဲ့စည်းတဲ့အစိုးရတရပ် ပေါ်ပေါက်လာသည်အထိ တာဝန်ယူပေးရမှာဖြစ်ပြီး သက်တမ်းကိုတော့ နအဖနှင့်လွှတ်တော်ညှိနှိုင်းသတ်မှတ်သွားမယ်။

(၃) ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေးဆွေးနွေးပွဲဖြစ်စဉ်ကြီးအတွင်းမှာ လွတ်လပ်စွာပါဝင်ခွင့်ပေးရမယ်။

(၄) အမျိုးသားပြန်လည် ရင်ကြားစေ့လား၊ ပါတီတွေအမျိုးမျိုးရှိကြတဲ့အတွက် စဉ်းစားချက်တွေအမျိုးမျိုး ရှိခွင့်ရှိပါတယ်။

တပါတီထဲမှာတောင် ဆုံးဖြတ်ချက်မချခင်အထိ မတူကွဲပြားတဲ့အမြင်တွေ၊ မတူကွဲပြားတဲ့ချဉ်းကပ်မှုတွေဆိုတာ ရှိနိုင်ကြတာပဲ။

ဘယ်လိုပဲ အမြင်ကွဲပြားပါစေ၊ လွတ်လပ်စွာကွဲလွဲခွင့်ရှိပါတယ်။ စိတ်စေတနာမှန်ကန်စွာကွဲလွဲကြဖို့သာ အရေးကြီးတာပါ။

(၃)

'နေရောင်အောက်က အရာရာတိုင်းကို သံသယမျက်လုံးများနှင့် ကြည့်ရမယ်' တဲ့။

'ဘယ်အရာကိုမှ အရမ်းယုံ အကန်းယုံ မယုံရဘူး၊ စူးစမ်းမှုရှိရှိ ဆင်ခြင်မှုရှိရှိကြည့်မြင်လေ့လာပြီးမှ ဆုံးဖြတ်ပါ ' တဲ့ 'အချက်အလက်မရှိရင် စကားမပြောပါနဲ့' တဲ့ ပညာရှိများရဲ့စကားတွေပါ။

လျောက် တိုင်းပြည်တွင် ရင်ဆိုင်ကြုံတွေ့နေရသော အကျပ်အတည်းအခက်အခဲများနှင့် အနာဂတ်တွင် ပိုမိုဆိုးဝါးလာနိုင်သည့် အခြေအနေတို့မှ လွတ်မြောက်နိုင်ရန် တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာ၍ အမျိုးသားပြန်လည်သင့်မြတ်ရေးကို တည်ဆောက်ရပေမည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို တည်ဆောက်နိုင်ရန်၊ နည်းလမ်းဖွင့်ပေးသည့် အနေဖြင့်....

(၁) နေအိမ်များတွင် အကျယ်ချုပ်ခံနေကြရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အား ခြွင်းချက်မရှိ အမြန်ဆုံးပြန်လည်လွှတ်ပေးရန်။

(၂) ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွန့်လွင်နှင့် အခြားတိုင်းရင်းသား အထည်ဖေါ်ဆောင်ရွက်ပေးပါရန် လေးနက်စွာတိုက်တွန်းလိုက်သည်'' တဲ့။

တွေ့ဆုံဆွေးနွေးရေးလုပ်ဖို့အတွက် လိုအပ်တဲ့ဒီမိုကရေစီဝန်းကျင်တခုကို အဲန်အယ်လ်ဒီဟာ ပြတ်ပြတ်သားသား တောင်းဆိုထားပါတယ်။

အဲဒီကြေညာချက်ထဲမှာပဲ.... (၂၀၀၃) ခုနှစ် ဧပြီလ (၂၃) ရက်နေ့က ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ပြောခဲ့တဲ့ဟောဒီစကားကို ပြန်ထည့်ပေးထားတာကိုတွေ့ရတယ်။

''ပင်လုံစိတ်ဓါတ်ဟာ တိုင်းရင်းသားများရဲ့စိတ်မှာ ရှင်သန်နေဆဲဖြစ်ပါတယ်။ စစ်မှန်တဲ့ပြည်ထောင်စုတခုကို လိုလိုလားလားထောက်ခံမယ်လို့ ကျမယုံကြည်ပါတယ်။ စစ်မှန်တဲ့ဒီမိုကရေစီပြည်ထောင်စုမှာဆိုရင် တကယ့်ကိုတန်ဘိုးရှိမယ့် နိုင်ငံသူ နိုင်ငံသားများဖြစ်မယ်ဆိုတာ ကျမသံသယမရှိပါဘူး။

# ခိုင်လည်းခိုင်မာ ညွတ်လည်းညွတ်ပြောင်း

ဇွန်မှိုင်း

ပြောင်းရေးကာလတခုကို တာဝန်ယူသွားပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွေကို ဆောင်ရွက်သွားကြမယ်' တဲ့။

ဒီတင်ပြချက်က အခုထွက်တဲ့ အထူးကြေညာချက်နဲ့ ဘယ်လိုဆက်စပ်နေသလဲ၊ ကျနော့်အတွက် စဉ်းစားစရာတခုဖြစ်လာတယ်။

ပြီးတော့ သိပ်မကြာခင် တနင်္ဂနွေတညနေမှာ....

'(၂၀၀၆) မှာ .... အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဘာတွေလုပ်ဖို့အစီအစဉ်တွေချထားပါသလဲ ' ဆိုတဲ့ ဘီဘီစီအင်တာဗျူးမေးခွန်းနဲ့ပတ်သက်ပြီး အန်အယ်လ်ဒီရဲ့ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက ဒီလိုဖြေခဲ့တယ်။

' ကျနော်တို့မှာ အစီအစဉ်တွေရှိပါတယ်။ ဘယ်အဆင့်ရောက်ရင် ဘာလုပ်ရမယ်။ ဘယ်အခြေအနေရောက်ရင် ဘာတွေဆက်လုပ်ရမယ်ဆိုတာ အဆင်သင့်ပြင်ထားပြီးပါပြီ ' တဲ့။

ဒါဆို ....

ဒီနေ့ ထုတ်ပြန်လိုက်တယ်ဆိုတဲ့ကြေညာချက်က ဘယ်လိုဖြစ်နိုင်မလဲ။

(၂)

နောက်တနေ့ မနက်မလင်းတလင်းမှာ ကြေညာချက်အပြည့်အစုံကို လေ့လာခွင့်ရပါတယ်။ အဲဒီကြေညာချက်ရဲ့ အနှစ်သာရ

> **ဒီကြေညာချက်ပါ အချက်အလက်တွေနဲ့ပတ်သက်ပြီး... အင်အားစုတွေအကြားမှာ သဘာဝကျစွာပဲ စဉ်းစားချက်တွေအမျိုးမျိုးပေါ်ခဲ့ကြတယ်။ ကြိုဆိုမလား၊ ထောက်ခံမလား၊ စောင့်ကြည့်မလား၊ ဒါမှမဟုတ် ကန့်ကွက်မလား၊ ဒီလိုမှမဟုတ်သေးရင် ပြင်းထန်စွာရှုတ်ချမလား၊ ပါတီတွေအမျိုးမျိုးရှိကြတဲ့အတွက် စဉ်းစားချက်တွေအမျိုးမျိုးရှိခွင့်ရှိပါတယ်။ တပါတီထဲမှာတောင် ဆုံးဖြတ်ချက်မချခင်အထိ မတူကွဲပြားတဲ့အမြင်တွေ၊ မတူကွဲပြားတဲ့ချဉ်းကပ်မှုတွေဆိုတာ ရှိနိုင်ကြတာပဲ။ ဘယ်လိုပဲအမြင်ကွဲပြားပါစေ၊ လွတ်လပ်စွာကွဲလွဲခွင့်ရှိပါတယ်။ စိတ်စေတနာမှန်ကန်စွာကွဲလွဲကြဖို့သာ အရေးကြီးတာပါ။**

ရေးအတွက် တွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်အတွင်း စောင့်ကြည့်အကဲခတ်ဖျန်ဖြေပေးမယ့်သူဟာ အာဆီယံအဖွဲ့ကြီးအတွင်းမှ အများလက်ခံနိုင်တဲ့ ခေါင်းဆောင်ဖြစ်သင့်ပါတယ်တဲ့။

(၅) ဒါ့ကြောင့် (၂၀၀၆) ဧပြီ (၁၇) မြန်မာနှစ်ဆန်း (၁) ရက်နေ့မှာ.... နိုင်ငံရေးအခြေအနေကောင်းများကို ဖန်တီးပေးစေလိုပါတယ်တဲ့။

အထူးကြေညာချက်ဟုတ်ပေတာပဲ။ တင်ပြချက်တွေကတိကျပြီး ပြေပြစ်မှုလည်းရှိသလိုရဲတင်းမှုလည်းရှိတယ်။

ဒီကြေညာချက်ပါ အချက်အလက်တွေနဲ့ပတ်သက်ပြီး.... အင်အားစုတွေအကြားမှာ သဘာဝကျစွာပဲ စဉ်းစားချက်တွေအမျိုးမျိုးပေါ်ခဲ့ကြတယ်။

ကြိုဆိုမလား၊ ထောက်ခံမလား၊ စောင့်ကြည့်မလား၊ ဒါမှမဟုတ် ကန့်ကွက်မလား၊ ဒီလိုမှမဟုတ်သေးရင် ပြင်းထန်စွာရှုတ်ချမ

မြတ်စွာဘုရားသခင်ရဲ့ ကာလာမရွာသားတွေကို ဟောကြားခဲ့တဲ့ဒေသနာကို ကျနော်မကြာမကြာဖတ်ဖြစ်တယ်။

ကျနော်တို့ဟာ အရာကိစ္စတွေကို လေ့လာတဲ့အခါမှာ အချက်အလက်များကိုကြည့်ရမယ်။

အချက်အလက်များရဲ့လာရာနှင့် လားရာကို အကဲဖြတ်ရမယ်။

ကြည့်မြင်လေ့လာမှုက မပြည့်မစုံဖြစ်ခဲ့ရင် ဆုံးဖြတ်ချက်ကလည်း ပြည့်စုံမှန်ကန်နိုင်မယ် မဟုတ်ပေဘူး။

(၄)

ဒီလိုနဲ့ အဲန်အယ်ဒီရဲ့ အဲဒီပြည်ထောင်စုနေ့မှာပဲထုတ်ပြန်ခဲ့တဲ့ကြေညာချက် (၂) ဆိုတာကို ကျနော်ဆက်ပြီးလေ့လာဖြစ်တယ်။

အဲဒီကြေညာချက် (၂) မှာ ....

''နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တာဝန်ရှိသည့်အ ခေါင်းဆောင်များကို အကျဉ်းချထားခြင်းမှ ခြွင်းချက်မရှိ အမြန်ဆုံးပြန်လည်လွှတ်ပေးရန်။

(၃) နိုင်ငံရေးယုံကြည်ချက်ကြောင့် အကျဉ်းချခံနေကြရသော နိုင်ငံရေးသမားများအားလုံးကို ကန့်သတ်ချက်များမထားဘဲ အမြန်ဆုံး ပြန်လည်လွှတ်ပေးရန်။

(၄) ချိပ်ပိတ်ခြင်းခံထားရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြည်နယ်/တိုင်းနှင့်မြို့နယ်စည်းရုံးရေးအဖွဲ့ရုံးများအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးရန်။

(၅) (၁၉၉၀) ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပြီး ဖျက်သိမ်းခြင်းခံထားရသော တိုင်းရင်းသားပါတီများကိုပြန်လည်မှတ်ပုံတင်ခွင့်ပေး၍၊ လွတ်လပ်စွာစည်းရုံးလှုပ်ရှားခွင့်ပေးရန်။

(၆) ပြည်သူများ၏ မွေးရာပါအခွင့်အရေးများနှင့် ဒီမိုကရေစီအခွင့်အရေးများ ဖေါ်ထုတ်ပေးရန်တို့ကို အမြန်ဆုံးအကောင် တိုင်းရင်းသားများဟာ နက်နက်နဲနဲ သစ္စာတရားကြီးမားပြီး၊ ဒီသစ္စာတရားက မိမိတို့ကို အမှန်တကယ်ကာကွယ်မှုပေးပြီး မိမိတို့ရဲ့ အခြေခံအခွင့်အရေးများကို အာမခံမယ့် နိုင်ငံတခုအတွက် ရယူနိုင်မယ်ဆိုရင် ကျမတို့ နိုင်ငံတော်အတွက် တကယ့်ကိုတန်ဘိုးရှိမှာပါ။''

(၅)

ကျနော်စကားတခု ကြားဖူးတယ်။

''လူတယောက်၊ ဒါမှမဟုတ်အဖွဲ့အစည်းတခုရဲ့တန်ဖိုးကို အကဲဖြတ်တဲ့အခါ ....

သူပြောတဲ့ စကားတခွန်း၊ သူရေးတဲ့ စာတကြောင်းပေါ်မှာ အကဲမဖြတ်ရဘူး။

သူတလျှောက်လုံး ပြောခဲ့ဆိုခဲ့တဲ့စကားတွေ ၊ သူတလျှောက်လုံးရေးခဲ့သားခဲ့တဲ့စာတွေ ၊ သူတလျှောက်လုံး လုပ်ခဲ့တဲ့အလုပ်တွေ အပေါ်မှာ အကဲဖြတ်ရမယ်'' တဲ့။

ကျနော် ဒီစကားကို သဘောတူတယ်။

ဒါကြောင့်လည်း အဲန်အယ်လ်ဒီနှင့် ဒေါ်စုရဲ့တလျှောက်လုံး ဆောင်ရွက်ခဲ့တဲ့ အလုပ်တွေ၊ တလျှောက်လုံးပြောခဲ့တဲ့စကားတွေကိုကြည့်ပြီး ဒီအထူးကြေညာချက်ကို ချဉ်းကပ်ကြည့်ချင်တယ်။

ဒီအထူးကြေညာချက်ဟာ.... တိုင်းရင်းသားလူမျိုးစုများအရေးကို ပစ်ပယ်လိုက်ပြီလား။

စာမျက်နှာ (၁၈) ကော်လံ () သို့....

# ဒေါ်အောင်ဆန်းစုကြည်ကိုပြန်လွှတ်ပေးရန် ပြင်သစ်သမတတိုက်တွန်း



ပြင်သစ်သမတ ဂျက်ရှရက်

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ရှေးရှုသည့်အနေဖြင့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ပြန်လွှတ်ပေးရန် ပြင်သစ်သမတ ဂျက်ရှရက်က နအဖကိုတောင်းဆိုလိုက်သည်။

ထိုင်းနိုင်ငံဘန်ကောက်သို့ အလည်အပတ်ရောက်နေစဉ်၊ ပြီးခဲ့သည့်လ (၁၈) ရက်နေ့က ထိုင်းနိုင်ငံဝန်ကြီးချုပ် တက်ခ်ဆင်နှင့်ဆွေးနွေးရာတွင် မစ္စတာရှရက်က ယင်းကဲ့သို့ပြောကြားလိုက်ခြင်းဖြစ်သည်။

"မစ္စတာတက်ခ်ဆင်နဲ့ ဆွေးနွေးတုန်းမှာ မြန်မာ့ကိစ္စကိုကျနော်အလေးအနက်ပြောခဲ့တယ်။ နအဖရဲ့အာဏာရှင်ဆန်တဲ့ အမူအကျင့်တွေအပေါ်မှာ ကျနော်တို့ အတော်ပဲ စိုးရိမ်မိတယ်" ဟု သမတက သတင်းထောက်များကိုပြောသည်။

"အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်နဲ့နိုင်ငံရေးသမားတွေကို ဖမ်းဆီးထားတာဟာ ဘယ်လိုမှလက်ခံနိုင်စရာမရှိတဲ့ကိစ္စပါ။ မြန်မာ့ပြည်တွင်းရေးကို ဝင်စွက်တာမျိုးမဖြစ်စေဘဲနဲ့၊ နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးဖို့ကျနော်တို့ နအဖကို အရင်ကလည်း ကြိမ်ကြိမ်လည်းတောင်းဆိုခဲ့တယ်" မစ္စတာရှရက်ဆိုသည်။

ပြင်သစ်နိုင်ငံနှင့် အီးယူနိုင်ငံများက မြန်မာနိုင်ငံအပေါ်ထားသောပေါ်လစီပြောင်းလဲနိုင်စရာရှိသလားဆိုသောသတင်းထောက်များ၏မေးခွန်းကို မစ္စတာရှရက်က "နအဖဘက်က ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးမလုပ်မချင်း၊ ကျနော်တို့ရဲ့ရပ်တည်ချက်ဟာ အရင်အတိုင်းပါပဲ"ဟု ဆိုသည်။

အမေရိကန်ပြည်ထောင်စုသည် ပြင်သစ်နိုင်ငံက အမြဲတမ်းအဖွဲ့ဝင်အဖြစ်ပါဝင်သော ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာ့ကိစ္စကို အရေးယူဆောင်ရွက်ရန် တွန်းအားပေးလျက်ရှိသည်။

# နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို မြန်မာက ခြိမ်းခြောက်နေသည်ဟု ကိုဖီအာနန် ထုတ်ဖော်ပြောပြီ

ပြီးခဲ့သည့် ဒီဇင်ဘာလက ပြုလုပ်သော လုံခြုံရေးကောင်စီအစည်းအဝေးတွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က မြန်မာ့အရေးသည် အရေးတကြီးကိစ္စဖြစ်လာနေပြီး၊ မှန်မှန်ကန်ကန် မကိုင်တွယ်နိုင်လျှင် နိုင်ငံတကာလုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ခြိမ်းခြောက်လာနိုင်သည်ဟု ပြောဆိုလိုက်သည်။

"အစည်းအဝေးမှာ ကိုဖီအာနန်က မြန်မာ့အရေးဟာ ဒေသတွင်းငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ခြိမ်းခြောက်နေတယ် ဆိုတာ



ကို ရှင်းရှင်းလင်းလင်းပြောကြားခဲ့သည်"ဟု ကုလလုံခြုံရေးကောင်စီ သတင်းရပ်ကွက်ကို ကိုးကားသော ကျိုတိုသတင်းတပုဒ်တွင်ဖော်ပြထားသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်တနိုင်ငံဖြစ်သော အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံအပေါ်စီးပွားရေးပိတ်ဆို့မှုအပါအဝင်၊ အခြားအရေးယူမှုများကိုရှေးရှုသော လုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်များပြုလုပ်ရန် ကုလသမဂ္ဂကိုတွန်းအားပေးခဲ့သည်။

အခြားအမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်သောတရုတ်နှင့်ရုရှတို့က ထိုကိစ္စအပေါ်ကန့်ကွက်ခဲ့သည်။

ဗြိတိန်နိုင်ငံကလည်း နအဖ၏ဒီမိုကရေစီအခွင့်အရေးများကိုလျစ်လျူရှုမှု၊ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုများအပေါ် စိုးရိမ်လျက်ရှိသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးကိုပြီးခဲ့သည့် ဒီဇင်ဘာလ (၁၆) ရက်နေ့ကကျင်းပခဲ့ပြီး၊ အမြဲတမ်းအဖွဲ့ဝင် (၅) နိုင်ငံနှင့် ယာယီအဖွဲ့ဝင် (၁၀) နိုင်ငံမှကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ကုလသမဂ္ဂဆိုင်ရာ ဗြိတိသျှသံတမန်၊ ဂျွန်ပါရေးက မြန်မာ့အရေးကိစ္စသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကိုခြိမ်းခြောက်ခြင်းရှိမရှိ၊ မစ္စတာကိုဖီအာနန်ကိုမေးခွန်းထုတ်ခဲ့ပြီး၊ မစ္စတာကိုဖီအာနန်က မြန်မာနှင့်ပတ်သက်သောသူ့အမြင်ကို ထုတ်ဖော်ဖြေဆိုခဲ့သည်။

ကုလမဂ္ဂကြေညာစာတမ်း၊ အပိုဒ် (၉၉) တွင် ကုလအထွေထွေအတွင်းရေးမှူးချုပ်သည် နိုင်ငံတကာလုံခြုံရေးနှင့်ငြိမ်းချမ်းရေးကိုထိပါးသည်ဟုယူဆသော မည်သည့်ကိစ္စကိုမဆိုအရေးယူဆောင်ရွက်ရန် တာဝန်ရှိသည်ဟုဖော်ပြထားသည်။

❖

# အာဆီယံကိုယ်စားလှယ်မြန်မာပြည် သွားရန်သေချာ

ကြက်ပြေးမြို့တော်အပြောင်းအရွှေ့ကိစ္စအကြောင်းပြချက်ဖြင့် ဇန်နဝါရီလကတည်းက မြန်မာပြည်သို့လာရောက်ခွင့်မသေမချာဖြစ်နေသော အာဆီယံကိုယ်စားလှယ်ကို လာမည့်ဧပြီလအတွင်း လက်ခံနိုင်ဖွယ်ရှိသည်ဟု နအဖလက်ထောက် နိုင်ငံခြားရေးဝန်ကြီးက ဖေဖော်ဝါရီ (၂၁) က ပြောဆိုလိုက်သည်။

နအဖလက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဦးကျော်သူက "မလေးရှားနိုင်ငံခြားရေးဝန်ကြီးဆစ်ဟာမဒ် ဦးဆောင်တဲ့ အာဆီယံကိုယ်စားလှယ်အဖွဲ့ကို ဘယ်တော့လက်ခံနိုင်မယ်ဆိုတာတော့ မသေချာသေးပါဘူး။ လာမည့်ဧပြီလ အာဆီယံအစည်းအဝေး မတိုင်ခင်တော့ စီစဉ်မှာပါ " ဟုဆိုသည်။

ပြီးခဲ့သည့် ဇန်နဝါရီလက 'မြို့တော်အပြောင်းအရွှေ့လုပ်ငန်းများကြောင့် အာဆီယံကိုယ်စားလှယ်ကို လက်မခံနိုင်သေး' ဟူသော နအဖ၏အကြောင်းပြချက်ကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ မကြေမလည်ဖြစ်ခဲ့သည်။

နိုင်ငံတကာအသိုင်းအဝိုင်း၏ ဘေးကြပ်နံကြပ်ဖိအားများကြောင့် ပြီးခဲ့သည့် ဒီဇင်ဘာလ၊ မလေးရှားတွင်ပြုလုပ်သောအာဆီယံအစည်းအဝေးက မြန်မာနိုင်ငံ၏နိုင်ငံရေးအခြေအနေကိုစုံစမ်းရန် မစ္စတာဆစ်ဟာမဒ် ဦးဆောင်သော အာဆီယံကိုယ်စားလှယ်အဖွဲ့ကို မြန်မာနိုင်ငံသို့စေလွှတ်ရန် သဘောတူခဲ့သည်။

> "မြန်မာပြည်သွားဖို့ရက်ချိန်းတော့ ရပါပြီ၊ ဘယ်တော့လဲဆိုတာ မပြောသေးရင်ပိုကောင်းမယ်"
>
> မစ္စတာ ဆစ်ဟာမဒ်အယ်ဘာ
> (၂၅၊ ဖေဖော်ဝါရီ၊ ၂၀၀၆)

မစ္စတာဆစ်ဟာမဒ်က သူ၏ ခရီးစဉ်အတွက် တိကျသောရက်ချိန်းသတ်မှတ်နိုင်ရန် ရန်ကုန်စစ်အုပ်စုနှင့် စကားပြောနေသည်ဟု ဆိုသည်။

ဦးကျော်သူကဆက်လက်၍"ကျနော်တို့ ပျဉ်းမနားရွှေ့နေတဲ့ကိစ္စအတွက် အလုပ်များနေတုန်းပါပဲ။ ဒါပေမယ့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံဖို့အတွက် အရင်ကကြေညာထားခဲ့တဲ့အတိုင်းပဲ၊ အခုကျနော်တို့ညှိနှိုင်းဆောင်ရွက်နေပါတယ်"ဟုဆိုသည်။

ဤအတောအတွင်း အင်ဒိုနီးရှားသမတ ဆူစီလိုဘမ်ဘန်ယူဒိုယိုနိုနှင့် အိန္ဒိယသမတ အက်ဘဒူကလန်တို့သည် မတ်လ (၁) ရက်နေ့နှင့် (၈) ရက်နေ့တို့တွင် မြန်မာနိုင်ငံသို့ သွားရောက်မည်ရန်စီစဉ်ထားပြီး၊ မြို့တော်ဟောင်းနှင့်မြို့တော်သစ် မည်သည့်နေရာတွင်မည်ဆိုသည့်ကိစ္စအတွက် အတိအကျမရှိသေးကြောင်း ဦးကျော်သူက ဝန်ခံသွားသည်။

# ဒေါ်အောင်ဆန်းစုကြည်ကို ဆက်ဖမ်းဆီးထားလျှင် အာဆီယံအဖွဲ့ထဲက မြန်မာကိုထုတ်ပစ်

အရှေ့တောင်အာရှနိုင်ငံများမှ လွှတ်တော်ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းထားသော အာဆီယံလွှတ်တော်ကိုယ်စားလှယ်များအဖွဲ့က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအလုံးကို ပြန်လွှတ်မပေးလျှင် အာဆီယံအဖွဲ့က မြန်မာနိုင်ငံကိုထုတ်ပစ်ရန် တောင်းဆိုလိုက်သည်။

ပြီးခဲ့သည်လကုန်ပိုင်းက ထိုင်းနိုင်ငံဘန်ကောက်တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အာဆီယံလွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ နိုင်ငံခြားရေးကော်မတီဥက္ကဋ္ဌ ကရိုင်ဆက်ချွန်နာဘန်က "လွန်ခဲ့တဲ့ လေးနှစ်ကတည်းက ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးပါမယ်လို့ ကတိပေးခဲ့ပေမယ့် နအဖဟာ ပြောတဲ့အတိုင်းဘယ်တော့မှမလုပ်ဘူး။ အခု ကျနော်တို့တောင်းဆိုတာကိုဆက်ပြီး မသိကျိုးကျွန်ပြုနေရင်၊ နအဖကိုအဖွဲ့ထဲကနေထုတ်ပစ်ဖို့ အာဆီယံကို ကျနော်တို့တိုက်တွန်းသွားမယ်" ဟုဆိုသည်။ အာဆီယံကိုယ်စားလှယ်အဖွဲ့သည် ပြီးခဲ့သည့် လနှောင်းပိုင်းက ထိုင်း–မြန်မာ နယ်စပ်၊ မဲဟောင်ဆောင်ဒေသရှိ ကရင်နီဒုက္ခသည်များ၏ လက်တလောအခြေအနေများကိုလေ့လာခဲ့သည်။

အာဆီယံလွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ကို ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့်စင်ကာပူနိုင်ငံများမှ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည်။

❖

# အာဆီယံနိုင်ငံများ စစ်အုပ်စုကိုစိတ်ပျက်နေ

အာဆီယံကိုယ်စားလှယ်ကို မြန်မာပြည်သို့လာရောက်ခွင့်မပြုသော ရန်ကုန်စစ်အုပ်စု၏လုပ်ရပ်ကြောင့် အာဆီယံခေါင်းဆောင်များ စိတ်ပျက်လက်ပျက်ဖြစ်နေသည်ဟု အာဆီယံထိပ်ပိုင်းခေါင်းဆောင်တဦးက ပြောဆိုလိုက်သည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ၏အထွေထွေအတွင်းရေးမှူးဖြစ်သူ မစ္စတာအုန်ကင်ယွန်း (Ong Keng Yong) ကအာဆီယံအဖွဲ့သည် အာဆီယံကိုယ်စားလှယ် မြန်မာပြည်သွားရောက်ခွင့်ရရေးကိစ္စအပေါ် တွန်းအားပေးနိုင်ခွင့်နည်းပါးသည်ဟုပြောသည်။

အာဆီယံအဖွဲ့၏ မြန်မာနိုင်ငံသို့အာဆီယံကိုယ်စားလှယ်သွားရောက်ခွင့်ရရေးသံတမန်ရေးကြိုးပမ်းချက်များသည် ပြီးခဲ့သည့် ဇန်နဝါရီလကတည်းက တိုးတက်မှုမရှိဘဲ ကြန့်ကြာနေခဲ့သည်။

မစ္စတာအုန်ကင်ယွန်းက မြန်မာဝန်ကြီးချုပ်စိုးဝင်း၏ တရုတ်ပြည်ခရီးစဉ်နောက်ပိုင်းတွင် အာဆီယံနိုင်ငံများသည် နအဖအပေါ် ဆက်လက်သည်းခံလိုစိတ် ကုန်းခန်းလာသည်ဟုဆိုသည်။

"ကျနော်တို့တော်တော်စိတ်ပျက်နေတယ်။ ကျနော်တို့ကသံတမန်နည်းနဲ့ ကြိုးပမ်းနေတာကို နအဖကသူ့နိုင်ငံပြည်တွင်းရေးကို သူတို့ဘာသာလုပ်မယ်ဆိုပြီးပြောတယ်။ နအဖကိုပြောရဆိုရတာ ကျနော်တို့အတွက်အားကုန်တယ်ဗျာ" ဟု မစ္စတာအုန်ကင်ယွန်းက အေပီသတင်းဌာနသို့ မကြာသေးခင်ကပြောကြားသွားသည်။

❖

# ဘိသိက်ခံယူပွဲ

ညိုထက် (လမ်းသစ်ဦး)

တချို့ရွာတွေက ယခုမှပြန်လည်ထူထောင်ကာစ။ ရွာနှင့်မတူ။ ဒုက္ခသည်စခန်းတွေနှင့်ပို၍တူသည်။ အစစချို့ တဲ့လွန်းလှသည်။ လူထုဆင်းရဲလျှင် ကျနော်တို့ လည်းဆင်းရဲသည်။ ရှမ်းပဲပုပ်ဆိုသော်လည်း ပဲပုပ်မရှိ။ လူလေးယောက်အတွက် ပဲပုပ် နှစ်ချပ်ကိုထောင်းပြီး ရေချိုးပေးလိုက်သည်။ ထိုပဲပုပ်ရေကျဲသည့်ဟင်း။ ရွာအများစုက ကြက်သွန်ဖြူစိုက်ကြသည်။ စားစရာဘာမှမရှိ တော့သောအခါ ကြက်သွန်ဖြူတွေကိုထောင်း ပြီးဟင်းချက်စားကြသည်...

(၁)

စစ်မြေပြင်ထောက်လှမ်းရေးတာဝန်ယူထားသည့် ရဲဘော်များပြန်ရောက်လာကြပြီ။ သူတို့ထွက်သွားတာတောင် ရက်အနည်းငယ်ရှိခဲ့ပြီပဲ။ တိုက်ပွဲတခုဖေါ်ဖို့ ပြင်ဆင်ထောက်လှမ်းနေတာဆိုတော့ စိတ်ဝင်စားနေကြခြင်းဖြစ်သည်။ တပ်စုမှူးဖြစ်သူ ရဲဘော်ကြီးကြွေနှင့် မဟာမိတ် ရလလဖ (ရှမ်းပြည်လူမျိုးပေါင်းစုံလွတ်မြောက်ရေးအဖွဲ့) မှ တပ်စုမှူး ဗိုလ်လေးထွန်းတို့ ဆီတန်းသွားသည်။ သတင်းထူးမည်ထင်သည်။ ရဲဘော်အားလုံးက ကိုကြွေကြီးပြန်အလာကို စိတ်အားထက်သန်စွာစောင့်မျှော်နေကြသည်။ သူတို့စကားပြောနေကြသည်က အကြာကြီး။ အားလုံးကအဖြေကို သိချင်နေကြသည်။ လည်တဆန့်ဆန့်။ ထိုအထဲတွင် စိတ်လှုပ်ရှားမှုအပြင်းထန်ဆုံးက ကျနော်နှင့် ရဲဘော်ထူးအောင်။ ဟုတ်သည်။ ကျနော်တို့နှစ်ယောက်က လက်နက်ကိုင်တော်လှန်ရေးကိုရောက်ရှိလာသည်မှာ မကြာသေး။ စစ်သင်တန်းဆင်းခဲ့သည်မှာလည်း မကြာသေး။ အခြေအနေကောင်း၍ တိုက်ပွဲဖေါ်ဖြစ်ပါက ဤပွဲသည် ကျနော်တို့ကျောင်းသားများကို ဓါးကို ဓါးခြင်း၊ လှံကို လှံခြင်း ရင်ဆိုင်သွားမည်ဆိုသည့် ရန်သူစစ်အုပ်စုအပေါ် ပထမဦးဆုံး လက်တုန့်ပြန်ရမည့်ပွဲ။ ထိုင်မရ၊ ထမရ။ ထိုအချိန် ဗိုလ်လေးထွန်းက သူ့ရဲဘော်တယောက်ကိုလှမ်းခေါ်ပြီး ကျနော်တို့ရှိရာကိုပြရင်း တစုံတခုပြောနေသည်။ ထိုရဲဘော်ရောက်လာပြီးပြောလိုက်သည့်စကားက တန်ဖိုးရှိပါဘိ။ ''တပ်စိတ်ကေဒါတွေ ဆွေးနွေးပွဲတက်ဖို့ခေါ်တယ်'' ကျနော်တို့အားလုံး တိုင်ပင်မထားပဲ ''ဟေး'' ခနဲ အော်ဖြစ်သွားမိသည်။ ကိုကြွေကြီးက ရှုတည်တည်လှမ်းကြည့်မှမျက်နှာပိုးသပ် သေနတ်ဖြုတ်ပြီး တိုက်နေလိုက်ရသည်။ သေချာသွားပြီ။

(၂)

ကျနော်တို့ တောခိုလာတော့ တပ်ရင်းနောက်တန်းကိုရော၊ ဗဟိုနောက်တန်းစခန်းကိုပါမရောက်။ ထိုအချိန်က တပ်ရင်းတရင်းလုံးကလည်း ရှေ့မှာ။ စစ်သင်တန်းကိုပင် လပဒတ (လူမျိုးပေါင်းစုံ ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစု) ဗဟိုစခန်းတွင် တက်ရောက်ခဲ့ရခြင်းဖြစ်သည်။ ထိုဗဟိုစခန်းက စခန်းသေမဟုတ်။ ပြောက်ကျားစစ်သေနင်္ဗျူဟာနှင့်အညီ ရွှေ့လျားပြောင်းလဲနေသောစခန်း။ မှတ်မှတ်ရရ ထိုစဉ်က လပဒတဗဟိုက ''လွယ်ဖီတောင်တန်း''ပေါ်မှာ။ စစ်သင်တန်းပင် မတက်လိုက်ရပဲ ရန်သူ့စစ်ကြောရေးမှရရှိခဲ့တဲ့ဒဏ်တွေကြောင့် ကွယ်လွန်သွားသည့် ရဲဘော်ကြီး နိုင်မိုးအောင်ကို ဤတောင်တန်းပေါ်မှာပဲထားခဲ့ရခြင်းဖြစ်သည်။

စစ်သင်တန်းပြီးသည်နှင့် တပ်စိတ်များနှင့်တွဲရသည်။ နောက်တော့ မဟာမိတ်စစ်ကြောင်းများနှင့်အတူ နယ်မြေရင်းနှီးမှု၊ လူထုရင်းနှီးမှုရရှိရေးအတွက် စစ်ကြောင်းထွက်ကြသည်။ ထိုခရီးက နယ်မြေလေ့လာရေးခရီးဖြစ်သလို နိုင်ငံရေးခရီး၊ စည်းရုံးရေးခရီးလည်းဖြစ်သည်။ နယ်မြေစုံသည့်အခါတွင်မှ ရလလဖ၊ အမှတ် (၁) တပ်ရင်း လှုပ်ရှားဒေသကို တပ်စုမှူးရဲဘော်ကြွေ ဦးဆောင်သောတပ်စိတ်တစိတ်လိုက်ပါသွားရန် တာဝန်ပေးသည်။ ဤခရီးကတော့ နယ်မြေလေ့လာရေးခရီး မဟုတ်တော့။ တိုက်ခိုက်ရေးအမိန့်ပါထည့်ပေးလိုက်သည်။ ကြည်လင်အေးမြသည့် ပွန်ချောင်းကိုဖြတ်ပြီး အရှေ့ဘက်ကမ်းကိုသွားနေသူများက တက်ကြွလန်းဆန်းနေကြသည်။ တိုက်ခိုက်ရေးအမိန့်ရခဲ့ပြီကိုး။ ကျနော်တို့ အစုအဖွဲ့တွင်ပါဝင်ကြသူများက တပ်စုမှူး ရဲဘော်စိုးမိုးကြိုင် (ကိုကြွေ)၊ တပ်စိတ်မှူး ရဲဘော်စံလှ၊ ဒုစိတ်မှူးရဲဘော် ပီလီ၊ ဆေးမှူး မင်းမောင်မောင်၊ ရဲဘော်ဝင်းလှိုင်၊ ရဲဘော်ဖွတ်၊ ရဲဘော် ထူးအောင်နှင့်ကျနော်။ အနောက်ဖက်ကမ်းမှာကျန်ခဲ့သူများကတော့ မအီမသာ။

တပ်ရင်း (၁) ဂွင်။ ပွန်ချောင်း၊ လွယ်မောတောင်နှင့် မဲနယ်တောင်တို့ကား ကျန်ခဲ့ပြီ။ ရှမ်းပြည်မြောက်ပိုင်း (MTA/UWSA) နယ်မြေများနှင့် နီးကပ်သွားပြီဖြစ်သည်။ ရှမ်းရွာတွေကများသည်။ တိုက်ပွဲတွေပြင်းထန်ချိန်က ဖြတ်လေးဖြတ်ဒဏ်ကို အကြီးအကျယ်ခံထားရသည့်ရွာတွေ။ တချို့ရွာတွေက ယခုမှပြန်လည်ထူထောင်ကာစ။ ရွာနှင့်မတူ။ ဒုက္ခသည်စခန်းတွေနှင့်ပို၍တူသည်။ အစစချို့တဲ့လွန်းလှသည်။ လူထုဆင်းရဲလျှင် ကျနော်တို့လည်းဆင်းရဲသည်။ ရှမ်းပဲပုပ်ဆိုသော်လည်း ပဲပုပ်မရှိ။ လူလေးယောက်အတွက် ပဲပုပ် နှစ်ချပ်ကိုထောင်းပြီး ရေချိုးပေးလိုက်သည်။ ထိုပဲပုပ်ရေကျဲသည့်ဟင်း။ ရွာအများစုက ကြက်သွန်ဖြူစိုက်ကြသည်။ စားစရာဘာမှမရှိတော့သောအခါ ကြက်သွန်ဖြူတွေကိုထောင်းပြီးဟင်းချက်စားကြသည်။ အနံ့က မွှန်ပြီးအရသာက စပ်ဖျင်းဖျင်း။

နောက်တော့ မဟာမိတ်ပင်မ စစ်ကြောင်းက လူထုလုပ်ငန်းနှင့်နိုင်ငံရေးလုပ်ငန်းများလုပ်ရန်ထွက်ခွာသွားသည်။ ကျနော်တို့နှင့်အတူ ဗိုလ်လေးထွန်းတို့တပ်စု။ ထိုအစုအဖွဲ့က အင်မတန်ညီသည်။ တပ်မှူးတွေလည်း လူငယ်တွေ။ အပြန်အလှန်နားလည်မှုလည်းရှိကြသည်။ အစုအဖွဲ့က လူမများတော့လို့ထင်၊ တယောက်ချင်းရင်းနှီးမှုလည်း အတော်ကလေးရကြသည်။ အစုအဖွဲ့ရင်းနှီးမှုအပြင် လူထုနဲ့လည်း အတော်လေးရင်းနှီးနေပေပြီ။ နယ်မြေအနေအထားကိုလည်း အတော်ကလေးတွက်ချက်နိုင်လာပေပြီ။ နယ်မြေခံဖြစ်သည့် ဗိုလ်လေးထွန်းတို့တပ်စုကလည်း အင်မတန်မြေပိုင်သည့်ရဲဘော်တွေ။ လက်နက်ဖွဲ့စည်းပုံကလည်း ကောင်းသည်။ ကျနော်တို့ အစုအဖွဲ့တွင် (M–၂၃) စက်လတ်ပါသလို ဗိုလ်လေးထွန်းတို့ တပ်စုတွင် (RPG – ၂) နှင့် (HM–၇၉)။

ထိုအချိန်ကတည်းက ရန်သူသတင်းကို မပြတ်စုံစမ်းနေခဲ့သည်။ သိပ်တော့မကြာ....။ သတင်းရပြီ။ နမ့်ဆမ်ကားလမ်းပေါ်က လမ်းကင်း။ ကိုယ့်အင်အားနှင့်ဆိုလျှင် ရန်သူကိုချေမှုန်းရေးပင်လုပ်နိုင်သည်။ ဒေသခံလူထုကလည်း ကူညီရန်အသင့်။ လူရွေးပြီး အခိုင်အမာအချက်အလက်ထောက်လှမ်းစုံစမ်းရန် လွှတ်လိုက်ခြင်းဖြစ်သည်။ ယခု သူတို့ပြန်လာကြပြီ။

ကျနော်သေနတ်တိုက်ပြီးလို့ အစိတ်အပိုင်းများ ပြန်လည်တပ်ဆင်နေစဉ်မှာပင် ကိုကြွေနှင့်ကိုစံလှတို့ ပြန်လာကြသည်။ ရဲဘော်အားလုံးကိုစုရန်ပြောသဖြင့် သေနတ်ကိုအမြန်ဆင်လိုက်ပြီး သူတို့နှင့်ဝင်ထိုင်လိုက်သည်။ ရည်မှန်းထားသည့် လမ်းကင်းကိုတိုက်မည်၊ အပေ့ါပါးဆုံးဖြစ်စေရန် မလိုအပ်သောပစ္စည်းများကိုထားခဲ့ကြမည်၊ ညပိုင်းချီတက်မည်၊ အသံမမြည်စေရန် အီးကွေးမန့်ကိုပြင်ဆင်ထားရမည် .... စသည့်အခြေအနေ၊ အချက်အလက်နှင့် စုရပ်၊ စုံရပ်၊ စကားဝှက်တို့ကို ပြောကြားသည်။ ရဲဘော်များကား ခဏအတွင်းမှာပင် ထမင်းချက်သူ၊ ပစ္စည်းသိမ်းသူ၊ အီးကွေးမန့်ပြင်သူတို့နှင့် ရှုပ်ထွေးသွားကြ။ မျက်နှာတွေက ဝင်းပ။

(၃)

တညလုံး ချီတက်ခဲ့ကြရသည်။ ရွာတွေကိုကွင်းပြီးရှောင်ခဲ့ရသဖြင့် ခရီးကပမ်းလွန်းလှသည်။ သို့သော် ကျနော်တို့အားလုံးပျော်ရွှင်ကြသည်။ ရလျှင်ရ၊ မရလျှင်ချ။ မရ၍ချကြမည်။ ထိုစိတ်ဓာတ်က ကျနော်တို့ကိုနတ်ဖမ်းစားသလို ဖမ်းစားထားသည်။ လမိုက်ညအမှောင်ထုအတွင်းထဲမှာ အလဲလဲ၊ အကွဲကွဲဖြင့်ချီတက်နေကြခြင်းဖြစ်သည်။ သတ်မှတ်နေရာကို သုံးနာရီခွဲလောက်မှရောက်သည်။ အလင်းက ပြိုးတပျပျ။ ပါလာသည့် ထမင်းထုပ်များကို ဖြေ၍စားသူများကစားနေကြပြီ။ ကျနော်တို့ကတော့ မောပမ်းမှုကြောင့်ရော၊ စိတ်လှုပ်ရှားမှုကြောင့်ပါ မစားနိုင်။

ပြီး.... တိုက်ပွဲအတွက်နေရာချကြသည်။ မူလက ကားလမ်းဘေးရှိ ကုန်းကလေးတခုတွင် နေရာယူရန်ဖြစ်သော်လည်း အစီအစဉ်ပြောင်းလိုက်သည်။ ကျနော်တို့ ရောက်နေသည့်နေရာက မိုးနဲ–မောက်မယ်ကြားမှ ကားလမ်း။ ထိုကားလမ်း၏ တဖက်တချက်ပိုင်ဆိုင်မှုက လမ်းတောင်ဖက်ပိုင်းသည် ရလလဖ၊ မြောက်ဖက်က MTA၊ ကုန်းကလေးတည်ရှိနေတာက မြောက်ဖက်မှာ။ ဆုတ်လမ်းမကောင်း။ ဒါ့အပြင် ထိုကုန်းကလေးမှာ မကြာခဏရန်သူကိုစောင့်ပစ်လေ့ရှိသည့်နေရာ။ ရန်သူအာရုံစိုက်သောနေရာ။ ထိုနေရာကိုရှောင်ပြီး ခပ်လှမ်းလှမ်းရှိနေရာတခုကိုရွေးလိုက်သည်။ ထိုနေရာက ကားလမ်းထက်တော့နိမ့်သည်။ မျက်ကွယ်ကောင်းသည်။ ရန်သူအာရုံစိုက်သည့် နေရာမဟုတ်။ အစုအဖွဲ့တခုကို စက်တလုံးနှင့်အတူ ရှေ့ကိုလွှတ်ထားသည်။ ရန်သူလာလျှင် ကြိုသိနေရန်ဖြစ်သည်။ ကျနော်တို့က ကားလမ်းအတိုင်းနေရာယူလိုက်ကြသည်။ ကျနော်က ကိုကြွေနှင့် ကိုစံလှကြားမှာ။

သတ်မှတ်နေရာ၊ ပစ်ပိုင်နက် ကိုယ်စီသတ်မှတ်ပြီး ကိုယ်နေရာမှ ကိုယ်ငြိမ်သက်ပြီးနေကြသည်။ မကြာမီ ရွာသားများလုပ်ငန်းခွင်ဝင်ရန် ကားလမ်းအတိုင်းထွက်လာကြသည်။ ကျနော်တို့က သူတို့ကိုတွေ့နေသော်လည်း သူတို့က ကျနော်တို့ကိုမတွေ့ရန်လိုသည်။ ပလိုင်း၊ ပေါက်ပြား၊ ကျောင်းသွားသူတချို့။ အချိန်များက တဖြေးဖြေးကုန်။ အလင်းက အမှောင်ထုကိုကျော်တက်လာပြီ။

လမ်းကိုလည်း မျက်ချည်မပျက်ကြည့်ရင်း စက်ကိုင်ထားသည့်တပ်မှူးကိုလည်း ကြည့်နေကြရသည်။ ရှေ့ကြိုလွှတ်ထားသည့် အစုအဖွဲ့က သတင်းပို့မည်မဟုတ်လား။

ရှမ်းပြည်၏ နံနက်ခင်းက အေးလွန်းလှသည်။ ထိုအအေးနှင့် ကျနော်တို့၏ စိတ်လှုပ်ရှားမှုပေါင်းပြီး ခံစားနေရတာက တမျိုးတမည်။ ကိုယ့်သေနတ်ကိုယ် ဆုပ်ချည်၊ ဖြန့်ချည်။ တိုက်ပွဲ။ ပစ်ရင် မှန်အောင်ပစ်တယ်ဆိုသော ဖက်ဆစ်စစ်တပ်ကို တည့်တည့်မှန်အောင်ပစ်ရတော့မည့်တိုက်ပွဲ။ ကိုယ့်လက်ထဲကိုင်ထားတဲ့ သေနတ်နဲ့ မိစ္ဆာတို့၏ဝိညာဉ်ကို နုတ်ရပေတော့မည်။ ရှစ်ဆယ့်ရှစ်မြင်ကွင်းတွေက ပြိုးတပြက်ပြက်။ ကျနော်တို့က လက်စားချေတုန့်ပြန်ရေးသမားတော့မဟုတ်။ သမိုင်းကြွေးတော့ တောင်းရပေမည်။ တိတ်ဆိတ်ခြင်းက ကြီးစိုးနေသည်။ တိတ်ဆိတ်စွာတိုက်ပွဲခေါ်နေကြခြင်းလည်း ဖြစ်သည်။ ထိုအချိန်၏ တိတ်ဆိတ်မှုကကျယ် ပြန့်လှ၏။

တပ်စုမှူးဖြစ်သူနှင့် မလှမ်းလှသောကြောင့် စက်သံတရှဲရှဲကို မသဲမကွဲကြားနေရသည်။ ထိုစဉ် စက်ထဲမှ အသံပေါ်လာ၏။

''ရောင်နီပေါ်ပြီ''

ထိုသတင်းပို့ချက်က အားလုံးထံ လက်ဆင့်ကမ်းရောက်သွားသည်။ အားလုံးခေါင်းထောင်သွားသည်။ ရန်သူရောက်နေပြီ။ လှုပ်ရှားမှုတိုင်း ရင်နှင့်အမျှ။ သမိုင်းကြွေး။ အတွေ့အကြုံသစ်။ ကျနော့်ရဲ့စစ်ဦး။ လက်တကမ်းအကွာ။ ကားသံကို ကြားနေရ။ ရင်ခုန်သံကို ကြားနေရ။ သေနတ်ကိုကိုင်ထားတဲ့လက်က ပိုမိုတင်းကြပ်လာ။ လက်နက်ကိုင်တော်လှန်ရေး။ ချေဂွေဗာရား။ ဝင်းမော်ဦး။ ရှစ်ဆယ့်ရှစ်။ အံကြိတ်။ ဆော့ဖြုတ်။ သေနတ်ကိုတင်းတင်းပိုက်ထား။ ကားသံ။ ပို၍နီးကပ်လာသည့် ကားသံ။ ကားသံ .... ကားသံ .... ပြီးတော့ .... သေနတ်သံ။ ကျနော်တို့၏ပွိုင့်အဖွဲ့က ပစ်လွှတ်လိုတ်သည့် သေနတ်သံ။ နောက်တော့ ဆိတ်ငြိမ်စွာစောင့်နေသူများဆီမှထွက်လာသည့် သေနတ်သံများ။ သေနတ်သံများနှင့်အတူ ကားသည် ကျနော်တို့နှင့် မလှမ်းမကမ်းတွင် ထိုးရပ်သွားသည်။

ကားရပ်သွားသည့်နေရာနှင့် ကျနော့်နေရာယူထားသည့်နေရာက မဝေး။ ကားကနှစ်စီး။ ကားရပ်သွားသည်နှင့် ယူနီဖောင်းဝတ်များလွှားကနဲ ခုန်ဆင်းနေကြသည်။ တချို့လမ်းပေါ်ကို တလိမ့်ကောက်ကွေး။ ကားထဲပြန်လန်ကျသွားသူများ။ ကျနော်က အကုန်မြင်နေရသည်။ ကားထဲတွင် အထွေးလိုက်ရှိနေသည်ကို မြင်နေရသည်။ ကျနော့်သေနတ်ကို ရှေ့က ကားထဲထိုးချိန်ပြီး ပစ်ချထည့်လိုက်သည်။ ကျနော့်သေနတ်ထဲက ကျည်ထွက်သွားသည့် အသံနှင့်အတူ ယမ်းကန်သည့်အရသာကို ခံစားလိုက်ရသည်။ တင်းကြပ်နေသည့် ခံစားမှုနေရာတွင် ပေါက်ကွဲခြင်းတွေက အစားထိုးဝင်လာသည်။ သေနတ်နှင့်အတူ ကျနော်လည်း ပေါက်ကွဲနေသည်။ အံကိုတင်းတင်းကြိတ်ကာ တတောင့်ခြင်းပစ်ထည့်နေလိုက်သည်။

ကျနော်တို့ အစစအရာရာလက်ဦးမှုရနေသည်။ ရန်သူ လုံးဝအလစ်အငိုက်မိသွားသည်။ ကျနော်တို့ကို လုံးဝပြန်မပစ်နိုင်။ တတောင့်ခြင်း ပစ်နေရာမှ ကျနော့်အမြင်တွေဝါးလာသည်။ မှန်သည်။ ကျနော်မျက်ရည်များကျနေသည်။ ကတ္တရာလမ်းပေါ်က

စာမျက်နှာ (၁၈) ကော်လံ (၂) သို့....

# ကြက်ပြေးနှင့် ပြုံယမ်း ဆက်ဆံရေးကောင်းမွန်နေ



မြောက်ကိုရီးယားအာဏာရှင် ကင်ဂျုံအေး နှင့် မြန်မာအာဏာရှင် ဗိုလ်ချုပ်သန်းရွှေ

မြန်မာနိုင်ငံမြေပေါ်တွင် တောင်ကိုးရီးယားဝန်ကြီးအဖွဲ့ကို မြောက်ကိုးရီးယားက ဗုံးခွဲသတ်ဖြတ်ပြီးကတည်းက နှစ်နိုင်ငံသံတမန်ဆက်ဆံရပ်တန့်နေခဲ့ရာမှ ကမ္ဘာ့အသိုင်းအဝိုင်းက ပစ်ပယ်ထားသောအာဏာရှင်နိုင်ငံများစာရင်းဝင် မြန်မာနှင့်မြောက်ကိုးရီးယားတို့သည် မကြာခင်ကာလအတွင်း သံတမန်ဆက်ဆံရေးပြန်လည်ထူထောင်ကြမည်ဖြစ်သည်။

"နှစ်နိုင်ငံစလုံးက သံတမန်ဆက်ဆံရေးပြန်လုပ်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ဘယ်တော့လောက်ဖြစ်မယ်ဆိုတာတော့ လောလောဆယ်မပြောနိုင်သေးဘူး"ဟု နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိများကို ကိုးကား၍ ရိုက်တာသတင်းက ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင်ရေးသားသည်။

(၁၉၈၃) ခုနှစ်တွင် အာဇာနည်ဗိမာန်တွင် ချိန်ကိုက်ဗုံးထောင်ထားခဲ့သဖြင့် ထိုစဉ်က မြန်မာပြည်သို့ အလည်အပတ်ရောက်ရှိနေသော တောင်ကိုးရီးယားသမတ ချန်ဒူးဝမ်း၏ဝန်ကြီး အမြောက်အမြားသေဆုံးခဲ့သည်။

ဗုံးဖောက်ခွဲမှုတွင် တာဝန်ရှိသော မြောက်ကိုးရီးယား ထောက်လှမ်းရေးအဖွဲ့ဝင်တချို့ကို ဖမ်းဆီးနိုင်ခဲ့ပြီး၊ ထိုအချိန်မှစ၍ မြောက်ကိုးရီးယားနှင့်မြန်မာ သံတမန်ဆက်ဆံရေး ပြတ်တောက်ခဲ့သည်။

သို့သော် မကြာသေးခင်နှစ်များအတွင်း ကစ၍ မြန်မာနှင့်မြောက်ကိုးရီးယားနှစ်နိုင်ငံကြားတွင် ဆက်ဆံရေးပြန်လည်ကောင်းမွန်လာခဲ့သည်။

အရှေ့တောင်အာရှနိုင်ငံများမှ သံတမန်တဦးက "ဒီကိစ္စသိပ်တော့မဆန်းပါဘူး။ ဘာဖြစ်လို့လဲဆိုရင် အာဆီယံအဖွဲ့ထဲမှာ မြန်မာကလွဲလို့ ကျန်နိုင်ငံတွေအားလုံးတောင်ကိုးရီးယားနဲ့ သံတမန်ဆက်ဆံရှိနေလို့ပါ"ဟု ပြောဆိုလိုက်ပြီး၊ "မြောက်ကိုးရီးယားကို အထီးကျန်ဖြစ်စေချင်တဲ့ တောင်ကိုးရီးယားကတော့ ဒီကိစ္စကို သဘောတူမှာမဟုတ်ပါဘူး" ဟု မှတ်ချက်ပေးသည်။

သူကဆက်လက်၍ " ဒီသတင်းဟာ မြန်မာနဲ့မြောက်ကိုးရီးယားတို့ရဲ့ ဘုံရန်သူဖြစ်တဲ့ အမေရိကန်အတွက်လည်း သာယာနာပျော်ဖွယ်ဂီတသံဖြစ်မှာမဟုတ်ပါဘူး"ဟု ဆိုသည်။

အမေရိကန်ပြည်ထောင်စုသည် မြောက်ကိုးရီယား၏ နယူးကလီယားအစီအစဉ်အပေါ် ပြင်းပြင်းထန်ထန်ဝေဖန်လျက်ရှိပြီး၊ မြန်မာနအဖ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် မြန်မာနိုင်ငံကိုစီးပွားရေးပိတ်ဆို့ခြင်းဖြင့်ဒဏ်ခတ်ထားသည်။

မြောက်ကိုးရီးယားခေါင်းဆောင် ကင်ဂျုံအေးသည် အမေရိကန်သတင်းတစောင်ဖြစ်သော (PARADE) က ထုတ်ပြန်သော (၂၀၀၅) ခုနှစ်အတွက် ကမ္ဘာ့အဆိုးဆုံးအာဏာရှင်များစာရင်းတွင် အဆင့် (၂) ဖြစ်ပြီး နအဖခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အဆင့် (၃) လိုက်ခဲ့သည်။

# မြန်မာ့သယံဇာတများကို နအဖရောင်းစားနေ

မလေးရှားနိုင်ငံပိုင် ကုမ္ပဏီတခုဖြစ်သော ( Petroliam Nasional Bhd or Petronas) ကုမ္ပဏီသည် မြန်မာနိုင်ငံတောင်ပိုင်းရေပိုင်နက်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများလုပ်ကိုင်ရန်၊အကြိုတိုင်းတာမှုများပြုလုပ်လျက်ရှိကြောင်း ဖေဖော်ဝါရီလ (၂၄) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ရေးသားထားသည်။

မလေးရှားကုမ္ပဏီသည် လွန်ခဲ့သော (၄) နှစ်ကတည်းက မြန်မာ့ကမ်းလွန်ပင်လယ်တွင် နှင့်ကပ်လျက်ရှိသော အမ် (၁၅) လုပ်ကွက်မှဓာတ်ငွေ့ (၃ဒသမ၂) တြီလီယံကုဗပေ ထုတ်လုပ်နိုင်မည်ဟု မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးဌာနကခန့်မှန်းထားပြီး၊ ယခုတိုင်းတာမှုများတွင် ၎င်းလုပ်ကွက်မပါဝင်သေးပေ။



ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ် တွင်ဓာတ်ငွေ့တွင်းများမှ အမေရိကန်ဒေါ်လာ (၁) ဘီလီယံရရှိ

မြန်မာ့ရေနံနှင့်သဘာဝ ဓာတ်ငွေ့ ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းမှုဖြင့်၊ မလေးရှားကုမ္ပဏီသည် မြန်မာနိုင်ငံတောင်ဘက်အစွန်ပိုင် တနင်္သာရီကမ်းလွန်ဒေသရှိ၊ အလုပ်ကွက် (၂) (အမ် ၁၆၊ အမ် ၁၇) ခုတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများ ဖေဖော်ဝါရီလ (၂၀) ရက်နေ့မှစ၍ လုပ်ကိုင်နေခြင်းဖြစ်သည်။

(၂၀၀၂) ခုနှစ် ဩဂုတ်လကတည်းက တနင်္သာရီရေနက်ပိုင်း၊ အမ် (၁၅)၊ အမ် ( ၁၆)၊ အမ် (၁၇) နှင့် အမ် (၁၈) အလုပ်ကွက်များတွင်တူးဖော်ရန်၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ခွင့်လိုင်စင်ရထားသော မလေးရှားကုမ္ပဏီ၏ ယခုအကြို စမ်းသပ်မှုများသည် လာမည့် မတ်လ (၂၆) ရက်နေ့တွင်ပြီးဆုံးမည်ဖြစ်သည်။

မလေးရှားကုမ္ပဏီက ရှယ်ယာအချို့ပိုင်ဆိုင်ထားသော ရဲတံခွန်ဓာတ်ငွေ့သိုက် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ကိုင်ရန်အတွက် (၁၃၅၀၀၀) စတုရန်း ကီလိုမီတာမှ (၁၄၂၀၀) စတုရန်းကီလိုမီတာ အထိ ကျယ်ဝန်းသောဓာတ်ငွေ့သိုက် (၄) ခုကိုရရှိထားခဲ့သည်။

ကုမ္ပဏီသည် ထိုင်းအစိုးရပိုင် ပီတီတီအီးပီကုမ္ပဏီနှင့် ပြင်သစ်တိုတယ်ကုမ္ပဏီများနည်းတူ မြန်မာ့စွမ်းအင်ထုတ်လုပ်ရေးကဏ္ဍတွင် ရင်းနှီးမှုများ အများဆုံးပြုလုပ်လျက်ရှိသည်။

ထိုင်းပီတီတီအီးပီကုမ္ပဏီသည် လာမည့်ဧပြီလမှစ၍ မြန်မာနိုင်ငံ မုတ္တမကမ်းလွန်ဒေသ၊ နအဖထံမှ ၎င်းတို့လိုင်စင်ရထားသော အလုပ်ကွက် (၆) ခုတွင် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိသည်။

နအဖသည် ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်တွင် မြန်မာ့ဓာတ်ငွေ့တွင်းများမှ အမေရိကန်ဒေါ်လာ (၁) ဘီလီယံရရှိခဲ့သည်။

# ကရင်ဒုက္ခသည်များအားဌာနေပြန်ပို့မည်ဟု ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှီနာဝပ်ပြော



ဒုက္ခသည်စခန်းမှ မိသားစု ထမင်းဝိုင်း

ဖေဖော်ဝါရီလ (၄) ရက်နေ့က ထိုင်းဝန်ကြီးချုပ်သက်ဆင်သည် အနောက်တိုင်းသံတမန် (၂၀) ကျော်နှင့်အတူ ထိုင်း–မြန်မာနယ်စပ် မယ်လကရင်ဒုက္ခသည်စခန်းသို့ သွားရောက်ခဲ့ပြီး ဒုက္ခသည်များကို နေရပ်ပြန်ပို့ရေးကိစ္စကို ပြောဆိုခဲ့သည်။

မယ်လဒုက္ခသည်စခန်းတွင် မြန်မာနိုင်ငံမှဒုက္ခသည် လေးသောင်းကျော်ရှိပြီး ဝန်ကြီးချုပ်၏ ပထမဆုံးအကြိမ်ခရီးအပေါ် အထူးအဆန်းဖြစ်နေကြသည်။

အဆိုပါခရီးနှင့်ပတ်သက်၍ ကေအဲန်ယူ အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာက " သူ့အနေနဲ့ ဒုက္ခသည်ကိစ္စနဲ့ပတ်သက်လို့ နိုင်ငံတော်တော်များများကနေ မီးမောင်းထိုးပြထားတာတွေရှိတယ်၊ ဒီကိစ္စကို သူကောင်းကောင်းမွန်မွန် ဆောင်ရွက်တယ်ဆိုတဲ့ အချက်ကိုဖော်ပြဖို့လိုတယ်"ဟုဆိုသည်။

ဒုက္ခသည်များကို နေရပ်ပြန်ပို့မည်ဆိုသော ထိုင်းဝန်ကြီးချုပ်၏ ပြောဆိုမှုနှင့်ပတ်သက်၍ ပဒိုမန်းရှာက "သူ့အနေနဲ့ ပြောပြသွားတာက ဒုက္ခသည်တွေဟာ တတိယနိုင်ငံကိုသွားမယ်ဆိုရင် သူ့အနေနဲ့သူတို့ အတတ်နိုင်ဆုံးကူညီပေးမယ်ပေါ့၊ နောက်တချက် အနေနဲ့ဒုက္ခသည်စခန်းထဲမှာ နေရင်းရပ်ထံကိုမပြန်နိုင်သေးခင်မှာပေါ့လေ။ ကျန်ရစ်ခဲ့တဲ့ ဒုက္ခသည်တွေ ပညာသင်နိုင်ဖို့၊ ဆက်လက်ရပ်တည်နိုင်ဖို့ အခွင့်အလမ်းတွေကို သူတို့ဖန်တီးပေးမယ်လို့ပြောတာရှိတယ်။ အဲ့ဒီအချက်အပေါ်အခြေခံပြီးတော့ သူလာတာက နည်းနည်းအပြုသဘောဆောင်တယ်လို့ ကျနော်မြင်တယ် "မှတ်ချက်ပေးသည်။

ဝန်ကြီးချုပ်၏ ခရီးစဉ်ကြောင့် နေရပ်ပြန်ပို့ခံရမှာ စိုးရိမ်သူရှိများရှိနေပြီး၊ အချို့ကလည်း မြန်မာပြည်ဘက်ခြမ်းဒုက္ခသည်များကို ပြန်လည်နေရာချထားရေးအတွက် နေစရာများအဆင်သင့်မဖြစ်သေးသောကြောင့် ပြန်ပို့ရေးအတွက် စိုးရိမ်ဖွယ်မရှိကြောင်း သုံးသပ်နေကြသည်။

**မင်းဆိုး ကို မိုးကြိုးပစ်ပြီ**

# နအဖ၏ ၂၀၀၅ ခုနှစ် မြန်မာ့စီးပွားရေးကိန်းဂဏန်းယုတ္တိမရှိ

မြန်မာ့စီးပွားရေးသည် (၂၀၀၅) ခုနှစ်အတွင်း (၁၂ ဒသမ၂) ရာခိုင်နှုန်းတိုးတက်ခဲ့သည်ဟု နအဖအာဘော် မြန်မာအလင်းသတင်းစာတစောင်ကဖော်ပြသည်။

"(၂၀၀၄) ခုနှစ်တွင် မြန်မာ့စီးပွားရေး (၁၂) ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး၊ (၂၀၀၅) ခုနှစ်အတွင်း (၁၂ ဒသမ ၂) ရာခိုင်နှုန်းတိုးတက်ခဲ့သည်"ဟု မြန်မာနိုင်ငံအမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးရေးဝန်ကြီးဌာနဝန်ကြီး၊ ဦးစိုးသာကိုကိုးကား၍ ဖေဖော်ဝါရီလထုတ် မြန်မာ့အလင်းသတင်းစာတွင်ရေးသားထားသည်။

နအဖ၏ကိန်းဂဏန်းသည် အာရှဖွံ့ဖြိုးရေးဘဏ်၏ (၂၀၀၅) ခုနှစ် အစီရင်ခံစာ၏ အမြင့်ဆုံးကိန်းဂဏန်းဖြစ်သော တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း (၈ဒသမ၅) ရာခိုင်နှုန်းထက်ပိုများနေသည်။

နအဖဝန်ကြီးက ယမန်နှစ်က မြန်မာနိုင်ငံမှနိုင်ငံခြားသို့ အမေရိကန်ဒေါ်လာ (၂ ဒသမ ၇၇) ဘီလီယံတင်ပို့နိုင်ခဲ့ပြီး၊ (၁ဒသမ ၆)ဘီလီယံတင်သွင်းခဲ့သည်ဟုဆိုသည်။

❖

# ကုလသမဂ္ဂသို့တင်မည့် ပင်ဟေးရိုး၏ နောက်ဆုံး အစီရင်ခံစာထွက်လာ



ဒေါ်အောင်ဆန်းစုကြည်ကို ဇွန်လအတွင်းပြန်လွှတ်ပေးပြီး၊ အကျဉ်းထောင်များတွင် မတရားဖမ်းဆီးခြင်းခံထားရသူ နိုင်ငံရေးအကျဉ်းသား (၁၁၄၄) ဦးကို ဇွန်လအတွင်းလွှတ်ပေးရန် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်က နအဖကို ထပ်မံတိုက်တွန်းသည်။

ဂျီနီဗာတွင်လာမည့် မတ်လ (၁၃) ရက်နေ့မှ ဧပြီလ (၂၁) ရက်နေ့အထိ ပြုလုပ်မည့် လူ့အခွင့်အရေးကော်မရှင်သို့ တင်သွင်းမည့် သူ၏အစီရင်ခံစာတွင် ကုလအထူးကိုယ်စားလှယ်က စစ်အုပ်စုသည် လွန်ခဲ့သော (၄) နှစ်တာကာလကအတိုင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆိုးဆိုးရွားရွားကျူးလွန်နေသည်ဟု ဖော်ပြထားပြီး၊ နိုင်ငံရေးအကျဉ်းသားများအားလုံးကို ဇွန်လအတွင်း ပြန်လွှတ်ပေးရန်တောင်းဆိုထားသည်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် လွန်ခဲ့သော (၁၆) နှစ်တာအတွင်း (၁) နှစ်တာကာလကို နေအိမ်အကျယ်ချုပ်ဖြင့်နေခဲ့ရပြီး၊ သူမကို ပြီးခဲ့သည့်နိုဝင်ဘာလက နောက်ထပ် (၆) လ နေအိမ်အကျယ်ချုပ်သက်တမ်းတိုးခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံတွင် စစ်တပ်၏ ဖိနှိပ်မှု၊ ခြိမ်းခြောက်မှု၊ မတရားဖမ်းဆီးမှုများ ဆက်ရှိနေပြီး၊ ပြည်သူများ၏ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခွင့်နှင့် နိုင်ငံရေးလွတ်လပ်ခွင့်များဆက်လက် ဆုံးရှုံးနေသည်ဟု အစီရင်ခံစာက ဆိုသည်။

နအဖသည် နေအိမ်အကျယ်ချုပ်ဖြင့် ဖမ်းဆီးခံထားရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးတင်ဦးကိုလည်း ပြီးခဲ့သည့် ဖေဖော်ဝါရီလ (၁၃) ရက်နေ့က နောက်ထပ် (၁) နှစ် အကျယ်ချုပ်သက်တမ်းတိုးခဲ့သည်။

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးအပါအဝင် အခြားရှမ်းခေါင်းဆောင် (၈) ဦးလည်း နအဖ အကျဉ်းထောင်များတွင် နှစ်ရှည်ထောင်ဒဏ်ကျခံနေရသည်။

စာမျက်နှာ (၂၉) မျက်နှာပါ သူ၏ နောက်ဆုံးအစီရင်ခံစာတွင် "နအဖသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များကို ဆက်လက်ဖိနှိပ်ဖမ်းဆီးနေပြီး၊ ပါတီဝင်များသည် စိုးရိမ်ဖွယ်အခြေအနေကောင်းသော အခြေအနေနှင့်ရင်ဆိုင်နေရသည်"ဟု ဖော်ပြထားသည်။

ဆက်လက်၍ "နအဖသည် အကျဉ်းသားများကိစ္စကို အရေးယူဆောင်ရွက်ပေးမည်ဟု ယခင်ကပြောဆိုဖူးသော်လည်း၊ အဆိုပါဆန္ဒများအားလုံး ယခုပျောက်ကွယ်နေသည်"ဟု မစ္စတာ ပင်ဟေးရိုးကဆိုသည်။

မြန်မာနိုင်ငံသို့ (၆) ကြိမ် သွားရောက်ခဲ့သော မစ္စတာ ပင်ဟေးရိုးသည် (၂၀၀၃) ခုနှစ်၊ နိုဝင်ဘာခရီးစဉ်အပြီးတွင် ပြည်ဝင်ခွင့်ပိတ်ပင်ခံခဲ့ရသည်။"နအဖခေါင်းဆောင်တွေကို သူတို့ ပေးထားတဲ့ကတိအတိုင်း ဆက်လုပ်ဖို့တောင်းဆိုရမယ်။ ဒီကိစ္စ အင်မတန်အရေးကြီးပါတယ်။"ဟု ဖေဖော်ဝါရီလ (၂၀) ရက်နေ့က မြန်မာ့အရေးလှုပ်ရှားနေသော အင်ဒိုနီးရှားပါလီမန်အမတ်များနှင့် ဆွေးနွေးပွဲအပြီးတွင် မစ္စတာပင်ဟေးရိုးက နအဖလမ်းပြမြေပုံကို ရည်ညွှန်းပြောဆိုသွားသည်။

စစ်အုပ်စုက (၂) နှစ် ကြာပြည်ဝင်ခွင့်ပိတ်ပင်ခံရပြီးနောက် မစ္စတာ ကိုဖီအာနန်၏ အထူးသံမစ္စတာရာဇာလီအစ္စမေးသည် ဇန်နဝါရီလက တာဝန်မှနုတ်ထွက်သွားခဲ့သည်။

# မေ (၇) ရန်ကုန်ဗုံးခွဲတရားခံ နအဖစွပ်စွဲမှုမပြီးနိုင်သေး

နအဖပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်တို့ ဦးစီးကျင်းပသော ဖေဖော်ဝါရီ (၂၂) ရက်နေ့၊ လားရှိုးမြို့ သတင်းစာရှင်းလင်းပွဲတွင် (၂၀၀၅) မေလ (၇) ရက်နေ့၊ ရန်ကုန်မြို့တွင်း (၃) နေရာဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF ) မှ ကိုအောင်ချိုဦးကိုဖမ်းဆီးရမိကြောင်း သတင်းထောက်များနှင့်နိုင်ငံခြားသံတမန်များရှေ့တွင်ပြသ၍ စွပ်စွဲပြောဆိုလိုက်သည်။

> "ကိုအောင်ချိုဦးဆိုတာ ကျနော်တို့
> အဖွဲ့ဝင်ထဲမှာလည်းမရှိဘူး၊ တပ်ဖွဲ့ဝင်ထဲမှာ လည်းမရှိဘူး၊
> (ABSDF) နဲ့ပတ်သက်ခြင်း မရှိပါဘူး။
>
> ကိုသံခဲ (အေဘီအက်စ်ဒီအက်ဖ်၊ ဥက္ကဋ္ဌ)

ယင်းစွပ်စွဲချက်တွင် ကိုအောင်ချိုဦး (ခေါ်) ယူနွတ်သည် အေဘီအက်စ်ဒီအက်ဖ်ကျောင်းသားဖြစ်သည့်ပြင် ( NDD) မှ သိန်းဝင်း၏အမာခံလူဖြစ်ပြီး ပြည်တွင်းဝင်ရောက်လှုပ်ရှားရန်အတွက် နိုင်ငံတွင်းဝင်ရောက်ရန်ကြိုးစားစဉ် ဖေဖော်ဝါရီလ (၅) ရက်နေ့တွင်ဖမ်းဆီးရမိသည်ဟု ဗိုလ်မှူးချုပ်ကျော်ဆန်းကဆိုသည်။

နအဖစွပ်စွဲချပြသော ကိုအောင်ချိုဦးကိစ္စနှင့်ပတ်သက်၍ (ABSDF ) ဥက္ကဋ္ဌ ကိုသံခဲကအာအက်ဖ်အေသို့ပြောကြားရာတွင် "ခု နအဖပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲဟာ (ABSDF) ကို အပုပ်ချဖို့လုပ်တဲ့သတင်းစာရှင်းလင်းပွဲဖြစ်ပါတယ်။ ဒီသတင်းစာရှင်းလင်းပွဲမှာပါတဲ့တင်ပြချက်တွေဟာ လုံးဝအခြေအမြစ်မရှိပါဘူး။ ကိုအောင်ချိုဦးဆိုတာ ကျနော်တို့အဖွဲ့ဝင်ထဲမှာလည်းမရှိဘူး၊ တပ်ဖွဲ့ဝင်ထဲမှာလည်းမရှိဘူး၊ (ABSDF) နဲ့ ပတ်သက်ခြင်းမရှိပါဘူး။ နောက်မေ (၇) ရက်နေ့ဗုံးကွဲမှုဟာ ကျနော်တို့နဲ့ လုံးဝပတ်သက်ခြင်းမရှိကြောင်း အကြိမ်ကြိမ် ငြင်းဆိုခဲ့ပြီးဖြစ်ပါတယ်။ ကျနော်တို့ဒီနေ့ တိုက်ပွဲဝင်နေတာဟာ စစ်အာဏာရှင်ဆန့်ကျင်ရေး၊ ဒီမိုကရေစီရေးအတွက်ဖြစ်ပါတယ်။ လူထုအတွက်ဖြစ်ပါတယ်။ လူထုဆန့်ကျင်ရေးကို လုပ်တာဟာ နအဖဘဲဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီအချက်အလက်တွေဟာ လုံးဝမမှန်ပါဘူး" ဟုပြောဆိုခဲ့သည်။

သတင်းစာရှင်းလင်းပွဲတွင် ဗုံးဖောက်ခွဲမှုနှင့်ပတ်သက်၍ အစွပ်စွဲခံရသူ ကိုအောင်ချိုဦးကိုယ်တိုင်ကရင်းအနေဖြင့် မေလဗုံးကွဲမှုတွင်မပါဝင်ခဲ့ကြောင်း ငြင်းဆိုလိုက်ပြီး၊ ၎င်းကို မည်သည့်စွဲချက်ဖြင့် ဖမ်းဆီးထားသည်ကို ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြောကြားခဲ့ခြင်းမရှိပေ။

(၂၀၀၅) မေလ (၇) ရက်နေ့က ရန်ကုန်မြို့ ရှစ်မိုင်လမ်းဆုံရှိ (Junction8) စင်တာ၊ ပုဇွန်တောင်ကုန်သွယ်မှု ဗဟိုဌာနချုပ်နှင့် မြေနီကုန်းဒဂုံစင်တာတို့တွင် ဗုံး (၃) လုံးတပြိုင်နက်ပေါက်ကွဲခဲ့ရာ လူ (၄) ဦးသေဆုံး၍ (၁၆၀) ကျော် ဒဏ်ရာရရှိခဲ့သည်။

❖

# ကေအဲန်ယူနှင့် နအဖတပ်များ တိုက်ပွဲပြင်းထန်

ဖေဖော်ဝါရီ (၉) ရက်နေ့က ကရင်အမျိုးသားအစည်းအရုံး ကေအဲန်ယူ တပ်မဟာ (၂) ဒေသဖြစ်သော တောင်ငူခရိုင်၊ သံတောင်ဒေသကို နအဖတပ်မ (၆၆) လက်အောက်ခံတပ်များက ထိုးစစ်ဆင်တိုက်ခိုက်သောကြောင့် တိုက်ပွဲများဖြစ်ပွားလျက်ရှိသည်။

နအဖ၏ ယခုထိုးစစ်ကြောင့် ကေအဲန်ယူနှင့်နအဖအကြား၊ ယခင်ကရရှိထားသော စေ့စပ်ဆွေးနွေးရေးအလားလာများပျက်စီးသွားနိုင်ကြောင်းကို ကေအဲန်ယူအထွေထွေအတွင်းရေးမှူးက "ကျနော်တို့အနေနဲ့ ကတော့ပြောတဲ့အတိုင်းပဲဖြစ်စေချင်တာ၊ နောက်ပြီးတော့ မှန်မှန်ကန်ကန်ဖြစ်စေချင်တာ၊ လေးလေးနက်နက်ဖြစ်စေချင်တယ်။ အမှန်အတိုင်းပြောရရင် ရှေ့ဆက် နအဖရဲ့လုပ်ပုံအတိုင်းဆိုရင် အလုပ်မဖြစ်နိုင်ဘူး၊ သူတို့ ဒီထက်ပိုမိုပြီးတော့ အပြုသဘောဆောင်တဲ့ ခြေလှမ်းတွေလှမ်းဖို့လိုတယ်လို့မြင်တယ် "ဟု ဆိုသည်။

တိုက်ပွဲကြောင့် ထိခိုက်မှုများရှိကြောင်း ဆက်လက်၍ လည်းတိုက်ပွဲများဖြစ်ပွားနိုင်ကြောင်း၊ ယခုအခါ နအဖ တပ်မ (၆၆) လက်အောက်ခံတပ် စစ်ဗျူဟာ (၃) ခုသည် ညောင်လေးပင်၊ ရေတာရှည်နှင့် တောင်ငူဒေသအသီးသီးမှ ထိုးစစ်ဆင်တိုက်ခိုက်ခြင်းဖြစ်ကြောင်း ကေအဲန်ယူတပ်မဟာ (၂) မှ တပ်မှူးများကပြောဆိုသည်။

တိုက်ခိုက်မှုကြောင့် ထန်းတပင်နှင့် တောင်ငူမြို့နယ်အတွင်းရှိ ကျေးရွာ (၅) ရွာမှဒုက္ခသည်စခန်းသို့ ထွက်ပြေးလာသော ဒေသခံလူထု စစ်ပြေးဒုက္ခသည်များ (၁၀၀၀) ကျော်ရှိသွားပြီဖြစ်သည်။

နအဖသည် ကေအဲန်ယူထိုးစစ်တွင် ထုံးစံအတိုင်းအကျဉ်းထောင်များမှ အကျဉ်းသားရဲဘက်များကို ပေါ်တာအဖြစ် အသုံးပြုကြောင်းသိရှိရသည်။

❖

# အခြေခံစားကုန်များဈေးတက်

| ကုန်စည်အမျိုးအစား | | ယခင်ဈေးနှုန်း (ကျပ် ) | လက်ရှိပေါက်ဈေး(ကျပ်) |
|---|---|---|---|
| မြေပဲဆီ | (တပိဿာ) | (၂၀၅၀) | (၂၄၀၀) |
| စားအုန်းဆီ | (တပိဿာ) | (၁၂၀၀) | (၁၂၅၀) |
| ကြက်သွန်နီ | (တပိဿာ) | (၆၀၀) | (၈၀၀) |
| အာလူး | (တပိဿာ) | (၁၅၀– ၄၁၀) | (၂၅၀–၅၀၀) |
| သကြား | (တပိဿာ) | (၆၅၀– ၇၀၀) | (၉၀၀) |
| ဓာတ်ဆီ | (တဂါလံ) | – | (၃၀၀၀) |
| ဒီဇယ်ဆီ | (တဂါလံ) | – | (၃၇၀၀) |
| ရေသန့်ဘူး | (ဘူးကြီးတဘူး) | (၃၅၀) | (၄၅၀) |
| ပေါ်ဆန်းမွှေး | (တတင်းခွဲတအိတ်) | (၁၁၅၀၀) | (၁၃၀၀၀) |

# နယ်စပ်ကုန်သွယ်ရေးတွင် အမေရိကန် ဒေါ်လာအစား ယူရိုငွေစတင်သုံးစွဲ



နအဖသည် နယ်စပ်ကုန်သွယ်ရေးတွင် ယခင်ကသုံးစွဲခဲ့သော အမေရိကန်ဒေါ်လာနေရာတွင် ယူရို (Euro) စတင်သုံးစွဲနေပြီဟု နအဖဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး၊ ဦးလှထွန်းကိုကိုးကား၍ ပုဂ္ဂလိကပိုင် အပတ်စဉ်ထုတ် သဗ္ဗိုက်ဝိကလီး (The Voice Weekly) တွင်ဖော်ပြထားသည်။

လောလောဆယ်တွင် အိန္ဒိယ၊ တရုတ်နိုင်ငံနယ်စပ်မှကုန်သည်များကို အမေရိကန်ဒေါ်လာသုံးစွဲခွင့် ပိတ်ပင်ထားလိုက်ကြောင်း သတင်းကဆိုသည်။

နအဖသည် နယ်စပ်ကုန်သွယ်ရေး၊ နိုင်ငံတကာကုန်သွယ်ရေးနှင့် သွင်းကုန်ထုတ်ကုန်လုပ်ငန်းများတွင် အမေရိကန်ဒေါ်လာအစား၊ ယူရိုငွေကြေးကို သုံးစွဲရန် (၂၀၀၃) ခုနှစ်၊ ဩဂုတ် (၁၀) ရက်နေ့က ဆုံးဖြတ် ခဲ့သည်။

အဆိုပါစီမံကိန်းတွင် တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ လာအိုနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေးများပါဝင်သည်။

❖

# ဇိုမီးအမျိုးသားနေ့အခမ်းအနား ကျင်းပ



ဇိုမီး အမျိုးသားနေ့အခမ်းအနား

ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် ကျရောက်သော (၅၈) ကြိမ်မြောက် ဇိုမီး အမျိုးသားနေ့အခမ်းအနားကို ထိုင်း–မြန်မာ နယ်စပ်တနေရာ၌ကျင်းပခဲ့ရာ အခမ်းအနားသို့ ဒီမိုကရေစီအဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ရုံးမှ တာဝန်ခံများ၊ တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း (၁၀၀) ကျော် တက်ရောက်ခဲ့ကြပြီး အဖွဲ့အစည်းများမှ သဝဏ်လွှာများပေးပို့ခဲ့ကြသည်။

အခမ်းအနားတွင် အဲန်အယ်ဒီ (အယ်လ်အေ) မှ ဦးတင်အောင်၊ ကေအဲန်ယူ အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာ၊ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့မှ ဒေါ်စန်းစန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီမှ ခိုင်စိုးနိုင်အောင်၊ မြန်မာနိုင်ငံလွတ်လပ်သောသတင်းအေဂျင်စီမှ ဦးသန်းထွဋ်တို့က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြပြီး ဇိုမီးအမျိုးသားနေ့ ဂုဏ်ပြုအမှာစကားများပြောကြားခဲ့သည်။

အခမ်းအနားတွင် ဇိုမီးကျောင်းသားလူငယ်အရှေ့ပိုင်း ဥက္ကဋ္ဌ ကိုရန်အောင်မှ ဇိုမီးအမျိုးသားနေ့ဖြစ်ပေါ်လာပုံသမိုင်းကို ရှင်းပြရာ၌ ဗြိတိသျှအင်္ဂလိပ်အစိုးရသည် (၁၈၉၆) တွင် ချင်းတောင်တန်းများကို သိမ်းပိုက်နိုင်ခဲ့ပြီး ပဒေသရာဇ်ဥပဒေဖြစ်သော ချင်းတောင်တန်းများစည်းမျဉ်းဥပဒေကို ချမှတ်ခဲ့ကြောင်း၊ ထိုဥပဒေကြောင့် အမျိုးသားထုတရပ်လုံး အုပ်ပီး (ခေါ်) စော်ဘွားများနှင့် အင်္ဂလိပ်အစိုးရ၏ဖိနှိပ်မှုဒဏ်ကို ထမ်းပိုးနှစ်ဘက်ထမ်းခံခဲ့ရကြောင်း၊ ထိုအုပ်ချုပ်ရေးဥပဒေကို အကြိမ်ကြိမ်တော်လှန်ခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီး (၁၉၄၈) ဖေဖော်ဝါရီ (၁၈) ရက်နေ့တွင် ချင်းဝိသေသတိုင်းမှ လူထုကိုယ်စားလှယ် (၅၀၀၀) ကျော်ခန့် မြို့တော်ဖလမ်းတွင် ဆန္ဒခံယူပွဲကြီးကျင်းပ၍ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် ချင်းတောင်တန်းများစည်းမျဉ်းဥပဒေကို တိုက်ဖျက်နိုင်ခဲ့သောကြောင့် ထိုနေ့ကိုဇိုမီး (ချင်း) အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ သို့သော် မဆလအစိုးရက ချင်းပြည်နယ်နေ့ဟုပြောင်းလဲစေခြင်းအားဖြင့် အမျိုးသားနေ့ကိုမှေးမှိန်အောင် ဖျက်ဆီးခဲ့ကြောင်း၊ မည်သို့ပင်ဖျက်ဆီးစေကာမူ ဇိုမီး (ချင်း) အမျိုးသားအောင်ပွဲနေ့သည် ချင်းတမျိုးသားလုံးကို ကိုယ်စားပြုကြောင်း ရှင်းလင်းပြောကြားသွားသည်။

ဆက်လက်၍ စစ်အာဏာရှင်တလျှောက်လုံး တိုင်းရင်းသားပြည်သူလူထုတရပ်လုံးကို မတရားဖိနှိပ်ချုပ်ခြယ်ခြင်း၊ ဒီမိုကရေစီအခွင့်အရေးများ ချိုးဖောက်ခြင်းနှင့်တိုင်းရင်းသားများကြား သွေးခွဲခြင်းများအပေါ် မဟာမိတ်အဖွဲ့များနှင့်လက်တွဲပြီး တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်းကို တိုက်တွန်းပြောကြားသွားသည်။

အခမ်းအနားသို့ တက်ရောက်လာသော ရှမ်းမျိုးဆက်သစ်လူငယ်တဦးကို တက်ရောက်ရခြင်းရည်ရွယ်ချက်နှင့် ပတ်သက်၍ မေးမြန်းရာအဆိုပါ ရှမ်းလူငယ်က “ ဒီနေ့ကာလမှာ စစ်အာဏာရှင်ပြုတ်ကျရေးကို တဖွဲ့ချင်းအနေနဲ့မရနိုင်ပါဘူး၊ စုပေါင်းလက်တွဲမှသာ အောင်မြင်မှာပါ။ ဒါကြောင့် ဒီအခမ်းအနားကနေ ကျနော်တို့လက်တွဲသွားပြီး ပြည်တွင်းမှာ လှုပ်ရှားနေကြတဲ့ ဒီမိုကရေစီခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များကို ဝန်းရံပေးနိုင်သွားဖို့အတွက် ညီနောင်တိုင်းရင်းသားတို့နဲ့အတူ ဆုံတွေ့လိုတဲ့ရည်ရွယ်ချက်နဲ့ လာတက်ရောက်ရခြင်းဖြစ်ပါတယ်၊ အခမ်းအနားပြီးသွားပေမဲ့ တကယ်လက်တွေ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုတဲ့ အနှစ်သာရတော့ကျန်သွားချင်ပါတယ်”ဟု မိုးကြိုးသို့ ပြောကြားသွားခဲ့သည်။

တပိုင်နက်တည်းမှာပင် ဇိုမီးအမျိုးသားနေ့အခမ်းအနားကို ပြည်ပနိုင်ငံရောက် ဇိုမီးအမျိုးသားများကလည်း ကျင်းပပြုလုပ်ခဲ့ကြောင်းစုံစမ်းသိရှိရသည်။❖

# ဆွီဒင်နိုင်ငံက ဒေါ်အောင်ဆန်းစုကြည်ကို ချီးမြှင့်သော လူ့အခွင့်အရေးဆုပေးပွဲသို့ ဒေါက်တာစိန်ဝင်းတက်ရောက်


ဆွီဒင်က ဆုပေးပွဲအခမ်းအနား

ဆွီဒင်ဝန်ကြီးချုပ်ဟောင်း အိုလောပန်းကို ဂုဏ်ပြု၍ အမှတ်တရဖွဲ့စည်းထားသော အိုလော့ပန်းရဲပုံငွေအဖွဲ့ကြီး (The Olof Palme Memorial Fund in Sweden) က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ချီးမြှင့်သော ‘(၂၀၀၆) ခုနှစ် အိုလော့ပန်း လူ့အခွင့်အရေးဆုပေးပွဲအခမ်းအနား’ကို ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့၌ ဖေဖော်ဝါရီ (၂၈) ရက်ကကျင်းပခဲ့သည်။ အခမ်းအနားသို့ နေအိမ်အကျယ်ချုပ်ကျခံနေရသော ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား မြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်း အစိုးရဝန်ကြီးချုပ် ဒေါက်တာ စိန်ဝင်းတက်ရောက်ခဲ့သည်။

အိုလော့ပန်းလူ့အခွင့်အရေးဆု ချီးမြှင့်ရေးရန်ပုံငွေအဖွဲ့၏ ဆက်သွယ်ညှိနှိုင်းရေးမှူးဖြစ်သူ မစ္စလောတန်ဟားကွခ်က “လူ့အခွင့်အရေးနှင့် သွေးစည်းညီညွတ်ရေးအတွက် မဆုတ်မနစ်ဆောင်ရွက်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်လိုပုဂ္ဂိုလ်မျိုးကို ဂုဏ်ပြုပေးအပ်ခြင်းဖြစ်”ကြောင်း ပြောသည်။

ဆုပေးရေးအဖွဲ့၏ ယခုနှစ်ဆန်းပိုင်းတွင် ထုတ်ပြန်သောကြေညာချက်တွင် “ဒေါ်အောင်ဆန်းစုကြည်သည် အမိနိုင်ငံအတွက် သူမတူအောင် တိုက်ပွဲဝင်သူဖြစ်ရုံမျှမက ကမ္ဘာတလွှားက အဖိနှိပ်ခံများအတွက် ဖိနှိပ်မှုကို ငြိမ်းချမ်းသောနည်းဖြင့် တွန်းလှန်နိုင်ကြောင်း ပြသနိုင်သည့် အရေးတကြီးသင်္ကေတလည်းဖြစ်သည်ဟု ဖော်ပြထားသည်။

အိုလော့ပန်းဆုသည် ဆွီဒင်နိုင်ငံ အလုပ်သမားလှုပ်ရှားမှုအတွက် အဆင့်အမြင့်ဆုံးဆုဖြစ်ပြီး၊ ဒီပလိုမာဆုနှင့်အတူ အမေရိကန်ဒေါ်လာ (၅၀၀၀၀) ကိုချီးမြှင့်မည်ဖြစ်သည်။

အဲန်စီဂျီယူဘီဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဆုပေးပွဲမတိုင်ခင်တွင် ဆွီဒင်ပါလီမန်နိုင်ငံခြားရေးရာကော်မတီနှင့် တွေ့ဆုံ၍ မြန်မာ့နိုင်ငံရေးနှင့် လူသားချင်းစာနာသည့် အကူအညီကိစ္စများဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးမှုများနှင့်ပတ်သက်၍၊ ဒေါက်တာစိန်ဝင်းနှင့် အတူလိုက်ပါသွားသော အဲန်စီဂျီယူဘီ ကုလသမဂ္ဂရေးရာဝန်ကြီး၊ ဒေါက်တာသောင်းထွန်းက “ပါလီမန်နိုင်ငံရေးကော်မတီအဖွဲ့တွေက ဒေါ်စုရဲ့ကျန်းမာရေးကိုစိုးရိမ်တယ်၊ ဒေါ်စုရဲ့လက်ရှိအနေအထားကိုမေးမြန်းပြီး ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် တတ်နိုင်သလောက်အကူအညီပေးသွားမည်ဟုပြော”ကြောင်း ဗွီအိုအေသို့ပြောသည်။

အဲန်စီဂျီယူဘီကိုယ်စားလှယ်အဖွဲ့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြည်ထောင်စုနေ့ကမ်းလှမ်းချက်ကို ဆွီဒင်ပါလီမန်မှ တာဝန်ရှိသူများကိုရှင်းပြခဲ့ပြီး၊ ဆွီဒင်အမတ်များက ကမ်းလှမ်းချက်သည် ပျော့ပျောင်းပြီး၊ အကျိုးအကြောင်းဆီလျော်သော ကမ်းလှမ်းချက်ဖြစ်သည်ဟု သုံးသပ်ကြသည်။

ဆွေးနွေးပွဲတွင် ပါလီမန်အမတ်များက အမေရိကန်နှင့် ဥရောပနိုင်ငံများ၏ထောက်ခံမှုသာမက ဒေသတွင်းနိုင်ငံများနှင့် ကုလသမဂ္ဂ၏ထောက်ခံမှုဖြင့် ပါသံတမန်ရေးနည်းလမ်းဖြင့် စစ်အုပ်စုကိုဖိအားပေးရန် အကြံပေးဆွေးနွေးခဲ့သည်။

၎င်းတို့အနေဖြင့်လည်း မြန်မာ့အရေးကို ဖိအားပေးနေသော အာဆီယံလွှတ်တော်ကိုယ်စားလှယ်များအဖွဲ့နှင့် နီးနီးကပ်ကပ်ဆောင်ရွက်ရန် ဆန္ဒရှိသည်ဟုဆိုသည်။

ထို့အပြင် အဲန်စီဂျီယူဘီဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လူမှုရေးအကြပ်အတည်းကြုံတွေ့နေရသော မြန်မာပြည်သူလူထုကို ထိထိရောက်ရောက် အကူအညီပေးနိုင်ရေးနည်းလမ်းနှင့် မျိုးဆက်သစ်လူငယ်များအတွက် အရည်အသွေးမြှင့်တင့်ရေးလုပ်ငန်းစဉ်များကို ဆွီဒင်အစိုးရက အကူအညီပေးရန် အစီအစဉ်များအပေါ် ဆွေးနွေးခဲ့သည်ဟုသိရှိရသည်။

အိုလော့ပန်းသည် ဆွီဒင်ဝန်ကြီးချုပ်အဖြစ် (၁၉၆၉) မှ (၁၉၇၆) အထိတကြိမ်၊ (၁၉၈၂) ခုနှစ်မှ (၁၉၈၆) ခုနှစ် အထိတကြိမ် တာဝန်ထမ်းဆောင်ခဲ့ပြီး၊ (၁၉၈၆) ခုနှစ်ဖေဖော်ဝါရီလ (၂၈) ရက်နေ့က လုပ်ကြံခံခဲ့ရသည်။

သမတသည် တောင်အာဖရိကနိုင်ငံ၏ အသားအရောင်ခွဲခြားရေးစနစ်နှင့် ဗီယက်နမ်စစ်ပွဲကိုဆန့်ကျင်ခဲ့ပြီ၊ အရှေ့ဥရောပတဝှမ်း ကွန်မြူနစ်အာဏာရှင်ဆန့်ကျင်တော်လှန်သူများကို တက်တက်ကြွကြွ ထောက်ခံခဲ့သည်။မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် လွန်ခဲ့သော (၁၅) နှစ်၊ ကမ္ဘာ့နိုဗယ်ငြိမ်းချမ်းရေးဆု ချီးမြှင့်စဉ်ကလည်း ဆုတက်ရောက်လက်ခံနိုင်ခဲ့ခြင်း မရှိပေ။

ဤအတောအတွင်း ဆွီဒင်နိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်နေသော ဥရောပသမဂ္ဂနိုင်ငံများက အဖမ်းဆီးခံထားရသော မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို ချက်ချင်းပြန်လွှတ်ပေးပြီး၊ မြန်မာနိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ အမြန်ဆုံးလုပ်ဆောင်ရန်တောင်းဆိုထားသည်။

❖

# အဲန်အယ်လ်ဒီပြည်ထောင်စုနေ့ ကြေညာချက်အပေါ် သာမန်ပြည်သူတဦး၏ အမြင်



ကျနော်တို့တိုင်းပြည်ကြီးကို ပြန်ပြီးငြိမ်းချမ်းစေချင်တယ်။ လူမျိုးတမျိုးနဲ့တမျိုး ကျနော်တို့ တိုင်းရင်းသားတွေအချင်းချင်း အဲဒီလိုငြိမ်းချမ်းဖို့ကို စဉ်းစားတဲ့အခါကျတော့ ငြိမ်းချမ်းမှုကိုတည်ဆောက်ဖို့က ကျနော်တို့ချည်းပဲလည်း ကျနော်တို့တည်ဆောက်လို့မရဘူး။ အဲဒီလက်ရှိအစိုးရကလည်း ဒီတိုင်းပြည်ထဲမှာပဲရှိနေတယ်။ ရှိတယ်ဆိုတဲ့အခါကျတော့ တကယ်ငြိမ်းချမ်းမှုကိုတည်ဆောက်မယ်ဆိုရင် သူနဲ့လည်း ကျနော်တို့က ငြိမ်းချမ်းမှုကိုယူရမယ်။ လိုအပ်လာရင်တော့ ကျနော်တို့လုပ်ရမယ်ဆိုတာ ကျနော်တို့နားလည်ထားတယ်။ ဒါကျနော်တို့တွေးတာ၊ အဲဒီလိုမဟုတ်လို့ ကျနော်တို့က အစိုးရပြန်ဖြစ်သူကသူပုန်ပြန်ဖြစ်ရင် ကျနော်တို့တိုင်းပြည်ကြီးဟာ ငြိမ်းချမ်းအုံးမှာမဟုတ်ဘူး၊ သူတပြန်ကိုယ်တပြန်နဲ့ ဒီလိုပဲလည်နေဦးမှာ။ အဲဒီတော့ငြိမ်းချမ်းမှုဆိုတာကတော့ ဘယ်သူ့ဘယ်သူမှ သူပုန်မဖြစ်ဘဲနဲ့ ဘယ်သူကမှ ဘယ်သူ့ကိုမှ အနိုင်အထက်မရှိဘဲနဲ့ ပြေလည်တဲ့လမ်းကြောင်းတခုပေါ်မှာသွားမယ်ဆိုရင်တော့ လက်ရှိအခြေအနေအရ ငြိမ်းချမ်းမှုလမ်းကြောင်းကို တက်ဖို့တော့လိုအပ်တာပေါ့။ တကယ်လို့သာ ကျနော်တို့အားလုံး အပြန်အလှန်နှစ်ဦးနှစ်ဖက်စေတနာတွေ မှန်ကန်မယ်ဆိုရင်တော့ ဒီမှာဖော်ပြတဲ့အချက်တွေအားလုံးဟာ အငြင်းပွားစရာမရှိဘူး။ အဆင့်တခုချင်း တခုချင်း အပေါ်မှာမှ တဘက်နှင့်တဘက် တွေ့မယ်ပြုမယ် လက်တွေ့ကျကျ မှန်မှန်ကန်ကန်လုပ်သွားကြမယ်။ တယောက်ကိုတယောက် စိတ်ထား ဖြူဖြူစင်စင်ထားသွားကြမယ်ဆိုရင် တကယ့်လက်တွေ့ အကျိုးတရားတွေပေါ်လာမယ်ဆိုရင် ဒီကနေပေါ်လာတဲ့ အကျိုးတရားတွေဟာ ကျနော်တို့ရဲ့ ဘဝတခုလုံးရဲ့ အနာဂတ် ကျနော်တို့ရဲ့လာမယ့် နောက်မျိုးဆက်တွေရဲ့ အနာဂတ်အားလုံးအတွက်က ကျနော်တို့ အနာဂတ်လမ်းပွင့်သွားနိုင်တဲ့ အချက်ဖြစ်တယ်။ ဆန္ဒပြုတာကတော့ အဲဒီအချက်တွေဖြစ်လာဖို့ပဲ ဆန္ဒပြုပါတယ်။ မှန်မှန်ကန်ကန် ရိုးရိုးသားသား ဖြူဖြူစင်စင်နဲ့ လက်တွေ့ကျကျ လုပ်သွားနိုင်မယ်။ အဲဒါတွေ မဖြစ်ခဲ့ဘူးဆိုရင်တော့ (NLD) မှာတော့ စဉ်းစားချက်တခုခုတော့ရှိနေမယ်၊ သူဘာလုပ်မလဲ အဲဒါမှန်းကြည့်ရမယ်။ အဲဒီတော့ သူလုပ်တဲ့အချိန်မှာ ကျနော်တို့ကရော ဘာလုပ်မလဲ၊ ဒါတော့ စဉ်းစားရမယ်။

❖

# ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ (အဲန်စီဂျီယူဘီ)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (အဲန်စီယူဘီ) တို့၏ (၅၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် (ပူးတွဲ) ထုတ်ပြန်ကြေညာချက်။

(၂၀၀၆) ခုနှစ် ဖေဖော်ဝါရီလ (၁၂) နေ့သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တိုင်းရင်းသားခေါင်းဆောင်များ ပင်လုံစာချုပ်ချုပ်ဆိုခဲ့သည့် (၅၉) နှစ်မြောက် ကျရောက်သည့်နေ့ထူးနေ့မြတ်ဖြစ်ပေသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများအားလုံးသည် မင်္ဂလာရှိသောပြည်ထောင်စုနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံရေးဖြစ်စဉ်အကျဉ်းချုပ်ကို ပြန်လည်သုံးသပ်ကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်တို့ချမှတ်ထားသော ပင်လုံစိတ်ဓါတ်၊ ပြည်ထောင်စုစိတ်ဓါတ်၊ အမျိုးသားစိတ်ဓာတ်တည်ဆောက်ထားခြင်းအပေါ် အနှစ်သာရရှိစွာအလေးအနက်ခံယူကျင့်သုံးပြီး ကျင်းပသွားကြရန် အထူးလိုအပ်ပါကြောင်းဖော်ပြလိုပါသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်တို့သည် အမြော်အမြင်ကြီးမားစွာဖြင့် တိုင်ပင်ဆွေးနွေးအပေးအယူလုပ်ကြပြီးမှ မိမိတို့နယ်မြေများကို ကိုယ်စားပြုကြလျက် သီးခြားစီတည်ရှိသောနယ်မြေများ အင်္ဂလိပ်ကိုလိုနီထံမှ တပြိုင်တည်းလွတ်လပ်ရေးရယူသွားရန်နှင့် တန်းတူရည်တူ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတည်ဆောက်သွားရန် သဘောတူချမှတ်ကြလျက် သမိုင်းဝင်ပင်လုံစာချုပ်ကိုချုပ်ဆိုကြခြင်းဖြစ်ပေသည်။

ထို့မှုမက ဗိုလ်ချုပ်အောင်ဆန်းသည် အနာဂတ်လွတ်လပ်သောအချုပ်အခြာအာဏာပိုင် ဖက်ဒရယ်ပြည်ထောင်စုသမတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် လမ်းညွှန်ချက် (၇) ချက်ကိုလည်းကောင်း၊ ဖဆပလ၏ပဏာမ ပြင်ဆင်ရေးညီလာခံက သဘောတူသည့်လမ်းညွှန်မှု (၁၄) ချက် ချမှတ်ထားကြောင်းတွေ့ရှိရပေသည်။

သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းကျဆုံးသွားသည့်နောက်ပိုင်းတွင် ဖဆပလအဖွဲ့ချုပ်သည် ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အခြေခံမှုအပေါ် သွေဖီအားနည်းသွားပြီး ဖဆပလ၏ ပဏာမ ညီလာခံ ကချမှတ်ထားသော အခန်း (၁) အပိုဒ် (၂-၃) တွင်ပါရှိသည့်အတိုင်း အမျိုးသားပြည်နယ် ရသင့်ရထိုက်သော (ကရင်၊ မွန်၊ ရခိုင်) ပြည်နယ်ကို မဖေါ်ထုတ်ပေးခြင်း၊ ဗမာပြည်မနယ်မြေကို ပြည်ထောင်စု (ဗဟို) အာဏာနှင့်တွဲထားသဖြင့် ရှမ်း၊ ကချင်၊ ချင်းပြည်နယ်သည် လက်အောက်ခံဘဝကျရောက်သွားခြင်း၊ သီးခြားလွတ်လပ်သော ကရင်နီပြည်လူထုဆန္ဒမပါဘဲ လက်အောက်ခံပြည်နယ်အဖြစ် သွတ်သွင်းခြင်း တို့ကြောင့် လွတ်လပ်ရေးသက်တမ်း၊ (၁၉၄၇) ခု ဖွဲ့စည်းပုံ အခြေခံဥပဒေသက်ဝင်လာသည့်နှင့်တပြိုင်နက် ပြည်တွင်းစစ်မီးစတင်လောင်ကျွမ်းသွားရခြင်းအကြောင်းရင်းများအနက် အဓိကအရေးကြီးသည့် အချက်ဖြစ်ပေသည်။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခွင့် အတိအလင်းပါရှိသော်လည်း ဖွဲ့စည်းပုံပြင်ဆင်ရန် အချိန်ဆွဲလွန်းခြင်း၊ ကူမင်တန်တရုတ်ဖြူကိုအကြောင်းပြပြီး ရှမ်းပြည်စစ်အုပ်ချုပ်ရေးချမှတ်ခြင်း၊ ကချင်ပြည်သူဆန္ဒမပါဘဲ (ဖီမော်၊ ကော်လံ၊ ဂန်ဖန်) နယ်မြေကို တရုတ်ပြည်သို့လွှဲအပ်ခြင်း၊ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ်သတ်မှတ်ခြင်းစသည့် တိုင်းရင်းသားများတန်းတူရေးအခြေခံမှုဖြစ်သော ပင်လုံစိတ်ဓါတ်နှင့်ဒီမိုကရေစီအခြေခံလူ့အခွင့်အရေး အခြေခံမှုများဆန့်ကျင်ပြီး လုပ်ဆောင်လာသဖြင့် ပြည်တွင်းစစ်မီးထပ်ဆင့်လောင်ကျွမ်းသွားကာ တိုင်းရင်းသားများစည်းလုံးညီညွတ်ရေးသည်လည်း တစတစယိမ်းယိုင်လာခြင်းဖြစ်ပေသည်။

ထို့မှုမကသေး (၁၉၆၂) ခု နိုင်ငံရေးအဖွဲ့အစည်းများအားလုံးပါဝင်ပြီး တိုင်းရင်းသားခေါင်းဆောင်များပေါင်းစုံပါဝင်တက်ရောက်သည့် ပြည်လမ်းအသံလွှင့် အစည်းအဝေးခန်းမဆောင် နီးနှောဖလှယ်ပွဲကြီးတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးဆွဲရေးအတွက် တိုင်ပင်ဆွေးနွေးနေကြစဉ် အာဏာငမ်းငမ်းတက်ပြီး တိုင်းရင်းသားလူမျိုးများတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကိုလုံးဝလက်မခံဘဲ မဟာလူမျိုးကြီးဝါဒီကိုစွဲကိုင်ထားသည့် ဗိုလ်နေဝင်းဦးဆောင်သောစစ်အုပ်စုသည် (ရှမ်း၊ ကချင်၊ ကရင်နီ၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်) တိုင်းရင်းသားများသည် ဖက်ဒရယ်သမားများဖြစ်ကြပြီး ခွဲထွက်ရေး သမား၊ တိုင်းပြည်ဖြိုခွဲသူများဖြစ်ကြောင်း၊ တိုင်းပြည်အစိတ်စိတ်အမွှာမွှာကွဲပြီး ချောက်ကမ်းပါးကျလုဆဲဆဲတွင် တပ်မတော်က အချိန်မီထိန်းသိမ်းကယ်တင်နိုင်ကြောင်း သူခိုးလူဟစ်ကာ ပြည်သူ့အစိုးရဝန်ကြီးချုပ် ဦးနုထံမှ တိုင်းပြည်အာဏာအရပ်ရပ်ကို ဓားပြတိုက်သိမ်းယူခဲ့သည်။

ထိုသို့ ဖွဲ့စည်းပုံအခြေခံဥပဒေပါရှိသည့်အတိုင်း ပြင်ဆင်ခွင့်မရနိုင်သည့်အဆုံး တိုင်းရင်းသားလူမျိုးစုအားလုံးပါမကျန် ခုခံတော်လှန်စစ်ဆင်နွှဲကြသဖြင့် ပြည်တွင်းစစ်မီးသည်လည်း အထွဋ်အထိပ်သို့ လောင်ကျွမ်းမဆုံးတောက်လောင်ခြင်းနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းနှင့်တိုင်းရင်းသားခေါင်းဆောင်များတည်ဆောက်ထားသော ပင်လုံစိတ်ဓာတ်၊ အမျိုးသားစိတ်ဓာတ်သည်လည်း လုံးဝပြိုလဲပျက်စီးသွားရခြင်းဖြစ်သည်။ (၁၉၄၇) ခု ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း စစ်အုပ်စုက ဖျက်သိမ်းလိုက်သဖြင့် (၁၄) နှစ်အကြာတွင် ပျက်စီးသွားတော့သည်။

(၁၉၇၄) ခုနှစ်တွင် ဗိုလ်နေဝင်း ဦးဆောင်သော (မဆလ) တပါတီအာဏာရှင်ဖက်ဆစ်စစ်အုပ်စုသည် ပြည်သူတရပ်လုံးအပေါ် စိုးမိုးထားသောဖွဲ့စည်းပုံအခြေခံဥပဒေတခုကို စိတ်ကြိုက်ရေးဆွဲပြဋ္ဌာန်းလိုက်သည်။ သို့ရာတွင် ဒီမိုကရေစီနှင့်အခြေခံလူ့အခွင့်အရေးဟူသမျှ လုံးဝဆိတ်သုဉ်းသွားသဖြင့် ပြည်သူတရပ်လုံးမခံမရပ်နိုင်သည့် အဆုံး (၁၉၈၈) ဒီမိုကရေစီအရေးတော်ပုံကြီးကြောင့် မဆလပါတီအာဏာရှင်စနစ်ဖျက်သိမ်းကာ စစ်အုပ်စုစိတ်ကြိုက်ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကိုပင်လျှင် ၎င်းတို့ကိုယ်တိုင်ဖျက်သိမ်းလိုက်ရသည်။ ထို့ကြောင့် (၁၉၇၄) ခု ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း (၁၄) နှစ်အကြာတွင် ပျက်စီးသွားတော့သည်။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏အခြေခံပြဿနာသည် ဖွဲ့စည်းပုံအခြေခံဥပဒေပြဿနာဖြစ်ပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြဿနာဆိုရာမှာ တိုင်းရင်းသားများတန်းတူရည်တူ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးဆုံးရှုံးခြင်းပြဿနာနှင့် ဒီမိုကရေစီအခြေခံလူ့အခွင့်အရေးများ ဆိတ်သုဉ်းခြင်းပြဿနာနှစ်ရပ်ပင်ဖြစ်သည်။ (၁၉၄၇) ဖွဲ့စည်းပုံအခြေခံဥပဒေသည် သက်တမ်း (၁၄) သာရှိပြီး၊ စစ်ဗိုလ်တစုမှလက်နက်နှင့် စိုးမိုးထားသည့် (၁၉၇၄) ခု ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် ပင်လျှင်သက်တမ်း (၁၄) သာခံသည်။ ကျန်ရှိသော နှစ်ပေါင်း (၃၀) ကျော်သည် ဖက်ဆစ်စစ်အုပ်စုက ပြည်သူတရပ်လုံးအပေါ် စိတ်ကြိုက်ကျွန်ပြု ထားသည့်အချိန်ကာလဖြစ်ကြောင်း တွေ့ရှိရပေသည်။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တိုင်းရင်းသားခေါင်းဆောင်တို့ချမှတ်ထားသော အမျိုးသားတန်းတူရေးပင်လုံစိတ်ဓာတ် ဖော်ဆောင်၍ စစ်မှန်သောဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတည်ဆောက်ခြင်းသည်သာလျှင် ငြိမ်းချမ်းသာယာဝပြောသော ပြည်ထောင်စုနိုင်ငံတော်သစ်ကိုတည်ဆောက်နိုင်မည်ဖြစ်ပေသည်။

နအဖစစ်အုပ်စုသည် လက်ရှိယနေ့ကာလတွင် မိမိတို့ဖွဲ့စည်းပုံအခြေခံဥပဒေတခုကို လက်နက်သဖွယ်စွဲကိုင်ထားပြီး တိုင်းရင်းသားလူမျိုးပေါင်းစုံပြည်သူတရပ်လုံးအပေါ် ရာသက်ပန်ကျွန်ပြုထားနိုင်ရန် ၎င်းတို့စိတ်ကြိုက်ခေါင်းခေါက် ရွေးချယ်ထားသောပုဂ္ဂိုလ်များဖြင့် အတုအယောင်ညောင်နှစ်ပင်ညီလာခံကို အတင်းဒရွတ်တိုက်လုပ်ဆောင်နေကြောင်းတွေ့ရှိရပေသည်။

သို့ရာတွင် ပြည်တွင်း၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ ဒီမိုကရေစီအင်အားစုနှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (UNLD) တိုင်းရင်းသားအင်အားစုတို့သည် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ (CRPP) တွင် ညီညွတ်စွာစုစည်းပြီး နအဖ၏ အတုအယောင်ညောင်နှစ်ပင်ညီလာခံအပေါ် ပြတ်သားစွာဆန့်ကျင်ဦးဆောင်တိုက်ပွဲဝင်ကာ စစ်မှန်သောဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် လက်တွဲဆောင်ရွက်လျက်ရှိကြောင်းတွေ့ရှိရပေသည်။

ထိုနည်းတူ လွတ်မြောက်နယ်မြေနှင့်နိုင်ငံတကာသို့ရောက်ရှိနေကြသော ဒီမိုကရေစီအင်အားစု၊ တိုင်းရင်းသားအင်အားစုနှင့်အခြေခံလူ့အဖွဲ့အစည်းများအပါအဝင် နအဖ၏ ညောင်နှစ်ပင်အတုအယောင်ညီလာခံနှင့် ၎င်း၏ Road Map (၇) ချက်အပေါ် ပြတ်သားစွာဆန့်ကျင်တိုက်ပွဲဝင်လျက်၊ အနာဂတ် စစ်မှန်သောဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံထားရှိရမည့်အခြေခံ မူများ (၈) ချက်ကိုလည်း တညီတညွတ်တည်းသဘောတူညီချမှတ်ထားပြီး၊ ယင်းအခြေခံမူ (၈) ချက်နှင့်အညီ အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံ ဥပဒေ (မူကြမ်း) ကိုပါ ပြုစုရေး ဆွဲနေသည့် အချိန်အခါလည်းဖြစ်ပေသည်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB) တို့အနေဖြင့် မင်္ဂလာရှိသော (၅၉) နှစ်မြောက် ပြည်ထောင်စုနေ့မြတ် အချိန်အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးပေါင်းစုံ ပြည်သူတရပ်လုံးသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တိုင်းရင်းသားခေါင်းဆောင်များချမှတ်ထားသော ပင်လုံစိတ်ဓာတ်၊ တန်းတူရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အပေါ် အလေးအနက်ခံယူကြပြီး အမျိုးသားတာဝန်တရပ်အနေဖြင့် နအဖ၏ (Road Map) ပါ အချက်များကို အပြီးအပြတ်တိုက်ဖျက်ရင်း၊ တိုင်းရင်းသား များတန်းတူရည်တူကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိပြီး ဒီမိုကရေစီအခြေခံလူ့ အခွင့်အရေးများကာကွယ်ပြဋ္ဌာန်းမည့် စစ်မှန်သောဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအောင်မြင်သည်အထိ လက်တွဲ ညီညာတည်ဆောက်သွားရန် သံခိဋ္ဌာန်ချကြပါစို့ဟု တိုက်တွန်းလိုက်ရပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB)
ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB)
သက္ကရာဇ် – ၂၀၀၆ ခုနှစ်၊ ဖေဖေါ်ဝါရီလ (၁၂) ရက်။

# အာဆီယံ ဥပဒေပြုအမတ်များအဖွဲ့ ကရင်နီဒုက္ခသည် စခန်းသို့ရောက်ရှိ


ဒေါ်စန်းစန်းနှင့် ဒုက္ခသည်စခန်းမှ ကလေးများနှင့်တွေ့ဆုံနေစဉ်

ယမန်နှစ် ဒီဇင်ဘာလ (၃) ရက်နေ့က မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူအစည်းအဝေးသဘောတူညီချက်ဖြစ်သော ထိုင်းနိုင်ငံနယ်စပ်များတွင်တည်ရှိကြသော ဒုက္ခသည်စခန်းများကို လေ့လာကြည့်ရှုရေးအစီအစဉ်အဖြစ် အရှေ့တောင်အာရှနိုင်ငံများမှ မြန်မာ့အရေးကြိုးပမ်းနေသော ဥပဒေပြုအမတ်များအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့တဖွဲ့သည် ဖေဖော်ဝါရီလ (၂၄) ရက်နေ့က ဘန်ကောက်မြို့မှတဆင့် ထိုင်း–မြန်မာနယ်စပ်၊ မဲဟောင်ဆောင်ဒေသရှိ ကရင်နီဒုက္ခသည်စခန်းသို့ ရောက်ရှိလာကြောင်းသိရှိရသည်။

ကိုယ်စားလှယ်အဖွဲ့ကို ထိုင်းနိုင်ငံ ဆီးနိတ်အမတ် ဒေါက်တာ ခရိုင်ဆတ်ဦးဆောင်၍၊ အင်ဒိုနီးရှားလွှတ်တော်အမတ်နှစ်ဦး၊ ကမ္ဘောဒီယား၊ မလေးရှားမှ လွှတ်တော်အမတ် (၁) ဦးစီနှင့် အဖွဲ့၏ အတွင်းရေးမှူး၊ မလေးရှားလွှတ်တော်အမတ် မစ္စက်ထရီဇာကော့ခ်တို့ပါဝင်ပြီး၊ မြန်မာကိုယ်စားလှယ်များအဖြစ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့၊ အထွေထွေအတွင်းရေးမှူး၊ ဆိပ်ကမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်း၊ မြန်မာနိုင်ငံ အမျိုးသားကောင်စီမှ ကိုညိုအုန်းမြင့်တို့ လိုက်ပါသွားကြသည်။

ကိုယ်စားလှယ်အဖွဲ့ကို "မြန်မာဒီမိုကရေစီအရေးကူညီပါ၊ သန်းရွှေထွက်သွား" စသည့် ဆိုင်းဘုတ်များကိုင်ဆောင်ထားသော မဲဟောင်ဆောင်ဒေသမှ ပရိသတ် (၅၀၀၀) ခန့်က ရှမ်းမောင်းအိုးစည်အတီးအမှုတ်ဖြင့် ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

လူဦးရေ (၂ ) သောင်းနီးပါးခန့် ခိုလှုံနေသော ဒုက္ခသည်စခန်း၏အခြေအနေကို ကြည့်ရှုပြီးနောက် ဒေါက်တာ ခရိုင်ဆတ်က ဒုက္ခသည်များ စခန်းပြင်ပသို့ထွက်၍ အလုပ်လုပ်ကိုင်ခွင့်ရရှိရန် ထိုင်းလွှတ်တော်မှတဆင့် ထိုင်းအစိုးရကို ဖိအားပေးသွားမည်ဟု ကတိပြုခဲ့သည်။

ဒေါက်တာ ခရိုင်ဆက်၏ အဆိုပါပြောဆိုချက်နှင့်ပတ်သက်၍ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသူ ဒေါ်စန်းစန်းက "သူပြောသွားတာက ဒုက္ခသည်တွေဟာ ဆန်၊ ဆီ၊ ငရုတ်၊ ပဲတွေပဲရတယ်။ လစဉ်ထောက်ပံ့ကြေးမရဘူး။ ငွေရေးကြေးရေးအခက်အခဲက လွတ်မြောက်ဖို့ စခန်းပြင်ပကိုထွက်ပြီး အလုပ်လုပ်ခွင့်ရသင့်တယ်၊ ဒီကိစ္စကို ထိုင်းအစိုးရသိအောင်ဆောင်ရွက်သွားမယ်လို့ သတင်းထောက်တွေကိုပြောသွားတယ်"ဟု မိုးကြိုးသို့ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ဒေါ်စန်းစန်းက ကရင်နီဒုက္ခသည်စခန်းတွင် အလုပ်လုပ်နိုင်သူ (၁၀၀၀၀) ခန့် ရှိနေပြီး၊ ထိုသူများအားလုံး စခန်းပြင်ပသို့ထွက်၍ အလုပ်လုပ်လျှင် အလုပ်သမားဈေးကွက်ကို ထိခိုက်နိုင်ပြီး၊ ယင်းအခွင့်အရေးကြောင့် မြန်မာနိုင်ငံမှဒုက္ခသည်များ ထိုင်းနိုင်ငံသို့ပိုမိုဝင်ရောက်လာမည်ကို ထိုင်းအစိုးရက စိုးရိမ်သည်ဟုဆိုသည်။

(၂၃) ရက်နေ့တွင် ထိုင်းပါလီမန်အမတ်တချို့ပါဝင်ဆွေးနွေး၍ ထုတ်ပြန်သောခရီးစဉ်နှင့်ပတ်သက်သောအဖွဲ့၏ ကြေညာချက်တွင် "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြည်ထောင်စုနေ့တွင်ထုတ်ပြန်သော 'သပြေခက်နှင့် ကမ်းလှမ်းချက်' ကို နအဖအနေဖြင့် လက်ခံရန်တောင်းဆိုထားပြီး ဒေသတွင်းတွင် ဩဇာရှိသော တရုတ်နိုင်ငံအနေဖြင့်လည်း မြန်မာ့အရေး ကုလသမဂ္ဂလုံခြုံရေးကောင်စီ ရှေ့မှောက်ရောက်ရေးကိစ္စတွင် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းထားသည်။

ထို့အပြင် မတ်လအတွင်း မြန်မာနိုင်ငံသို့ အလည်အပတ်သွားရောက်မည့် အင်ဒိုနီးရှားသမတအနေဖြင့် အဲန်အယ်လ်ဒီ၏ ကမ်းလှမ်းချက်ကိုလက်ခံရေးအတွက် နအဖကို ဖိအားပေးရန် မေတ္တာရပ်ခံထားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပြီးခဲ့သည့် ပြည်ထောင်စုနေ့က " (၁၉၉၀) ရွေးကောက်ပွဲတွင် ရွေးကောက်ခံထားရသော ပြည်သူ့ကိုယ်စားလှယ်များဖြင့် ပြည်သူ့လွှတ်တော်ခေါ်ပေးလျှင် တရားမဝင်အုပ်ချုပ်နေသောနအဖကို တရားဝင်ကြားဖြတ်အစိုးရအဖြစ် အသိအမှတ်ပြုပေးမည်" ဟု ကမ်းလှမ်းခဲ့သည်။



"မြန်မာဒီမို ကရေစီအရေးကူညီပါ၊ သန်းရွှေထွက်သွား" စသည့် ဆိုင်းဘုတ်များကိုင်ဆောင်ထားသော ဒုက္ခသည်များ

အာဆီယံ ဥပဒေပြုအမတ်များအဖွဲ့ကို (၂၀၀၄) နိုဝင်ဘာလတွင်စတင်ဖွဲ့စည်းခဲ့ပြီး၊ မြန်မာနိုင်ငံ ဒီမိုကရေစီရေးပြုပြင်ပြောင်းလဲရေးနှင့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး အပါအဝင် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေး၊ (၁၉၉၀) ပြည့် ရွေးကောက်ပွဲကို အသိအမှတ်ပြုရေးတို့အတွက် ကြိုးပမ်းလျက်ရှိသည်။

ထို့အပြင် (၂၀၀၆) ခုနှစ်အတွင်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို မဆောင်ရွက်ပါက နအဖကို အာဆီယံအဖွဲ့မှထုတ်ရန်လည်း အဖွဲ့က တောင်းဆိုထားသည်။

အဖွဲ့၏ ကြိုးပမ်းချက်ကြောင့် နအဖသည် (၂၀၀၆) ခုနှစ် အာဆီယံ သဘာပတိအဖြစ်ကို လက်လွှတ်လိုက်ရသည်။

❖

# ရဟန်းပျိုသမဂ္ဂ ဥက္ကဋ္ဌ အရှင်ခေမာစာရ၏ နိုင်ငံရေးတရားပွဲ တောင်ကိုးရီးယားတွင်ကျင်းပ

ဖေဖော်ဝါရီလ (၂၆) ရက်နေ့က တောင်ကိုရီးယားနိုင်ငံ ဖူချွန်မြို့၊ ဆော့(ဂ်)ဝမ်ဆာ ဗုဒ္ဓဘုရားကျောင်းဝင်းအတွင်း၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂ ဥက္ကဋ္ဌ ဆရာတော်အရှင် ခေမာစာရ၏နိုင်ငံရေးတရားပွဲကျင်းပခဲ့သည်။

မွန်းလွဲ (၂) နာရီမှ ညနေ (၅)နာရီအထိ ကျင်းပပြုလုပ်သော နိုင်ငံရေးတရားကြားနာပွဲသို့ ကိုရီးယားနိုင်ငံရှိ မြန်မာ့နိုင်ငံအရေးလှုပ်ရှားသော အဖွဲ့အစည်း အသီးသီးမှပုဂ္ဂိုလ်များ၊ ကိုရီးယားနိုင်ငံရောက် မြန်မာနိုင်ငံသားများ၊ မြန်မာ့ ဒီမိုကရေစီအရေးကို စိတ်ပါဝင်စားကြသည့် ကိုရီးယားနိုင်ငံသားများ ၊ ကိုရီးယားနယ်မြေခံသတင်းနှင့်မီဒီယာတို့မှ သတင်းထောက်များ စုစုပေါင်း ပရိသတ်အင်အား (၁၀၀) နီးပါးတက်ရောက်ခဲ့သည်။


ရဟန်းပျိုသမဂ္ဂ ဥက္ကဋ္ဌ အရှင်ခေမာစာရ နိုင်ငံရေးအတွေ့အကြုံများရှင်းလင်းဟောကြားစဉ်

တရားပွဲတွင် ဆရာတော်ဘုရားက မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကြိုးပမ်းလှုပ်ရှားမှုအတွင်းမှ ဗုဒ္ဓဘာသာဝင်ရဟန်းသံဃာတော်များ၏ လှုပ်ရှားဆောင်ရွက်မှုများ၊ မြန်မာ့ဒီမိုကရေစီအရေး ကြိုးပမ်းမှုဆိုင်ရာ သိကောင်းစရာများ၊ ဆရာတော်ကိုယ်တိုင် ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများ၊ တော်လှန်ရေးအတွင်း တိုက်ပွဲဝင်သူတိုင်းထားရှိသင့်သည့် ရပ်တည်ချက်နှင့် ရှေ့ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို အကျယ်တဝန့် ဟောပြောခဲ့သည်။

ထိုတရားပွဲကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေ ကိုရီးယားဌာနခွဲက စီစဉ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။❖

## အဲန်စီယူဘီ၏ ရှေ့လုပ်ငန်းစဉ်များ

(၁) ကတော့ ပြည်တွင်းမှာရှိနေတဲ့ အင်အားစုတွေကို ကျနော်အနေနဲ့ လက်တွေ့အားဖြည့်မှုတွေလုပ်မယ်။ နံပါတ် (၂) ကတော့ နအဖယနေ့ပြောနေတဲ့ နအဖချမှတ်ထားတဲ့လမ်းပြမြေပုံနဲ့ အမျိုးသားညီလာခံ၊ နောက်တခါ အဲဒီအမျိုးသားညီလာခံက ထွက်ပေါ်လာမယ့်ရလဒ်အဆင့်တိုင်းကို ကျနော်တို့ တိုက်ဖျက် သွားမဲ့လုပ်ငန်းစဉ်ဖြစ်ပါတယ်။ နံပါတ် (၃) ကတော့ ကျနော်တို့ ဒီနေ့မြန်မာပြည်တွင်းမှာရှိနေတဲ့ အခြေအနေတွေနဲ့ အဆုံးအဖြတ်ဟာ အဓိကဖြစ်တယ်ဆိုတဲ့မူနဲ့အညီ သဘောထားနဲ့အညီ ပြည်တွင်းမှာလူထု တိုက်ပွဲတွေအရှိန်မြင့်လာအောင် ကျနော်တို့ လိုအပ်တဲ့စည်းရုံးလှုံ့ဆော်မှုတွေ ကျနော်တို့ လုပ်သွားမှာဖြစ်တယ်။ နံပါတ် (၄) ကတော့ ဒါ ကျနော်တို့ အဓိကကျနော်တို့ရဲ့ အမျိုးသားကောင်စီနဲ့ဆိုင်တယ်။ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီအတွင်းမှာရှိတဲ့ မဟာဗျူဟာရေးရာကိစ္စတွေကို ကျနော်တို့ တဆက်တစပ်တည်းနဲ့ ကျယ်ကျယ်ပြန့်ပြန့် ညီညီညွတ်ညွတ်ဖြစ်လာဖို့အတွက် ကျနော်တို့ ညှိနှိုင်းရေးလုပ်ငန်းစဉ်ကို တချိန်တည်းမှာလုပ်သွားမှာဖြစ်တယ်။ နောက်နံပါတ် (၅) ကတော့ အမျိုးသားကောင်စီအတွင်းမှာ မပါဝင်တဲ့အဖွဲ့အစည်းတွေနဲ့ ဆက်စပ်ပြီးတော့ မဟာဗျူဟာရေးရာအရ ညှိနှိုင်းမှုတွေကို တဆက်တစပ်တည်းရှိအောင် တိုက်ပွဲပုံစံတခုတည်းဖြစ်လာအောင် လုပ်ဆောင်သွားမယ့်လုပ်ငန်းစဉ်ဖြစ်ပါတယ်။ နံပါတ် (၆) အနေနဲ့ကတော့ ကျနော်တို့ သတင်းမီဒီယာလုပ်ငန်းတွေကို တိုးမြှင့်ပြီးတော့ ကျနော်တို့အကောင်အထည်ဖော်အောင် စနစ်တကျ ကျနော်တို့စီစဉ်ဆောင်ရွက်သွားမှာဖြစ်တယ်။ နောက်တချက်ကတော့ နိုင်ငံတကာလုပ်ငန်းစဉ်တွေကို ဒီ့ထက်ကျယ်ပြန့်အောင် တိုးမြှင့်ပြီးလုပ်ဆောင်သွားမယ်ဆိုတဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။ နောက်ဆုံး နံပါတ် ( ၈ ) ကတော့ ကျနော်တို့ဒီတိုက်ပွဲတွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့အတွက် ကျနော်တို့မှာ လိုအပ်နေတဲ့ ဘဏ္ဍာရေးဆိုင်ရာအထောက်အကူပြုမှုတွေကိုပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် ခိုင်ခိုင်လုံလုံနဲ့ ပြည့်ပြည့်ဝဝ ဖြစ်လာအောင် ကျနော်တို့ အစွမ်းကုန်ကြိုးပမ်းလုပ်ဆောင်သွားမယ့်လုပ်ငန်းစဉ်ဖြစ်ပါတယ်။

(အဲန်စီယူဘီ တွဲဘက်အတွင်းရေးမှူး ဦးမြင့်သိန်း ရှင်းလင်းပြောကြားချက်ဖြစ်သည်။)

❖

# (၅၉) နှစ်မြောက် ပြည်ထောင်စုနေ့ အထူးစာမျက်နှာ

တတိုင်းပြည်လုံးကြီးပွားစေချင်ရင်၊ လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့် ရှိကြမှာဘဲ။ ဗမာကတမျိုး၊ ကရင်ကတဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြားအကွဲကွဲ အပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။

ဗိုလ်ချုပ်အောင်ဆန်း
ဖေဖော်ဝါရီ (၁၁) ရက်၊ ၁၉၄၇





ဒီမိုကရေစီပြည်ထောင်စုသစ်ကို ချီတက်သွားနိုင်ရေးအတွက် အားလုံးကနေ ရှုပ်ရှုပ်ချုံချုံနဲ့ ကြိုးစားပါလို့ ကျမတောင်းပန်ပါတယ်။ အားလုံးကကြိုးစားမယ်ဆိုရင် ကျမတို့လိုချင်တဲ့ပန်းတိုင်ကို အမြန်ဆုံးရောက်နိုင်မှာပါ။ ဒါကြောင့်မို့လို့ ပြည်ထောင်စုဖွားအားလုံးဟာ ညီညီညွတ်ညွတ်နဲ့ ဒီကနေ့က စပြီး ကိုယ်တတ်နိုင်တဲ့နည်းနဲ့ ပြည်ထောင်စုကြီးရှင်သန်ဖွံ့ဖြိုးရေးအတွက် ဒီမိုကရေစီ အခွင့်အရေးများရရှိရေးအတွက် ကြိုးပမ်းသွားကြပါလို့ ကျမမေတ္တာရပ်ခံပါတယ်။

ဒေါ်အောင်ဆန်းစုကြည်
ဖေဖော်ဝါရီ (၁၂) ၊ ၁၉၈၉

ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုတာ ပြီးပြည့်စုံတာမရှိပါဘူး။ အဲဒီမှာ ဘယ်နိုင်ငံမဆို အဲဒီမှာပြင်ဆင်ဖြည့်စွက် လုပ်ရစမြဲဖြစ်ပါတယ်။ ဒါပေမယ့်လို့ ကျနော် (၄၇) ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျနော်တို့သုံးသပ်ရမယ်ဆိုရင် ပြီးပြည့်စုံတယ်ဆိုတဲ့ အဲဒီအားနည်းချက်အစစ်မဟုတ်ဘဲနဲ့ ကျနော်တို့ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်များချမှတ်ထားတဲ့ တိုင်းရင်းသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတဲ့ အချက်အဓိက အဲဒီအခြေခံမူပေါ်မှာ သွေဖီအားနည်းသွားတာဖြစ်ပါတယ်။ ခုနက ကျနော်ပြောသလိုပါပဲ၊ အဲဒီမှာ ဗမာပြည်မကို ပြည်ထောင်စုအာဏာနဲ့တွဲထားတဲ့ ရှမ်း၊ ကချင်၊ ချင်း၊ ကရင်နီက လက်အောက်ခံဖြစ်တယ်ဆိုကတည်းက ဒါတန်းတူညီတူ လုံးဝမဟုတ်တော့ဘူး။ နောက်တခါ ခုနက ကျနော်ပြောတဲ့ ဖဆပလညီလာခံမှာ ပြင်ဆင်ထားတာက အဲဒီမှာ ဗမာပြည်မနဲ့ ခုနက နယ်မြေ (၈) ခုပေါ့လေ အဲဒါတွေကို ကျနော်တို့ ဗမာစကားနဲ့မတူသော တိုင်းရင်းသားများကို ပြည်နယ်ဖော်ပေးရမယ်ဆိုတာက ဗမာစကားမတူဘူးဆိုတာက ရှမ်း၊ ကချင်၊ ချင်းကို ဆိုလိုတာမဟုတ်ဘူးဆိုတာရှင်းနေတယ်။ အဲဒါက ခုနကဗမာပြည်မအပါအဝင် ဒီနယ်မြေ (၈) ခုထဲမှာရှိတဲ့ ဒီတိုင်းရင်းသားလူမျိုးတွေ ခုနက ပြည်နယ်ရသင့်ရထိုက်တဲ့ ကချင်တို့၊ မွန်တို့ ရခိုင်တို့ကို အဲဒီပြည်နယ်ဖော်ပေးရမှာဖြစ်ပါတယ်။ အဲဒါမဖော်ပေးဘူးဆိုတော့၊ အဲဒီမှာ ပြန်ကြည့်ရင် ဗိုလ်ချုပ်အောင်ဆန်းနဲ့တိုင်းရင်းသားခေါင်းဆောင်များချမှတ်ထားတဲ့ ပင်လုံစိတ်ဓာတ်ကိုလည်း တန်းတူညီတူညီရေးစိတ်ဓာတ်ကိုလည်း သွေဖီအားနည်းသွားတယ်။ နောက်ပြီးတော့ ဖဆပလ ပဏာမ ပြင်ဆင်ရေးညီလာခံ အဲဒီမှာချမှတ်ထားတဲ့မူတွေကိုလည်း အဲဒီမှာအလွန်ကွဲလွဲသွားတယ်။ (၁၉၆၁) ခုမှာဝန်ကြီးချုပ်ဦးနုက ခင်ဗျားတို့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံပြင်ဆင်ရန် ပြည်ထောင်စုရဲ့ဥပဒေမှာပေးလိုက်သေးတယ်။ အဲဒီမှာ ဖွဲ့စည်းပုံပြင်ဆင်ဖို့ (၆၁) ခုမှာ တိုင်းရင်းသားသဘောတူတယ်။ (၆၁) ခုမှာ အဲဒီမှာ ပထစအစိုးရက သုံးပုံနှစ်ပုံကျော်အနိုင်ရတယ်။ တိုင်းရင်းသားတန်းတူညီတူရေး လုံးဝလက်မခံတဲ့ ဗိုလ်နေဝင်းက အာဏာသိမ်း ရယူသွားတယ်။


ခွန်းမားကိုဘန်း

❖

ဒဂုန်တာရာ ။ ။ " ပြည်ထောင်စုနဲ့ ပတ်သက်ပြီးတော့ တချို့လည်း အင်္ဂလိပ်လို ပြောကြတာပေါ့ဗျား။ ဒီမိုကရေစီ ဖက်ဒရယ်ဝါဒဆိုပြီးတော့ ပြောကြတယ်။ ကျနော်တို့ (၁၉၄၇) ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေထဲမှာ ပါတဲ့ စကားလုံးတလုံးပါတယ်။ (၁၀) နှစ်ကြာတဲ့အခါမှာ ခွဲထွက်နိုင်ခွင့်ဆိုတဲ့ စကားလုံးပါတယ်။ အဲဒီစကားလုံးအဓိပ္ပာယ်စကားလုံးကောက်တဲ့နေရာမှာတော့ ကျနော်တို့ အဲဒီတုန်းက အတွေ့အကြုံနည်းသေးတဲ့အခါ ကျနော် ကောင်းကောင်းပြည့်စုံနားလည်တဲ့ဟန်မတူဘူးဗျ။ နောက် (၆၂) မှာ အဲတုန်းက ဝန်ကြီးချုပ် ဦးနုက ဖွဲ့စည်းပုံအခြေခံဥပဒေကို ပိုပြီးတော့ခိုင်မာလာအောင် ပြင်ဆင်မှုလုပ်နေတဲ့အချိန်မှာ အဲဒီစကားသံကြားပြီးတော့ စစ်တပ်အာဏာသိမ်းတဲ့ အရေးအခင်းပေါ်လာတာကိုးဗျ။ အဲဒီတော့ နားလည်မှုလွဲနေတယ်။ ဒါ ကျနော်တို့ အဲဒီလိုဘဲနားလည်ထားတယ်။ ဒါ ခွဲမထွက်ဘူးဆိုတာကိုပြနိုင်ရင်တော့ အဲဒီနားလည်မှုလွဲတာတွေဟာ ပျက်ပြယ်လျော့ပါးသွားနိုင်မယ်လို့ ကျနော်ယုံကြည်တယ်။ အဲဒါကတော့ ပြောခွင့်ရေးခွင့်ပေးရမှာပဲ။ နားမလည်သေးရင် နားလည်အောင် ကျနော်တို့စာပေလွတ်လပ်ခွင့်ပေါ့ဗျား။ သတင်းစာလွတ်လပ်ခွင့် ချဲ့ရမှာပေါ့။ အဲဒီလိုတွေပေါ့ဗျာ။ မျိုးဆက်ပြတ်တယ်ဆိုတာ အဲဒီမှာ ကလေးတွေက မသိဘူး။ အခုခေတ် ဆယ်ကျော်သက်တို့ နှစ်ဆယ်ကျော်အရွယ်တို့တွေက အရင်အတိတ်အကြောင်းကို လုံးဝမသိဘူး။ ကျနော်ကတော့ တတ်နိုင်သမျှ မီတဲ့ဟာပေါ့၊ အမှန်အတိုင်းကို တတ်နိုင်သမျှရေးတာပဲ။ ရေးတိုင်းလည်း ပါချင်မှပါတယ်။ ဟို နိုင်ငံရေးသိပ္ပံစကားနဲ့ ပြောရင် ရှမ်းနိုင်ငံတော်ပေါ့ ၊ ကချင်နိုင်ငံတော်စသဖြင့်ပေါ့ဗျာ၊ ကရင်နိုင်ငံတော်၊ ချင်းနိုင်ငံတော် ၊ ရခိုင်နိုင်ငံတော် ၊ မွန်နိုင်ငံတော် အစရှိသဖြင့် နိုင်ငံတော်တွေပေါင်းစပ်ထားတာ ပြည်ထောင်စုလို့ခေါ်တာကိုး ၊ အဲဒီဟာကိုဖော်တဲ့ အဓိပ္ပာယ်ပဲဗျ။ ပြည်နယ်လို့ သုံးထားတာပဲ ကျနော်ကတော့ ပြည်နယ်လို့တောင်မသုံးဘူး ပြည်လို့ပဲပြောချင်တယ် ရှမ်းပြည်ပဲ ကျနော်ကြိုက်တယ်။ သူလည်း ပြည်တပြည်ပဲဗျ။ အဲဒီလို သဘောထားရင် လူမျိုးတမျိုး ပြည်တပြည်လို့သဘောထားနိုင်ရင် အဲဒီသဘောထားဟာ ပြည်ထောင်စုစိတ်ဓာတ်ပဲဗျ။ ဟို ညီညွတ်ရေးကိုပဲလုပ်ကြစေချင်တယ်။ ကျနော်ကတော့ ဖြစ်တဲ့နည်းနဲ့ပေါ့ မဖြစ်ဖြစ်တဲ့နည်းနဲ့လုပ်နိုင်တဲ့ နိုင်ငံရေးဆောင်ရွက်တဲ့လူတွေအားလုံး အဲဒီဟာကို အာရုံပြုပြီးတော့ လုပ်စေချင်တယ်ဗျာ။"




ဒေါက်တာတူးဂျာ။ ။ "အဲဒါ ဟုတ်တယ် ပြည်ထောင်စု ကျနော်တို့က အဲဒါကိုအဖြစ်နိုင်ဆုံးကတော့ ပြည်ထောင်စု( Union System) ကို ဒီလိုဘဲသုံးချင်ပါတယ်။ အဓိပ္ပာယ်ကောက်ချက်အရ ဒီမှာဖြစ်နေကြတာက ဖက်ဒရယ်ဆိုရင် ခွဲထွက်ရေးဆိုတာပြောနေကြတယ်။ ဆိုတော့ ဘာပဲဖြစ်ဖြစ် ကျနော်တို့က ဖက်ဒရယ်ဘဲပြောပြော မပြောပြောပေါ့။ စစ်မှန်တဲ့ပြည်ထောင်စုဖြစ်လာဖို့က ဒါ ကျနော်တို့လိုလားတာပေါ့။ ဆိုတော့ အဲဒီစစ်မှန်တဲ့ ပြည်ထောင်စုဖြစ်လာပြီဆိုရင် ဒါတိုင်းရင်းသားလူမျိုးတွေအားလုံး တန်းတူအခွင့်အရေး ရရှိပြီးတော့မှ ဒါအားလုံးနားလည်မှုအပြည့်ရရှိကြမယ်။ ဒါဖြစ်ဖို့ဆိုလို့ရှိရင် အခုနပြောသလို ကျနော်တို့က ပြည်ထောင်စုပုံစံစစ်စစ်ပေါ့လေ အဲဒါကို ကျနော်တို့လိုလားတာပေါ့။ အဲဒီတော့ ပြည်ထောင်စုပုံစံ စစ်စစ်ဆိုလို့ရှိရင် ဒီအာဏာ (၃) ရပ်ထားရှိမယ်၊ နောက် အာဏာ (၃) ရပ်ကို ခွဲဝေမှာပေါ့။ ဒီအာဏာ (၃) ရပ်ဘဲ အဓိကဖြစ်နေတယ်။ ဒါ ပြည်ထောင်စုရဲ့ သဘောတရားလို့ ကျနော် အဲဒီလိုဘဲနားလည်ပါတယ်။ ဒီဟာကို ကျနော်တို့ ပီပီပြင်ပြင်လုပ်မယ်ဆိုလို့ရှိရင်တော့ ကျနော်တို့ဒီလူမျိုးစုတွေလည်း ကျေနပ်အားရစရာဖြစ်မှာပါ။ ခွဲထွက်ရေးတို့ ဘာတို့ဆိုတာထည့်စဉ်းစားစရာမလိုပါဘူး။"


ဒေါက်တာ တူးဂျာ

❖

နိုင်ငွေသိန်း ။ ။ "ဖွဲ့စည်းပုံဆိုတာက (၃) မျိုးလောက်ရှိတယ်။ ကျနော်တို့သိသမျှဆိုလို့ရှိရင်တော့ (Unitary ရယ် Federal ရယ် Confederation ဆိုပြီးတော့ရှိတယ်။ (Unitary) တပြည်ထောင်စနစ်၊ (Federation) ဆိုတာ ပြည်ထောင်စုစနစ်ပေါ့။ (Confederation) ဆိုတာက ပြည်ထောင်စု စနစ်အဆင့်မဟုတ်ဘူးပေါ့။ (Confederation) ကို ကျနော်တို့မလိုချင်ဘူး၊ အခု သူတို့က ဘာသာပြန်နေတာ (Federation နဲ့ Confederation) နဲ့ သူတို့ရောရောပြီးတော့ ဘာသာပြန်တာ။ ကျနော်တို့လိုချင်တာက (Federation) ပေါ့။ (Federation) က ပြည်နယ်နဲ့ ဗဟိုအစိုးရနဲ့အပေးအယူမျှတတဲ့ ဥပဒေတွေပြဋ္ဌာန်းပြီးတော့ လုပ်တဲ့စနစ်ကို ကျနော်တို့လိုချင်တယ်။ (Confederation) ဆိုတာ သဘောတူမှ လုပ်သဘောမတူရင် ကိုယ့်ဟာကိုယ်နေလို့ရတာကိုးဗျ။ ဒီလိုဟာမျိုး ကျနော်တို့မလိုချင်ဘူးလို့ပြောတာ။"


နိုင်ငွေသိန်း

ဦးသိန်းညွန့် ။ ။ ဖယ်ဒရယ်မူဆိုတာ ခွဲထွက်ရေးလို့ပြောလို့မရပါဘူး။ ကမ္ဘာမှာ ခွဲထွက်ရေးကိုပေးထားတဲ့နိုင်ငံဟာ ဟိုတုန်းက (၃) နိုင်ငံဘဲရှိတယ်။ ဆိုဗီယက်ယူနီယံ ၊ ပြီးတော့ ယူဂိုဆလပ် ၊ ပြီးတော့ (၁၉၄၇) အခြေခံဥပဒေအရ (၁၀) နှစ်ပြည့်ရင် ဘယ်နည်းဘယ်ပုံခွဲထွက်နိုင်တယ်ဆိုတဲ့စည်းမျဉ်းတွေ ကန့်သတ်ထားတဲ့ ဗမာနိုင်ငံပေါ့ဗျာ။ ဒီနိုင်ငံတွေပဲရှိပါတယ်။ ကျန်တဲ့ ကမ္ဘာပြည်ထောင်စုအများစုဖြစ်တဲ့ အမေရိကန် ၊ အိန္ဒိယ ၊ သြစတြေးလီးယား အဲဒီနိုင်ငံတွေကလည်း ပြည်ထောင်စုပဲ၊ ဖယ်ဒရယ်နိုင်ငံပဲ။ ဒါပေမယ့် အဲဒီမှာ ခွဲထွက်ခွင့်မရှိပါဘူး။ ဖယ်ဒရယ်စနစ်မှန်ရင် အစိုးရ (၂) မျိုးရှိတယ်။ တမျိုးက ဗဟိုအစိုးရ၊ အခြားအစိုးရကတော့ ပြည်နယ်အစိုးရပေါ့ဗျာ။ အာဏာခွဲထားတာ ဥပဒေပြုရေး ၊ အုပ်ချုပ်ရေး ၊ တရားစီရင်ရေး အာဏာတွေကို ဗဟိုပြည်ထောင်စုအစိုးရမှာ ရှိသလို ပြည်နယ်တွေမှာလည်းရှိတယ်။ အဲဒီဟာတွေကို အခြေခံဥပဒေနှင့်တည်ဆောက်ထားတယ်။ အဲဒီတော့ အဲဒီနိုင်ငံတွေမှာ အာဏာအပိုင်ဆုံး အမြင့်မားဆုံးက အခြေခံဥပဒေပဲ။ အဲဒီတော့ အာဏာကိုပြန်ပြီးတော့ ချုပ်ပြောလိုက်ရင် ဗဟိုကယူတဲ့အာဏာ၊ ပြည်နယ်ကယူတဲ့အာဏာ၊ ဗဟိုအစိုးရနဲ့ပြည်နယ်အစိုးရပေါင်းယူတဲ့အာဏာဆိုပြီး တခါရှိတယ်။ အဲဒီတော့ ဖယ်ဒရယ်ဆိုတာက မတူကွဲပြားတဲ့အင်အားစုတွေကို ကွဲပြားမှုတွေကိုစုစည်းထားတာ။

# တရုတ်–မြန်မာဆက်ဆံရေး



နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်စိုးဝင်းက သူ၏ တရုတ်ပြည်ခရီးစဉ်သည် တရုတ်နှင့် မြန်မာနှစ်နိုင်ငံအကြား ကောင်းမွန်သော ဆက်ဆံရေးခေတ်တခေတ်ကို ထူထောင်နိုင်ခဲ့သည်ဟု ကြွေးကြော်သည်။ နှစ်နိုင်ငံအကြားတွင် အပြုသဘောဆက်ဆံမှုများကိုတွေ့နေရသော်လည်း တရုတ်သည် သူ၏အာရှမဟာမိတ်၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးမတည်ငြိမ်မှုများက ဒေသတွင်းလုံခြုံရေးကို အန္တရာယ်ပေးလာမည်ကို စိုးရိမ်နေသည်ဟု မြန်မာ့အရေးကျွမ်းကျင်သူ လယ်ရီဂျစ်ဂင်က သုံးသပ်သည်။

သည်ဟု ချင်းမိုင်တွင်အခြေစိုက်၍ တရုတ်–မြန်မာဆက်ဆံရေးကိုစောင့်ကြည့်နေသူ ကိုဝင်းမင်းကပြောသည်။

ယခု ခရီးစဉ်ကို ယမန်နှစ်က စီစဉ်ထားခဲ့ခြင်းဖြစ်သော်လည်း မြန်မာနိုင်ငံတွင်တရုတ်ကတာဝန်ယူဆောက်လုပ်ပေးနေသော ဗန်းမော်ဆိပ်ကမ်းနှင့် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းတွင် အာဏာပိုင်များ၏လာဘ်စားမှုများရှိခဲ့သဖြင့်၊ တရုတ်ဘက်က မကျေမနပ်ဖြစ်ကာ ခရီးစဉ်ကိုရွှေ့ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း အာရှသံတမန်တဦးကဆိုသည်။

တရုတ်သည် မြန်မာ့ကမ်းလွန်ရေနံနှင့်

**နေသွင်**

ဗိုလ်ချုပ်စိုးဝင်း တရုတ်ခရီးစဉ်မှ ပြန်ရောက်ပြီးမကြာမီတွင် မြန်မာသတင်းစာများ၌ ဘေကျင်းအစိုးရက ရန်ကုန်နအဖကို လှိုက်လှိုက်လှဲလှဲထောက်ခံကြောင်း၊ မြန်မာ့အရေးလုံခြုံရေးကောင်စီသို့မရောက်အောင် တရုတ်က ကုလသမဂ္ဂတွင် အမေရိကန်နှင့် အီးယူနိုင်ငံများကို အတိုက်အခံလုပ်ပေးသွားမည့်အကြောင်းများ ဖော်ပြကြသည်။

နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်စိုးဝင်း၏ (၄) ရက်တာခရီးစဉ်တွင် တရုတ်ဝန်ကြီးချုပ် ဟူဂျင်းတောင်၊ ဝန်ကြီးချုပ် ဝမ်ကျားပေါင်းနှင့် နိုင်ငံခြားရေးဝန်ကြီးတို့က ကော်ဇောနီခင်းကြိုဆိုခဲ့ပြီး၊ နှစ်နိုင်ငံစီးပွားရေးနှင့်နည်းပညာဖလှယ်ရေးကိစ္စများအတွက် သဘောတူညီမှုရခဲ့သည်ဟုဆိုသည်။

“အာဆီယံ၊ နိုင်ငံတကာအသိုင်းအဝိုင်းနှင့်အိမ်နီးချင်းနိုင်ငံများက မြန်မာနိုင်ငံအပေါ် ဖိအားတိုးလာ၍ အထီးကျန်ဖြစ်လာသောအချိန်နှင့် ကိုက်ပြီးသွားရောက်သော ဗိုလ်ချုပ်စိုးဝင်း၏ တရုတ်ပြည်ခရီးသည် နအဖအတွက် အရေးပါသောခရီးစဉ်” တခုဖြစ်

သဘာဝဓာတ်ငွေ့ရှာဖွေရေးတွင် သူတို့၏ကမ်းလှမ်းချက်ကို မြန်မာနအဖက ပူးပေါင်းမှုနည်းပါးသည့်ကိစ္စအတွက်လည်း မကျေမလည်ဖြစ်နေသည်ဟု လယ်ရီဂျစ်ဂင်ဖြည့်စွက်ပြောသည်။

နှစ်နိုင်ငံဆက်ဆံရေးတွင် ထိုသို့မကျေလည်မှုများရှိနေသော်လည်း တရုတ်သည် လွန်ခဲ့သောနှစ်များကတည်းက မြန်မာနှင့်ဆက်ဆံရေးကောင်းမွန်အောင် ကြိုးပမ်းလာခဲ့သည်။ လောလောဆယ်တွင် တရုတ်က မြန်မာ့နိုင်ငံမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူရေးကိုစိတ်ဝင်စားလျက်ရှိပြီး၊ နအဖကလည်း တရုတ်နိုင်ငံမှငွေကြေးအကူအညီများ ရရှိရန်မျှော်လင့်နေသည်။ မကြာမီတွင် အိန္ဒိယသမုဒ္ဒရာအတွင်းမှ မြန်မာ့ဓာတ်ငွေ့ကိုထုတ်ယူနိုင်ရန်၊ တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်တွင် ဓာတ်ငွေ့ပိုက်လိုင်းတခုတည်ဆောက်မည်ဖြစ်သည်။

နိုင်ငံတကာစီးပွားရေးပိတ်ဆို့မှုများကြောင့် နအဖ၏နိုင်ငံရေး၊ စီးပွားရေးအခြေအနေသည် အိမ်နီးချင်းနိုင်ငံများအပေါ် ပို၍မှီခိုလာရသည်။ မကြာသေးခင်ကပင် နအဖနိုင်ငံခြားရေးဝန်ကြီး၊ ဦးဉာဏ်ဝင်းက “ကျနော်တို့ဟာ သံတမန်ဆက်ဆံရေးမှာ အရေးကြီးတဲ့၊ တရုတ်၊ အိန္ဒိယ၊ ထိုင်းစတဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ရင်းနှီးမှုတည်ဆောက်နိုင်ပြီဖြစ်တယ်”ဟု ပြောကြားခဲ့သည်။

ဗိုလ်ချုပ်စိုးဝင်း၏ ခရီးစဉ်အတွင်း နှစ်နိုင်ငံစီးပွားရေး၊ လုံခြုံရေးနှင့်နိုင်ငံရေးကိစ္စရပ်များကို အရေးတကြီးဆွေးနွေးခဲ့သည်ဟု တရုတ်သံတမန်တဦးကပြောသည်။ “စိုးဝင်းရဲ့ခရီးစဉ်မှာ ဆွေးနွေးတဲ့ကိစ္စတွေက ထူးခြားမှုတွေရှိပါတယ်။ သူကအဲန်ဂျီအိုတွေကို တရုတ်အစိုးရက ဘယ်လိုကိုင်တွယ်နေတယ်ဆိုတာကိုလည်းဆွေးနွေးခဲ့သေးတယ်”ဟု သူကဆိုသည်။

နိုင်ငံအတွင်း တဖြည်းဖြည်းနေရာရလာသော နိုင်ငံတကာအဖွဲ့အစည်းများနှင့် အဲန်ဂျီအိုများနှင့် ပတ်သက်၍စိုးရိမ်နေသော နအဖသည် ပြီးခဲ့သည့်လက မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အဲန်ဂျီအိုများကို ကန့်သတ်သောစည်းကမ်းများချမှတ်ခဲ့သည်။

ရန်ကုန်မှ သံတမန်အများစုက စီးပွားရေးချွတ်ခြုံကျပြီး၊ မြို့တော်အပြောင်းအရွှေ့ကိစ္စကြောင့် ငွေအကုန်အကျများနေသော နအဖသည် ငွေကြေးအကြပ်ရိုက်မှုများ ယာယီဖြေရှင်းနိုင်ရန်၊ တရုတ်ထံမှ အထောက်အပံ့များတောင်းခံလို၍ ၎င်းတို့ဝန်ကြီးချုပ်ကို တရုတ်ပြည်သို့စေလွှတ်ခြင်းဖြစ်သည်ဟု ယုံကြည်ကြသည်။

“နအဖဆီမှာ လောလောဆယ်ငွေကြေးအခက်အခဲကိုဖြေရှင်းဖို့ အကူအညီလိုအပ်နေသလို မြို့တော်သစ်တည်ဆောက်ရေးအတွက်လည်း နှစ်ရှည်ချေးငွေတွေလိုအပ်နေတယ်”ဟု အာရှသံတမန်တဦးက သုံးသပ်ပြသည်။ တရုတ်သည် ကြက်ပြေးမြို့တော်သစ်အတွက် လိုအပ်သောဂိုလ်တုနှင့် တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းများတွင် နအဖကို အကူအညီပေးထားပြီးဖြစ်သည်။

တရုတ်ပြည်ခရီးစဉ်အတွင်း ဗိုလ်ချုပ်စိုးဝင်းသည် ရန်ကုန်နှင့် ပျဉ်းမနားစက်မှုဇုံတည်ဆောက်ရေးတွင် နည်းပညာအကူအညီပေးရန် တရုတ်အစိုးရကိုကမ်းလှမ်းထားပြီး၊ တရုတ်လုပ်ငန်းရှင်များအနေဖြင့်လည်း မြန်မာနိုင်ငံတွင်လာရောက်ရင်းနှီးမြှုပ်နှံလျှင် ၎င်းတို့ဘက်က တရုတ်စီးပွားရေးလုပ်ငန်းများကို အကာအကွယ်ပေးမည်ဟု ကတိပေးခဲ့ကြောင်း တရုတ်သံတမန်က ဆက်ပြောသည်။

တရုတ်အရာရှိများသည် မြန်မာ့နိုင်ငံရေးနှင့်ပတ်သက်၍ ဗိုလ်ချုပ်စိုးဝင်းနှင့်ဆွေးနွေးမှုများရှိခဲ့သည်။

“တရုတ်အစိုးရသည် ‘လမ်းပြမြေပုံ’ အကောင်အထည်ဖော်ရာတွင် တိုးတက်မှုမပြသနိုင်သောနအဖကို အားမလိုအားမရဖြစ်နေပြီး၊ အမျိုးသားညီလာခံကို ယခုနှစ်ကုန်ပိုင်းအထိ ရပ်နားထားသည့်အချက်ကြောင့်လည်းနအဖကို အလွန်စိတ်ပျက်နေသည်ဟု

စာမျက်နှာ (၁၈) ကော်လံ (၄) သို့....

## ဒီ တခါနှုတ်ဆက်ခဲ့ရင်တော့

jyefokH-usatmifa'vD,m



ပြန်သောက်မိတဲ့ စီးကရက်တွေကလည်း
ငယ်ငယ်တုန်းက
စီးကရက်တွေမဟုတ်တော့ဘူး

ပြန်ထိုင်မိတဲ့
လက်ဖက်ရည်ဆိုင်တွေကလည်း
ငယ်ငယ်တုန်းက လက်ဖက်ရည်ဆိုင်တွေ
မဟုတ်တော့ဘူး

ပြန်နားထောင်မိတဲ့ သီချင်းတွေကလည်း
ငယ်ငယ်တုန်းက
သီချင်းတွေမဟုတ်တော့ဘူး

ပြန်ပေါင်းမိတဲ့ သူငယ်ချင်းတွေကလည်း
ငယ်ငယ်တုန်းက
သူငယ်ချင်းတွေမဟုတ်တော့ဘူး

ပြန်ရောက်ခဲ့တဲ့ ငါ့မြို့လေးဟာလည်း
ငယ်ငယ်တုန်းက မြို့လေးမဟုတ်တော့ဘူး

ငယ်ငယ်က“ မာရီလင်မွန်ရိုး” ကတော့
“ မာရီလင်မွန်ရိုး ”အတိုင်းလှပဆဲ

တို့အတူလွှတ်ဖူးတဲ့
စက္ကူလှေလေးတွေက
စမ်းချောင်းလေးအတိုင်းမျောပါဆဲ

တို့ကျောင်းရှေ့လမ်းမှာ
ခိန်ပန်းပွင့်တွေကလည်း
ငယ်ငယ်တုန်းကလိုကြွေဆဲပဲ

နှင်းဆီလိုချိုအီတဲ့
မင်းကိုယ်သင်းရနံ့တွေက
နှစ်နှစ်ဆယ်ကျော်ကာလကိုဖြတ်သန်း
သောင်ရင်းမြစ်တဖက်ကမ်းထိမွှေးပျံ့ဆဲ

ပဝါတကမ်း လက်တလှမ်း
နေ့ခွဲတွေဟာလည်း
တို့နှစ်ယောက်ကြားမှာ
အရင်ကအတိုင်းရှိနေဆဲ

မဖြောင့်တန်းတဲ့
ငါ့လျှောက်နေကျလမ်းတွေလို
တို့သူငယ်ချင်း “ ဝေန ” ဟာလည်း
ကွေ့ကောက်ဆဲ

ငြိမ်းချမ်းပါစေ “ ဒေလီယာ ”
ငြိမ်းချမ်းပါစေ ကမ္ဘာမြေကြီး
ငြိမ်းချမ်းပါစေ ကိုယ့်ရဲ့အလွမ်းများ

ရေစီးကြမ်းတဲ့မြစ်ကို ဆန်လို့
လူသားရဲ့ ဝိညာဉ်မွန်ဟာ
ခေတ်တွေကို
အချစ်တွေနဲ့သယ်ဆောင်လို့ပါလား

အရှေ့ဆီမှာ
ရောင်နီလာတော့မယ် “ ဒေလီယာ” ။ ။

သစ်ကောင်းအိမ်

# နအဖ ရေတပ်က တရားဝင် ငါးဖမ်းလှေကို လုယက်တိုက်ခိုက် ရေလုပ်သား (၄) ဦးပြင်းထန်စွာ ဒဏ်ရာရ

ပြီးခဲ့သည့်လက တနင်္သာရီကမ်းရိုးတန်း၊ မြန်မာ့ရေပိုင်နက်အတွင်း တရားဝင်ငါးဖမ်းနေသော ယောနသံကုမ္ပဏီပိုင်ရေယာဉ်တစင်းကို နအဖ ရေတပ်ကပစ်ခတ်ခဲ့သဖြင့် သင်္ဘောပေါ်ပါလာသော ရေလုပ်သား (၄) ဦးပြင်းထန်စွာဒဏ်ရာ ရရှိသွားကြောင်းသိရသည်။

ဖြစ်ပွားပုံမှာ ဖေဖော်ဝါရီ (၂၂) ရက် ညပိုင်းက တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်၊ ပလုတ်တုန်းတုန်းကျေးရွာပိုင် အုန်းကျွန်းအနီးတွင် ငါးဖမ်းနေသော ယောနသံငါးဖမ်းသင်္ဘောယာဉ်အမှတ် (၄၁၁) ကို နအဖ ရေတပ်မှကင်းလှည့်ရေယာဉ် အမှတ် (၄၁၃) က ကမ်းနားသို့ကပ်ခိုင်းခဲ့သည်။

ကမ်းပေါ်တွင် ငါးဖမ်းသင်္ဘောမှတာဝန်ရှိသူက စစ်ရေယာဉ်မှူးအား ဒီဇယ်ဆီ (၂) ပီပါပေး၍လာဘ်ထိုးခဲ့သော်လည်း၊ နအဖ စစ်သားများက ငါးဖမ်းသင်္ဘောပေါ်မှ စားသောက်စရာများကို အတင်းအဓမ္မယူငင် ချက်ပြုတ်စားသောက်ခဲ့ကြသည်။

နောက်တနေ့နံနက် (၂) နာရီတွင် စစ်ရေယာဉ်မှ အရက်မူးနေသော စစ်သားတဦးက ငါးဖမ်းသင်္ဘောကို စက်လက်သေနတ် ဖြင့်ပစ်ခတ်ခဲ့ရာသင်္ဘောပေါ်ပါလာသော ထားဝယ်လူမျိုးရေလုပ်သား (၄) ဦးသေနတ် ထိမှန်၍ ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။

လောလောဆယ်တွင်ဒဏ်ရာရသူအားလုံးကို ကော့သောင်းမြို့ (၂) မိုင်ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ဆေးကုသနေပြီး နအဖဆေးတပ်ရင်းမှ တပ်ကြပ်ကြီးများက လူနာများကို စောင့်ကြပ်နေကြောင်း၊ ယင်းပစ်ခတ်မှုကို ကုမ္ပဏီအရာရှိများက ရန်ကုန်ရှိ ငါးလုပ်ငန်းဦးစီးဌာနချုပ်ထိ တိုင်ကြားထားကြောင်းသိရှိရသည်။

ယောနသံ ငါးဖမ်းကုမ္ပဏီသည် တရားဝင်လိုင်စင်ဖြင့်လုပ်ကိုင်နေသော ထိုင်းကုမ္ပဏီဖြစ်ပြီး ပိုင်ရှင်မှာရနောင်းမြို့မှ ထိုင်းလူမျိုး အချိုင်ဆိုသူဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

# အိုင်စီအာရ်စီအဖွဲ့အကျဉ်းသားများနှင့်တွေ့ခွင့်မရသေး

ရဲဘက်စခန်းများမှ အကျဉ်းသား (၈၀) နှင့် သွားရောက်တွေ့ဆုံမည့် ၎င်းတို့၏ ခရီးစဉ်ကို နအဖက ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းထားကြောင်း နိုင်ငံတကာကြက်ခြေနီအဖွဲ့က ဖေဖော်ဝါရီ (၂၇) ရက်နေ့တွင် ပြောဆိုသည်။

"အခြေအနေကတော့ သိပ်မကောင်းပါဘူး။ ကျမတို့ရဲ့ အစီအစဉ်ကို အာဏာပိုင်တွေက ပြီးခဲ့တဲ့နှစ်ကုန်ကတည်းက ခွင့်မပြုဘူး"ဟု အိုင်စီအာစီမှ ပြောရေးဆိုခွင့်ရှိသူ ဖိရိုနာတာရီက အေအက်ဖ်ပီသို့ပြောသည်။

နအဖသည် (၁၉၉၉) ခုနှစ်က စခဲ့သောအိုင်စီအာစီနှင့် အကျဉ်းသားများတွေ့ဆုံသည့်အစီအစဉ်ကို အကြောင်းမဲ့ဖျက်သိမ်းထားခြင်းဖြစ်သည်ဟု သူမကဆိုသည်။

ထိုကာလက အိုင်စီအာစီသည် အကျဉ်းသား (၄၅၃) ဦးကို တွေ့ဆုံနိုင်ခဲ့ပြီး၊ နေအိမ်အကျယ်ချုပ်ကျခံနေရသော မြန်မာဒီမိုကရေစီခေါင်း ဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း (၂) ကြိမ်တိုင်တိုင် သွားရောက်တွေ့ဆုံခဲ့သည်။

လူ့အခွင့်အရေးအဖွဲ့များက မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသား (၁၁၀၀) ကျော်ရှိနေသေးသည်ဟု ပြောဆိုနေသော်လည်း၊ အိုင်စီအာစီအဖွဲ့အနေဖြင့် ထိုကိစ္စကို လူသိရှင်ကြား ထုတ်ဖော်ပြောဆိုခဲ့ခြင်းမရှိပေ။

မစ္စက်တာရီက (၂၀၀၄) ခုနှစ် အောက်တိုဘာလက ဗိုလ်ချုပ်ခင်ညွန့် ဖြုတ်ချခံရပြီးချိန်ကစ၍ အိုင်စီအာစီ၏ လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် ပို၍အခက်တွေ့လာရသည်ဟုဆိုသည်။

အိုင်စီအာစီသည် ကမ္ဘာ့နိုင်ငံပေါင်း (၈၀) မှ အကျဉ်းထောင်နှင့် အကျဉ်းသားများ၏ အခြေအနေကောင်းမွန်ရေးအတွက် စောင့်ကြည့်လေ့လာ၍ လိုအပ်သောအကူအညီပေးနိုင်အောင် ကြိုးပမ်းလျက်ရှိသည်။

မစ္စက်တာရီက " ခက်နေတာက နိုင်ငံရေးအကျဉ်းသားကို ကျမတို့ လိုက်တွေ့တဲ့အခါမှာ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ဒါမှမဟုတ် အမျိုးသမီးအဖွဲ့တွေက ကျမတို့နောက်ကနေလိုက်ပါစောင့်ကြည့်နေတဲ့ကိစ္စပါ။ တချို့ကိစ္စတွေမှာတော့ ပူပေါင်းဆောင်ရွက်ဖို့ ကျမတို့ဆန္ဒရှိပါတယ်။ ဥပမာ ကျမတို့သိထားတဲ့ ဗဟုသုတတွေကို မျှဝေပေးဖို့ ကျမတို့ဝန်မလေးပါဘူး။ အကျဉ်းသားတွေကို ကူညီတဲ့ကိစ္စမှာ မြန်မာပြည်ကအဖွဲ့အစည်းတွေ ကျမတို့နဲ့အတူ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင်တော့ ဝမ်းသာစရာကောင်းပါတယ်"ဟု သူမကဆိုသည်။

"ဒါပေမယ့် အဲ့ဒီအဖွဲ့တွေနဲ့အတူတူ သွားမယ်ဆိုရင် အကျဉ်းသားတွေနဲ့လွတ်လွတ်လပ်လပ်တွေ့ပြီး အခြေအနေမှန်ကို သိအောင် ဘယ်လိုမှလုပ်နိုင်မှာမဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် ဒီအခြေအနေတွေပြေလည်သွားမယ်လို့ တော့ထင်ပါတယ်။ ဘယ်တော့လဲဆိုတာတော့ ကျမတို့ တိတိကျကျမသိဘူးပေါ့" ဟု သူမကဆက်ပြောသည်။

အိုင်စီအာစီ၏ အကျဉ်းသားများနှင့် တွေ့ဆုံသောခရီးစဉ်များတွင် အကျဉ်းသားများအတွက်မရှိမဖြစ်လိုအပ်နေသောဆပ်ပြာ၊ ဆေးဝါးများထောက်ပံ့ပေးခြင်း၊ ထောင်ဝင်စာမရှိသောအကျဉ်းသားများနှင့် မိသားစုများအကြားတွင် အဆက်အသွယ်ရအောင် ပြုလုပ်ပေးခြင်းများရှိခဲ့ကြောင်း နိုင်ငံရေးအကျဉ်းသားဟောင်းတဦးက အမှတ်တရပြန်ပြောပြသည်။

မကြာသေးခင်ကပင် မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာပင်ဟေးရိုးက အိုင်စီအာစီ၏ ခရီးစဉ်များပိတ်ပင်ခံနေရခြင်းသည် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးအခြေအနေများ ဆိုးရွားနေသေးကြောင်းကို သက်သေထူနေသည်ဟု ပြောဆိုထားသည်။❖

# အသက် (၄) နှစ်အရွယ်လူမမယ်ကိုထောင်ချ

နအဖသည် အသက် (၄)နှစ် အရွယ်ကလေးငယ်တဦးနှင့် မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူ (၃) ဦးကို ဖမ်းဆီးထောင်ချထားကြောင်း ပြည်တွင်းသတင်းများအရ သိရှိရသည်။

ဇန်နဝါရီ (၁၄) ရက်နေ့က အိန္ဒိယနိုင်ငံတွင်အခြေစိုက်၍ မြန်မာ့ဒီမိုကရေစီအရေးလှုပ်ရှားသူ ကိုချစ်သိန်းထွန်း၊ ဇနီးနှင့် သမီးဖြစ်သူ အိပိုပိုတို့ကို အိန္ဒိယနိုင်ငံ၊ မိုးရေးမြို့နေအိမ်တွင် နအဖစစ်တပ် ၄ားရမ်းထားသော အိန္ဒိယလက်နက်ကိုင်အဖွဲ့တဖွဲ့က ဝင်ရောက်ဖမ်းဆီးခဲ့သည်။

အလစ်အငိုက်ဖမ်းဆီးမှုတွင် ကိုချစ်သိန်းထွန်းတို့မိသားစု (၃) ဦးနှင့်အတူ အိန္ဒိယအခြေစိုက် မြန်မာ့ဒီမိုကရေစီအရေးလှုပ်ရှားသူ ကိုမောင်မောင်ဦးလည်း အဖမ်းခံခဲ့ရသည်။

(၂) ရက်ခန့်အကြာတွင် ကိုမောင်မောင်ဦး၊ ကိုချစ်သိန်းထွန်း၊ ဇနီးနှင့် သမီးဖြစ်သူတို့ကို မြန်မာအာဏာပိုင်များလက်သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး၊ တမူးမြို့အချုပ်ခန်းတွင် ဆက်လက်ဖမ်းဆီးထားခဲ့သည်။

ကိုချစ်သိန်းထွန်းနှင့် ကိုမောင်မောင်ဦးတို့သည် ယခုအခါ အင်းစိန်ထောင်တွင် ဆက်လက်ဖမ်းဆီးခံနေရပြီး၊ ကိုချစ်သိန်းထွန်း၏ဇနီး မမီးမီးနှင့် သမီးဖြစ်သူတို့ကို တမူးအချုပ်ခန်းတွင် အာဏာပိုင်များက ဆက်လက်ချုပ်နှောင်ထားသည်ဟု ယူဆရသည်။

အဖမ်းခံရသူများ၏ အသက်အန္တရာယ်ကိုစိုးရိမ်ရသည့်အတွက် ၎င်းတို့ကို အကာအကွယ်ပေးရန် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့နှင့် နိုင်ငံတကာကြက်ခြေနီအဖွဲ့တို့ကို အိန္ဒိယရှိ မြန်မာ့ဒီမိုကရေစီအင်အားစုများက မေတ္တာရပ်ခံတောင်းဆိုထားသည်။

# ဦးခွန်ထွန်းဦးတို့အမှုကို ပထမဆုံးအယူခံတင်

ထောင်နှစ်ရှည်ချမှတ်ခံထားရသော ရှမ်းအဖွဲ့ချုပ်ခေါင်းဆောင် ဦးခွန်ထွန်းဦးအပါအဝင် ရှမ်းခေါင်းဆောင် (၈) ဦး၏ အမှုတွဲအတွက် ပထမဦးဆုံးအယူခံကို ယခုလ ဖေဖေါ်ဝါရီ (၂၁) ရက်နေ့က တိုင်းတရားရုံးချုပ်ထံ တင်သွင်းလိုက်ကြောင်းသိရသည်။

ယင်းအယူခံကိစ္စနှင့်ပတ်သက်၍ အမှုကို အဓိကဆောင်ရွက်နေသော အဖွဲ့ချုပ်ရှေ့နေ ဦးအောင်သိန်းက " ဗိုလ်ချုပ်ဆေထင်အတွက်ကတမှု၊ ဦးခွန်ထွန်းဦးက တမှု၊ ဦးစိုင်းညွှန့်လွင်က တမှု၊ ဦးမြင့်သန်းနဲ့ (၅) ဦးကတမှု အုပ်စု (၄) စုခွဲပြီးတက်လိုက်တယ်။ အခုဟာ ပုဒ်မ (၁၂၄-က) နိုင်ငံတော်အကြည်ညိုပျက်စေတဲ့အပေါ်မှာဘဲ အခြေခံထားပြီး အများပြည်သူဆိုင်ရာ အပက ပုဒ်မ၊ ပုံနှိပ်ပုဒ်မ၊ (၁၂၂-၁) နိုင်ငံတော် ပုန်ကန်မှုဆိုတဲ့ပုဒ်မတွေ လဲရှိသေးတယ်။

ဒီအယူခံ တက်တယ်ဆိုတာကတော့ ကျနော်တို့မှာ မျှော်လင့်ချက်တွေရှိပါတယ်။ မျှော်လင့်ချက်မရှိဘူး။ ဒါတွေကမဖြစ်နိုင်ဘူးဆိုပြီး လက်လျှော့ပစ်လို့တော့မရပါဘူး။

တချို့ပုဒ်မတွေကျတော့ သူတို့ပြောသလောက်နိုင်ငံတော်အပေါ်မှာ ပုန်ကန်တဲ့အနေအထားတွေမဟုတ်ဘူး၊ နိုင်ငံတော်အကြည်ညိုပျက်စေအောင် ပြောတာမဟုတ်ဘူးဆိုတဲ့ အချက်အလက်တွေ တွေ့နေရတယ်၊ အမှုထဲက ဖြစ်ပေါ်မှုတွေကို ထိုးဖောက်ပြီးတော့ တင်ပြရမယ့်တာဝန်က ကျနော်တို့ရှေ့နေတာဝန်ပါ" ဟု ဒီဗွီဘီသို့ ပြောသည်။

ရှမ်းခေါင်းဆောင် (၈) ဦးကို ယမန်နှစ် ဖေဖေါ်ဝါရီလ (၈) ရက်နေ့က ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး၊ နိုဝင်ဘာလ (၃) ရက်နေ့တွင် နိုင်ငံတော်အကြည်ညိုပျက်စေသော ပုဒ်မအပါအဝင် ပုဒ်မပေါင်းများစွာနှင့် သမိုင်းတွင်ရစ်မည့် ထောင်ဒဏ်များချမှတ်၍ ဝေးလံခေါင်သီသော အကျဉ်းထောင်များသို့ ပို့ခဲ့သည်။

ရှမ်းခေါင်းဆောင်များမှာ ရှမ်းတိုင်းရင်းသား ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ နှင့် စီအာရ်ပီပီအဖွဲ့ဝင် ခွန်ထွန်းဦး ထောင်ဒဏ် (၉၃) နှစ် ပူတာအိုထောင် ၊ အတွင်းရေးမှူး စိုင်းညွန့်လွင် ထောင်ဒဏ် (၈၅) နှစ် ကလေးထောင်၊ အဖွဲ့ဝင် ဦးစိုင်းလှအောင် ထောင်ဒဏ် (၇၅) နှစ် ကျောက်ဖြူထောင်၊ ရှမ်းပြည်တပ်မတော်မြောက်ပိုင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ဆေထင် ထောင်ဒဏ် (၁၀၆) နှစ် ခန္တီးထောင်၊ မျိုးဆက်သစ် (ရှမ်းပြည်) ကျောင်းသားလူငယ်များအဖွဲ့မှ ဦးမြင့်သန်း ထောင်ဒဏ် (၇၅) နှစ် သံတွဲထောင်၊ ဦးထွန်းညို ထောင်ဒဏ် (၇၅) နှစ် ဘူးသီးတောင်ထောင် ၊ စိုင်းညီမိုး ထောင်ဒဏ် (၇၅) နှစ် ပခုက္ကူထောင်နှင့် စိုင်းမျိုးဝင်းထွန်း ထောင်ဒဏ် (၇၅) နှစ် မြင်းခြံထောင်တို့ဖြစ်သည်။



ခွန်ထွန်းဦး

● တချို့ပုဒ်မ တွေကျတော့ သူတို့ပြောသလောက်
နိုင်ငံတော်အပေါ်မှာ ပုန်ကန်တဲ့အနေအထား တွေမဟုတ်ဘူး၊
နိုင်ငံတော် အကြည်ညိုပျက်စေအောင်
ပြောတာမဟုတ်ဘူးဆိုတဲ့အချက် အလက်တွေ တွေ့နေရတယ်၊
အမှုထဲက ဖြစ်ပေါ်မှုတွေကို ထိုးဖောက်ပြီးတော့ တင်ပြရ
မယ့်တာဝန်က ကျနော်တို့ရှေ့နေတာဝန်ပါ ... ●

ထိုသို့ခွန်ထွန်းဦးအပါအဝင် ရှမ်းခေါင်းဆောင်များကို ထောင်နှစ်ရှည်ချမှတ်မှုအပေါ် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ဒီမိုကရေစီအင်အားစုများက ပြင်းထန်စွာ ဝေဖန်ရှုတ်ချလိုက်ပြီး၊ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (အဲန်ဒီအက်ဖ်) က အပစ်အခတ် ရပ်စဲထားသော အဖွဲ့အစည်းများနှင့် မဟာလူမျိုးကြီးဝါဒကိုင်စွဲထားသော နအဖ၏ ယခုလုပ်ရပ်အပေါ် သင်ခန်းစာအဖြစ်မှတ်ယူကြရန် လိုသည်ဟုဆိုသည်။

ကေအန်ယူကမူ အမျိုးသားညီညွတ်ရေး၊ ဖက်ဒရယ်ပြည်ထောင်စုအရေး၊ စစ်မှန်သောငြိမ်းချမ်းရေးအတွက် တရားဝင်လုပ်ကိုင်နေသော ရှမ်းခေါင်းဆောင်များကို ဤကဲ့သို့ ထောင်ချခြင်းသည် နအဖခေါင်းဆောင်များ၏အတွင်းစိတ်ကို ဖော်ပြလိုက်ခြင်းသာဖြစ်သည်ဟုပြောဆိုထားသည်။❖

နိုင်ငံတကာ

## သတင်းတိုထွာ

## အာဖရိကအငတ်ဘေး အရေးပေါ်ရိက္ခာများလိုအပ်နေ

အာဖရိကတိုက်တဝက်ကျော်ကျော်သည် ရိက္ခာအထောက်အပံ့အရေးပေါ် လိုအပ်နေသည်။ ဆိုမာလီယာ၊ မာလာဝီ၊ နိုင်ဂျာ၊ ကင်ညာ၊ ဇင်ဘာဘွေစသည့်နိုင်ငံများတွင် ရာသီဥတုဖောက်ပြန်ခြင်းနှင့် ပြည်တွင်းရေးပြဿနာများကြောင့် အငတ်ဘေးဆိုးကြီးနှင့် ရင်ဆိုင်နေကြရသည်။ အပြည်ပြည်ဆိုင်ရာ စားနပ်ရိက္ခာမူဝါဒ သုတေသနအဖွဲ့၏အဆိုအရ အာဖရိကတိုက်၏ စိုက်ပျိုးရေးလုပ်ငန်းမှာ ပြဿနာများစွာရင်ဆိုင်နေရခြင်းကြောင့် ပြည်သူ သန်း (၂၀၀) မှာ အာဟာရချို့တဲ့မှုဒဏ်ခံစားနေရသည်။

စစ်ပွဲများ၊ အာဏာသိမ်းမှုများ၊ လူမှုပဋိပက္ခများ နှစ်ပေါင်းကြာရှည်စွာဖြစ်ပွားမှုသည် သဘာဝဘေးအန္တရာယ်ထက် အငတ်ဘေးပြဿနာပိုမိုကြီးထွားစေခဲ့သည်မှာ ထင်ရှားသည်ဟုဆိုသည်။ လာဘ်ပေးလာဘ်ယူမှုများ၊ ပူးပေါင်းလိမ်လည်မှုများနှင့် ဆွေမျိုးသားချင်းကောင်းစားရေးဝါဒများစသည်တို့သည် နိုင်ငံတိုးတက်ဖွံ့ဖြိုးမှုအတွက် ကြိုးပမ်းသည့်အစိုးရများ၏ စွမ်းရည်ကို အဟန့်အတားဖြစ်စေသည်ဟုဆိုသည်။

## တရုတ်ပြည်မကြီးက ထိုင်ဝမ်ကိုသတိပေး

ပြည်မကြီးနှင့်ပေါင်းစပ်ရေးကောင်စီအား ဖျက်သိမ်းမည့် ထိုင်ဝမ်၏ဆုံးဖြတ်ချက်ကို ဘေးအန္တရာယ်ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည်ဟု တရုတ်နိုင်ငံမှသတိပေးပြောကြားလိုက်သည်။

ထိုသို့ပြုလုပ်ခြင်းသည် ထိုင်ဝမ်နှင့်တရုတ်ကွန်မြူပါတီ၊ အစိုးရတို့ကြားတွင် အမုန်းတရားနှင့်ပြဿနာများကို ဖန်တီးရာရောက်လိမ့်မည်ဟု တရုတ်အစိုးရကြေငြာချက်တွင် ဖော်ပြထားသည်။ အမျိုးသားပြန်လည်ပေါင်းစပ်ရေးကောင်စီနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများသည် တရုတ်နိုင်ငံ၏ စစ်ရေးခြိမ်းခြောက်မှုကြောင့် ရပ်ဆိုင်းသွားနိုင်သည်ဟု မစ္စတာချန်ကကြေငြာသည်။ မစ္စတာချန်သည် ထိုင်ဝမ်အား ကိုယ်ပိုင်လွတ်လပ်ရေးရရှိရန် တွန်းပို့နေသည်ဟု တရုတ်ပြည်ကပြောကြားလိုက်သည်။

တရုတ်နှင့်ထိုင်ဝမ်သည် (၁၉၄၉) ပြည်တွင်းစစ်ရပ်စဲပြီးသည်မှစ၍ သီးခြားစီအုပ်ချုပ်ခဲ့ကြပြီး၊ ထိုင်ဝမ်သည် တရုတ်ပြည်၏ ပိုင်နက်နယ်မြေဖြစ်သည်ဟု တရုတ်တို့က အစဉ်တစိုက်ယူဆထားခဲ့ကြသည်။ အကယ်၍ ထိုင်ဝမ်သည် လွတ်လပ်ရေးကြေငြာမည့် လှုပ်ရှားမှုများပြုလုပ်လာပါက တရုတ်က အင်အားသုံးမည်ဟုခြိမ်းခြောက်ထားသည်။

မစ္စတာချန်အနေဖြင့် ကြေညာချက်ထုတ်ပြန်သည့်နေရာတွင် ကောင်စီအားဖျက်သိမ်းမည်ဟုမဆိုလိုဘဲ၊ ရပ်နားမည်ဟုသာ သတိပေးပြောကြားခဲ့ကြောင်းနှင့် သက္ကရာဇ် (၂၀၀၀) ခုနှစ်အတွင်း ကောင်စီနှင့်ကောင်စီ၏ ညွှန်ကြားမှုများအား ဖျက်သိမ်းမည်မဟုတ်ကြောင်း ကတိပေးပြီးဖြစ်သည်ဟုဆိုသည်။

## အကြမ်းဖက်နှိမ်နင်းရေးစစ်ပွဲအတွက် ပါကစ္စတန်သည် အမေရိကန်ထံမှ အကူအညီများလိုအပ်

ပါကစ္စတန်ဗိုလ်ချုပ်ကြီး ပါဗက်မူရှာရက်ဖ်က အင်တာဗျူးတခုတွင် ပြောကြားရာ၌ အယ်လ်ကိုင်ဒါနှင့် တာလီဘန်တို့ကိုတိုက်ခိုက်နှိမ်နင်းရန်အတွက် အမေရိကန်ထံမှစစ်ရေးနှင့် ထောက်လှမ်းရေးအကူအညီများ ပိုမိုလိုအပ်လျက်ရှိပြီး အီရတ်နိုင်ငံတည်ငြိမ်ရေးအတွက် ပါကစ္စတန်တပ်များမပို့လွှတ်မီ အီရတ်ပြည်သူများနှင့် အစ္စလာမ်ကမ္ဘာ၏ နိုင်ငံရေးအရပိုမိုထောက်ခံမှုရရန်လိုအပ်ကြောင်း ပြောကြားလိုက်သည်။

အီရတ်၌ ကုလသမဂ္ဂကြီးမှူးသော နိုင်ငံစုံတပ်ဖြစ်ပေါ်လာရေးအတွက် စစ်တပ်များပို့လွှတ်ရေးသည် ပါကစ္စတန်လူထုကြား၌ လွန်စွာသဘောကျနှစ်ခြိုက်သည့် ကိစ္စမဟုတ်ကြောင်း၊ ကုလသမဂ္ဂ၊ မူဆလင်နိုင်ငံများ၊ အာရပ်နိုင်ငံများနှင့် အီရတ်လူမျိုးများကိုယ်တိုင် တောင်းဆိုလာပါက ဖြစ်နိုင်စရာရှိကြောင်းပြောဆိုသွားသည်။

## အီရတ်စစ်ပွဲအတွင်း အမေရိကန်နှင့်ညွှန့်ပေါင်းစစ်သားအကျအဆုံး

(၂၀၀၆) ခုနှစ်၊ ဖေဖော်ဝါရီလကုန်ထိ ကျဆုံးသွားသော အမေရိကန်နှင့်ညွှန့်ပေါင်းတပ်ဖွဲ့များမှ အတည်ပြုပြီးစစ်သားဦးရေမှာ စုစုပေါင်း (၂,၅၀၁) ဦးရှိသွားပြီဖြစ်ပြီး ၎င်းတို့မှာ အမေရိကန်စစ်သား (၂,၂၉၆)၊ ဗြိတိသျှစစ်သား (၁၀၃) ဦး၊ ဘူဂေးရီးယားစစ်သား (၁၃) ဦး၊ ဒိန်းမတ်စစ်သား (၂) ဦး၊ ဒတ်ချ်စစ်သား (၂) ဦး၊ အက်စ်တိုနီးယားစစ်သား (၂) ဦး၊ ဟန်ဂေရီစစ်သား (၁) ဦး၊ အီတလီစစ်သား (၂၆) ဦး၊ ဂါဇက်စစ်သား (၁) ဦး၊ လတ်ဗီယန်းစစ်သား (၁) ဦး၊ ပိုလန်စစ်သား (၁၇) ဦး၊ ဆာဗေးဒိုးစစ်သား (၂) ဦး၊ ဆလိုဗက်စစ်သား (၃) ဦး၊ စပိန်စစ်သား (၁၁) ဦး၊ ဩစတေးလျ (၁) ဦး၊ ထိုင်းစစ်သား (၂) ဦး နှင့်ယူကရိန်းစစ်သား (၁၈) ဦးတို့ဖြစ်ကြသည်။ ပင်တဂွန်သတင်းဌာနအရ စစ်ပွဲအတွင်းဒဏ်ရာရရှိသော အမေရိကန်စစ်သားများမှာ (၁၆,၉၀၆) ဦးရှိပြီးဖြစ်သည်။ (စီအဲန်အဲန်)

## ဝန်ကြီးချုပ်သက်ဆင်အားကန့်ကွက်ဆန္ဒပြမှု ဘန်ကောက်၌ အကြီးအကျယ်ဖြစ်ပွား

## ဗမ္မစစ်သည်တော်များလည်းတက်ကြွစွာပါဝင်


သက်ဆင်ဖြုတ်ချရေး ဆန္ဒပြနေကြသူများ

အခြေခံဥပဒေကိုဖျက်ဆီးပြီး၊ မိသားစုစီးပွားရေးအတွက် ပေါ်လစီများကို လိုသလိုဖန်တီးခဲ့သည်ဟု စွပ်စွဲခံနေရသော တယ်လီဖုန်းကုမ္ပဏီ တိုင်ကွန်းဟောင်းတယောက်ဖြစ်သူ မစ္စတာသက်ဆင်အား အင်အားတသိန်းခန့်ရှိ ဆန္ဒပြသမားများက ဟစ်အော်ဆန္ဒပြခဲ့ကြသည်။

ထိုင်းရတ်ထိုင်း (ထိုင်းချစ်သော ထိုင်းပြည်သူများ) ပါတီသည် ဒုတိယအကြိမ်ရွေးကောက်ပွဲတွင် မဲအပြတ်အသတ်အနိုင်ရရှိခဲ့သော်လည်း ယခုသီတင်းပတ်အတွင်း၌ ဝန်ကြီးချုပ်အပေါ် လူကြိုက်များမှု သိသိသာသာကျဆင်းနေသည်။

မစ္စတာသက်ဆင်အား နိုင်ငံရေးလောကသို့သွင်းခဲ့သူ ဗိုလ်ချုပ်ကြီးဟောင်း ချမ်လောင်းသီရိမောင်လည်း တက်ရောက်ခဲ့သည်၊ မစ္စတာချမ်လောင်းသည် (၁၉၉၂) တွင် စစ်တပ်ခေါင်းဆောင်သော အစိုးရတခုအား ဆန့်ကျင်ရာ၌ အောင်မြင်သော်လည်း သွေးထွက် သံယိုမှုရှိခဲ့သည့် “လူထုလက်တွင်းအာဏာရရှိရေး”တော်လှန်ရေးကို ဦးဆောင်ခဲ့သည့် ခေါင်းဆောင်တဦးဖြစ်သည်။

မစ္စတာချမ်လောင်းသည် နက်ပြာရောင်ရှပ်အင်္ကျီများ ဝတ်ဆင်ထားသော ဆန္ဒပြသူ “ဓမ္မစစ်သည်တော်များ” ၏ အဖွဲ့ဝင် (၃၀၀၀) နှင့်အတူ လူထုအင်အားပြပွဲကြီးကိုစတင်ခဲ့သည်။ ပိုစတာများကလည်း မစ္စတာသက်ဆင်အား အဒေါ့ဖ်ဟစ်တလာပုံမျိုးသရုပ်ဖော်ခဲ့ကြပြီး၊ သက်ဆင်၏ “ရွှေတုပြလိမ်မှာ သတိထား” ဟုလည်း ရေးသားဖော်ပြကြသည်။ ယမန်နေ့က မစ္စတာ ချမ်လောင်း၏ စည်းရုံးတောင်းဆိုမှုကြောင့် ဆန္ဒပြမှုစတင်ရန်၊ ဆန္ဒပြသမားများ စုရုံးရောက်ရှိလာပြီး မစ္စတာ သက်ဆင်ပြုတ်ကျသည်အထိ မရပ်မနားဆန္ဒပြမည်ဟုဆိုသည်။

“သူတို့တွေ ဒီညဒီနေရာမှာအိပ်ကြလိမ့်မယ်၊ ဘယ်ကိုမှသွားမှာမဟုတ်ဘူး၊ ဒါက အကောင်းဆုံးနည်းဘဲ၊ အရေးကြီးတာက ဒီအင်အားပြပွဲကြီးကို ပြည်သူတွေလာကြဖို့လိုတယ်။ ဖေဖော်ဝါရီ (၂၆၊ ၂၇၊ ၂၈) နေ့တွေမှာ လူအရေအတွက်များလေ နိုင်ဖို့အခွင့်အလမ်းပိုများလေဘဲ”ဟု မစ္စတာ ချမ်လောင်းကပြောခဲ့သည်။ အချို့ဆန္ဒပြသမားများမှာ အဝါရောင်တီရှပ်များ ဝတ်ဆင်ထားကြသည်။ အရောင်မှာ ထိုင်းတော်ဝင်မိသားစုအားရည်ညွှန်းသည့် သီးခြားအရောင်ဖြစ်သည်ဟု ထိုင်းကယူဆထားသည်။

ထိုင်းဘုရင်စနစ်တွင် ပုံမှန်အားဖြင့် နိုင်ငံရေးအာဏာမရှိသော်လည်း ထိုင်းဘုရင် ဘူမိဘော်အဒူယာဒက်ရ်က နိုင်ငံခေါင်းဆောင်ပိုင်း ကိုယ်ကျင့်တရားချို့ယွင်းမှုနှင့် ရပ်ဝါဒနှင့်လောဘဇောတိုက်မှုများ တိုးပွားလာနေမှုများနှင့်ပါတ်သက်၍ ဝေဖန်ပြောကြားခဲ့ရာ မစ္စတာသက်ဆင်၏ လုပ်ကိုင်ပုံများကို ရည်ညွှန်းသည်ဟုဆိုသည်။

ရုပ်သံလွှင့်မိန့်ခွန်းတွင် မစ္စတာသက်ဆင်ပြောကြားရာတွင် နိုင်ငံရေးမရေမရာမှုအပေါ် ရှုမြင်သုံးသပ်ပြီး လူထုဆီအာဏာအပ်နှင်းခွင့်ပြုရန်နှင့် သို့မှသာ လူထုက ထပ်မံဆုံးဖြတ်နိုင်မှာဖြစ်ကြောင်း ပြောကြားခဲ့သည်။ သို့သော် အတိုက်အခံပါတီ (၃) ခုက ဧပြီလ (၂) ရက်နေ့ ရွေးကောက်ပွဲအစီအစဉ်ကို သပိတ်မှောက်ရန် ခြိမ်းခြောက်ထားပြီး၊ စနစ်အတွင်းထိန်းညှိရေး မျှခြေတခုအားကောင်းရန် အခြေခံဥပဒေပြန်လည်ပြင်ရေး အထူးအခြေအနေတရပ်ကို မစ္စတာသက်ဆင်လက်ခံရလိမ့်မည်ဟု တင်ပြပြောဆိုလိုက်သည်။

မစ္စတာသက်ဆင်သည် ရှီနာဝပ်တရာကော်ပိုရေးရှင်းကြီးဖြစ်သော သူ၏တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းစုကြီးအား စင်ကာပူကုမ္ပဏီတခုသို့ ထိုင်းဘတ်ငွေ (၇၃.၃) ဘီလီယံ (ပေါင်စတာလင် ၁ ဘီလီယံကျော်) ဖြင့် ရောင်းချခဲ့သော်လည်း အမြတ်ခွန်ပေးဆောင်ခြင်းမရှိဟု ဆိုသည်။ ထို့ကြောင့် ဆန္ဒပြမှုများပေါ်ထွက်လာခြင်းဖြစ်သည်။

❖

## ပါလက်စတိုင်းအစိုးရသစ်အပေါ် အစ္စရေးက စီးပွားရေးပိတ်ဆို့

ဟားမားစ်ဦးဆောင်သော ပါလက်စတိုင်းအစိုးရသစ်အပေါ် အစ္စရေးက အရေးယူဒဏ်ခတ်လိုက်သည့်အတွက် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့သည် ငွေကြေးအကြပ်အတည်းကြုံတွေ့နေရသည်ဟု ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အာဘတ်က ပြောကြားလိုက်သည်။

ပါလက်စတိုင်း အာဏာပိုင်အဖွဲ့သည် အကြမ်းဖက်အဖွဲ့အဖြစ် ပြောင်းလဲနေပြီဟု အစ္စရေးယာယီဝန်ကြီးချုပ် လီဟွတ်အိုမက်ကပြောဆိုလိုက်ပြီး၊ အစ္စရေးအနေဖြင့် ပါလက်စတိုင်းအစိုးရနှင့် အဆက်အသွယ်လုပ်မည် မဟုတ်ဟုဆိုသည်။

အမေရိကန် ဘဏ္ဍာရေးအရာရှိများက အိုကိုင်းရိုအခြေစိုက် ပရဟိတအဖွဲ့ တဖွဲ့သည် ပါလက်စတိုင်းစစ်သွေးကြွအဖွဲ့ ဟားမားစ်နှင့် အဆက်အသွယ်ရှိနေသည်ဟုဆိုကာ အဆိုပါအဖွဲ့၏ ဘဏ်စာရင်းများကိုချိပ်ပိတ်လိုက်သည်။

အစ္စရေးကက်ဘိနက်အဖွဲ့က ပါလက်စတိုင်းအာဏာပိုင်အဖွဲ့အား လစဉ်ပေးသော ဒေါ်လာ သန်း (၅၀) အခွန်ငွေကိုရပ်စဲရန် ဆုံးဖြတ်သည်။ ဟားမားစ်အာဏာရလာခြင်းဖြင့် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့သည် အကြမ်းဖက်အစိုးရဖြစ်လာသောကြောင့် အဆိုပါကိစ္စအား အစ္စရေးမှသဘောမတူဟု အိုမက်က ပြောကြားလိုက်ခြင်းဖြစ်သည်။

အမေရိကန်နှင့် ဥရောပနိုင်ငံများကပါလက်စတိုင်းအာဏာပိုင်အဖွဲ့အား နှစ်စဉ် ဒေါ်လာ သန်းတထောင်နီးပါး ပေးမှုရပ်ဆိုင်းပြီး အဆိုပါအတိုင်းလိုက်လုပ်ရန် အစ္စရေးကက်ဘိနက်က ဆော်ဩခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း အမေရိကန်အစိုးရ၏ မေတ္တာရပ်ခံချက်အရ အစ္စရေးက ဂါဇာကမ်းမြောင်ဒေသအား စီးပွားရေးပိတ်ဆို့မှုမလုပ်ခဲ့ချေ။ ဟားမားစ်က အစ္စရေး၏ဒဏ်ချက်များသည် ခြိမ်းခြောက်အကျပ်ကိုင်ခြင်းသာဖြစ်သည်ဟုဆိုကာ သူတို့အနေနှင့် အကြမ်းဖက်မှုကိုစွန့်လွှတ်ပြီး၊ အစ္စရေးကိုအသိအမှတ်ပြုရန် နိုင်ငံတကာ၏တောင်းဆိုချက်များအား အာခံလျက်ပင်ရှိသည်။ ဟားမားစ်အဖွဲ့ဝင် အဗ္ဗဒူအာမက်ဒူဝိတ်သည် ပါလက်စတိုင်းပါလီမန်၏ ဥက္ကဋ္ဌသစ်ဖြစ်သည်။

“ကျနော်တို့က သိမ်းပိုက်မှုကိုဆက်လက်တော်လှန်ပါမယ်။ တခါတလေကျရင် ကမ္ဘာကဘာပြောမလဲဆိုတာ ကျနော်တို့ဂရုမစိုက်ဘူး”ဟု မစ္စတာ ဒူဝိတ်ကပြောဆိုလိုက်သည်။ ဟားမားစ်က နောက်ပါလက်စတိုင်းဝန်ကြီးချုပ်အဖြစ် အသက် (၄၃) နှစ်အရွယ် အစ္စမေးဟာ နီရေးကိုအဆိုပြုထားသည်။ ၎င်းသည် လက်တွေ့ကျသူတဦးအဖြစ် ရှုမြင်ရပြီး၊ ရွေးကောက်ပွဲရှုံးခဲ့ပြီး ပို၍အလယ်အလတ်လမ်းလိုက်သောဖာတာပါတီနှင့် အဆက်အဆံကောင်းသူတဦးဖြစ်သည်။❖

## နိုင်ငံတကာ

# ကြက်၊ ငှက်တုပ်ကွေးရောဂါ အိန္ဒိယ၌ဖြစ်ပွားနေပြီ

ဓာတ်ခွဲခန်း၌ စစ်ဆေးတွေ့ရှိချက်အရ အိန္ဒိယနိုင်ငံ၌လည်း (H5N1) ကြက်ငှက်တုပ်ကွေးရောဂါပိုးများ စတင်ပျံ့နှံ့နေသည်မှာ သေချာသွားပြီဖြစ်ကြောင်း အစိုးရအရာရှိများက ပြောကြားလိုက်သည်။ အဆိုပါဗိုင်းရပ်များကို သေဆုံးနေသည့်ကြက်များ၌တွေ့ရှိရခြင်းဖြစ်ပြီး ၎င်းမှာ အိန္ဒိယနိုင်ငံ၌ ပထမဆုံး ကြက်ငှက်တုပ်ကွေးရောဂါရှိနေကြောင်း သိရခြင်းဖြစ်သည်။ လွန်ခဲ့သောရက်အနည်းငယ်က မဟာရတ်ချ်ထရာပြည်နယ် အနောက်ပိုင်း၌ ငှက်များ (၅၀၀၀) ခန့် သေဆုံးခဲ့သည့်အတွက် စစ်ဆေးကြည့်သည့်အခါ (H5N1) ဗိုင်းရပ်ပိုးများတွေ့ရသည်ဟု မွေးမြူရေးဝန်ကြီးက ထုတ်ဖော်ပြောဆိုခဲ့သည်။ ဘုံဘေမြို့မြောက်ဘက်ရှိ မွန်တိုင်းပြည်နယ် ကြက်ခြံများတွင် (H5N1) ပိုးများပျံ့နှံ့နေကြောင်း မဟာရတ်ချ်ထရာပြည်နယ် မွေးမြူရေးဝန်ကြီးက ပြောခြင်းဖြစ်သည်။ ထိုရက်ပိုင်းအတွင်း အင်ဒိုနီးရှားနိုင်ငံတွင် လူတယောက်သေဆုံးခဲ့ခြင်းမှာ အဆိုပါရောဂါကြောင့်သေဆုံးခြင်းဖြစ်သည်မှာ သေချာကြောင်း အစိုးရကကြေညာခဲ့သည်။ ယခုအခါ စုစုပေါင်း (၁၉) ယောက်သည် အဆိုပါ ရောဂါကြောင့်သေဆုံးခဲ့ပြီးဖြစ်သည်။ ယခုအခါ အာရှ၊ အာဖရိက၊ အရှေ့အလယ်ပိုင်းဒေသနှင့် ဥရောပနိုင်ငံများတွင် ကြက်ငှက်တုပ်ကွေးရောဂါပျံ့နှံ့နေသည်မှာ သေချာသွားပြီဖြစ်သည်။


ကြက်ဘဲများအားသုတ်သင်နေစဉ်

ကြက်ကောင်ရေ သန်းချီသုတ်သင်ရန်အတွက် မဟာရတ်ချ်ထရာပြည်နယ် ကျန်းမာရေးဝန်ထမ်းများသည် အကာအကွယ်ဝတ်စုံများဝတ်ဆင်ပြီး တခြံဝင်တခြံထွက် ကြက်၊ ဘဲများကို လိုက်လံသုတ်သင်နေကြသည်။ သုတ်သင်ရေး စီမံကိန်းကို အကူအညီပေးရန် ဆရာဝန် (၂၀၀) ကျော် ခေါ်ယူထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ (H5N1 ) ဗိုင်းရပ်ပိုး စတင်တွေ့ရှိသောနေရာမှ (၃) ကီလိုမီတာပတ်ပတ်လည်ရှိ ကြက်ကောင်ရေအားလုံး ဖျက်ဆီးပစ်ရန် အာဏာပိုင်များက ညွှန်ကြားကြောင်းသိရသည်။ ယခုကဲ့သို့သော အခြေအနေများကို အထိတ်တလန့်ဖြစ်စရာမလိုကြောင်း နာဗာပူဆိုတဲ့ နေရာလေးမှာဘဲ ကြက်ငှက်တုပ်ကွေးကို တွေ့ထားခြင်းဖြစ်ကြောင်း၊ ဒေသခံကြက် မွေးမြူရေးသမားတယောက် သေဆုံးမှုနှင့်ပတ်သက်ပြီး စမ်းသပ်စစ်ဆေးရာ၌ သူသည် ကြက်တုပ်ကွေးရောဂါဖြင့် သေဆုံးခြင်းမဟုတ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီး ဌာနကထုတ်ဖော်ပြောဆိုခဲ့သည်။

အိန္ဒိယ၌ ပထမဆုံးတွေ့လိုက်ရသည့် ကြက်တုပ်ကွေးရောဂါကို အမြန်ဆုံးထိန်းနိုင်ရန် လျင်လျင်မြန်မြန်ဆောင်ရွက်ကြောင်း တွေ့ရသည်။❖

# တမန်တော်မိုဟာမက်ကာတွန်းရုပ်ပြောင်များကြောင့် ပါကစ္စတန်နိုင်ငံ၌ဆန္ဒပြမှုများဖြစ်ပွား



တမန်တော်မိုဟာမက်ရုပ်ပြောင်ရေးဆွဲမှုအား မကျေမနပ်ဆန္ဒပြနေသူများ

တမန်တော်မိုဟာမက် ကာတွန်းရုပ်ပြောင်ကြောင့် ဆန္ဒပြနေကြသည့် ပါကစ္စတန်နိုင်ငံမှ ဆန္ဒပြသမားထဲမှ အနည်းဆုံး (၄) ဦးသည် ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သည်ဟု ပါကစ္စတန်အရာရှိများကပြောဆိုသည်။ ဆန္ဒပြသမားများသည် ရဲများကိုခဲများဖြင့် ပစ်ပေါက်ကြပြီး လမ်းများကိုပိတ်ဆို့ထားခဲ့ကြသည်။ ပစ်ခတ်မှုတွင် ရဲများမှပစ်ခတ်ခြင်းလား၊ ဆန္ဒပြသမားအချင်းချင်း ပစ်ခတ်ခြင်းလားဆိုသည်ကို မသိရသေးချေ။ ယခုသီတင်းပတ်အတွင်းပစ်ခတ်မှုကြောင့် ဆန္ဒပြသမားအနည်းဆုံး ( ၅ ) ဦးသေဆုံးခဲ့သည်ဟုဆိုသည်။

ပါကစ္စတန် အစ္စလာမ်မာဘတ်မြို့၌လည်း အစိုးရကပိတ်ပင် ထားသည့်ကြားမှ တမန်တော် မိုဟာမက်ကာတွန်းရုပ်များနှင့်ပတ်သက်ပြီး ကြိုကြားကြိုကြား ဆန္ဒပြမှုများရှိနေဆဲဖြစ်သည်။ လုံခြုံရေးများက တမြို့လုံး အသွားအလာမရှိအောင် ကြပ်မတ်ထားနေရသည်။ တနေရာတွင်လုံထိန်းများကို ဆန္ဒပြသမားများက ခဲများဖြင့်ပစ်ပေါက်သဖြင့် လုံထိန်းများဘက်မှ မျက်ရည်ယိုဗုံးသုံးပြီး လူစုပြန်ခွဲလိုက်ရသည်။ ဆန္ဒပြပွဲစီစဉ်သူတချို့ကို ဖမ်းဆီးထားသည်ဟုဆိုသည်။ ဆန္ဒပြပွဲစီစဉ်သည့် ဂျမားအစ္စလာမ်မီပါတီသည် ကာတွန်းရုပ်များနှင့်ပတ်သက်သည့် ဆန္ဒပြမှုများကို ကိုင်တွယ်ပုံသာမက အနောက်အုပ်စုနှင့်ပတ်သက်သည့် ပါကစ္စတန်အစိုးရ၏ ပေါ်လစီများကို အပြင်းအထန်ဝေဖန်နေသောပါတီလည်းဖြစ်သည်။

တမန်တော် မိုဟာမက်ကာတွန်းရုပ်များကိုရေးဆွဲခဲ့သော ဒိန်းမတ်ကာတွန်း ဆရာများထဲမှတယောက်က ၎င်း၏ကာတွန်းရုပ်များနှင့်ပတ်သက်ပြီး နောင်တမရကြောင်း ပထမဆုံးအကြိမ် ထုတ်ဖော်ပြောကြားလိုက်သည်။ ကာတွန်းဆရာ ကတ်ဝတ်စတာဂတ်က စကော့တလန်နိုင်ငံမှ သတင်းစာတစောင်နှင့်အင်တာဗျူးတွင် အကြမ်းဖက်ဝါဒကြောင့် အဆိုပါကာတွန်းများ မွေးဖွားလာခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်ဝါဒကို အစ္စလာမ်ဘာသာက အားပေးအားမြှောက်ပြုလုပ်နေခြင်းဖြစ်ကြောင်း သတင်းစာနှင့် အင်တာဗျူးတွင် ပြောသွားသည်။

သူ့ကို သတ်နိုင်သူကိုဆုချမည်ဟု ပါကစ္စတန်မှ ဗလီဆရာတယောက်က ဆုငွေထုတ်ထားပြီး အဆိုပါကာတွန်းဆရာ ဝတ်စတာဂတ်သည် သူ၏ကာတွန်းများကြောင့် ကမ္ဘာတဝှမ်း ကန့်ကွက်ဆန္ဒပြမှုများစတင်ကတည်းက ပုန်းအောင်းနေရသည်။ ကာတွန်းဆရာက “ဒီမိုကရေစီအဖွဲ့အစည်းမှာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အရေးကြီးကြောင်း” သို့သော် ယခုလို သူ့ကာတွန်းများကြောင့် အကျယ်အကျယ် မငြိမ်းဖွယ်ရာများဖြစ်လာလိမ့်မည်ဟု ကြိုတင်မမြင်မိကြောင်းပြောကြားသွားခဲ့သည်။❖

# ဖိလစ်ပိုင်တွင်မြေပြိုမှုဖြစ်ပွား၊ ရွာလုံးကျွတ်နီးပါးပျောက်ဆုံး


ကယ်ဆယ်ရေးသမားများ တူးဆွရှာဖွေနေကြစဉ်

ဖိလစ်ပိုင်နိုင်ငံ အရှေ့မြောက်ပိုင်း လေထေးကျွန်းတွင် လူ (၁၈၀၀) ရှိသည့် ရွာတခုလုံးမြေအောက်ရောက်သွားခဲ့ရာမှ နောက်ထပ် အသက်ရှင်ကျန်ရစ်သူများရှာဖွေတွေ့ရှိရန်မျှော်လင့်ချက်နည်းပါးနေပြီး အသက်ရှင်ကျန်ရစ်သူ (၅၇) လောက်သာတွေ့ရသည်။

ရွှံ့မြေများပြိုကျချိန်တွင် ကျောင်းသားနှင့်ဆရာ၊ ဆရာမ (၃၀၀) ခန့်ရှိသော မူလတန်းကျောင်းတခု မြေအောက်ပါသွားသည်ကိုရှာဖွေကြရန် လေထေးကျွန်းရှိဂင်းဘိုဂွမ်းရွာမှ ရှာဖွေရေးသမားများက အဓိကဆောင်ရွက်နေကြသည်။ ထိုမြေပြိုမှုများဖြစ်ပွားချိန်တွင် လူရာနှင့်ချီတက်ရောက်နေသော အစည်းအဝေးကျင်းပရာ ကျေးရွာခန်းမပတ်လည်အားလည်း ကယ်ဆယ်ရေးသမားများ ကတူးဆွရှာဖွေခဲ့ကြသည်။ ရှာဖွေမှုများတွင် အကူအညီပေးရန် အပူရှိန်အပြောင်းအလဲတိုင်းတာရေးစက်များကို ထိုင်ဝမ်နိုင်ငံမှပေးပို့ခဲ့သည်ဟု အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာညှိနှိုင်းဆောင်ရွက်ရေးကောင်စီ၏ပြောရေးဆိုခွင့်ရှိသူ အန်တော်နီရိုးလက်ကပြောဆိုခဲ့သည်။ လှုပ်ရှားမှုနှင့် အသက်ရှင်သူများထောက်လှမ်းသည့် ကိရိယာများနှင့်အတူ လူ (၅၅) ဦးပါ အဖွဲ့တခုအား ထိုင်ဝမ်အစိုးရက စေလွှတ်ခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံအစိုးရနှင့် နိုင်ငံတကာအေဂျင်စီများမှလည်း မြေပြိုမှုဖြစ်ပွားသည့်နေရာအား ကယ်ဆယ်ရေး အထောက်အပံ့များပေးပို့နေကြသည်။ သို့သော်လည်း အဆိုပါနေရာသို့ ရောက်ရှိရန် လမ်းများဆိုးရွားနေသည်ဟုဆိုသည်။ အမေရိကန် ရဟတ်ယာဉ်များသည် ကျွန်းပေါ်ရှိ ကျေးရွာများမှလူများအတွက်ရေ၊ အစားအစာနှင့် စောင်များအပါအဝင် အခြားအထောက်အပံ့ပစ္စည်းများအား ဖြန့်ဝေပေးပြီး အကူအညီပေးခဲ့ကြသည်။

(၂၀၀၄) ခုနှစ်ကလည်း ဆက်တိုက်ဖြစ်ပွားခဲ့သောမုန်တိုင်းကြောင့် မနီလာမြို့အရှေ့မြောက်အရပ်၌ လူပေါင်း (၁၈၀၀) ခန့်သေဆုံးခဲ့သည်။ တိုင်ဖုန်းမုန်တိုင်းကြောင့် ဖြစ်ပွားသောရေကြီးမှုကြောင့် လူပေါင်း (၅၀၀၀) ကျော်သေဆုံးခဲ့သော သဘာဝကပ်ဆိုးကြီးတခုသည် လေထေးကျွန်း၌ပင် (၁၉၉၁) ခုနှစ်က ဖြစ်ပွားခဲ့သေးသည်။ ဖိလစ်ပိုင်ကြက်ခြေနီအကြီးအကဲဖြစ်သူ ရစ်ချက်ဂေါ်ခွင်က ‘ရွှံ့တွေအပျက်အစီးတွေကြားမှ အလောင်း (၉၀၆) လောင်းရထားပြီးပါပြီ။ ရွှံ့မြေကျုံတာသိပ်နက်တဲ့အတွက် ရွာလုံးကျွတ်သေဆုံးမှာသိပ်လမ်းများပါတယ်။ တချို့နေရာတွေမှာ ရွှံ့မြေဟာ ပေ (၁၀၀) လောက်နက်နေပြီး အာရုံခံကိရိယာသုံး ရှာဖွေကြည့်တဲ့အခါ အသံများကြားနေရပေမယ့် အဲဒီအသံတွေက ဘာအသံမှန်း ကယ်ဆယ်ရေးလုပ်သားများ ခွဲခြားမသိကြဘူး’ဟုဆိုသည်။ မြေပြိုပြီးပြီးချင်း ကယ်ဆယ်လိုက်နိုင်သော လူ (၂၀) မှလွဲ၍ အသက်ရှင်လျက်ကယ်ဆယ်နိုင်သူ ယခုအချိန်ထိ မရှိသေးဟုသိရသည်။ အရပ်ဖက် ကာကွယ်ရေးအရာရှိများအဆိုအရ လူပေါင်း (၁၃၅၀) လောက်ကို ယခုအချိန်ထိ ရှာမတွေ့သေးဟုဆိုသည်။

❖

# အယ်ကိုင်ဒါခေါင်းဆောင် ဇာကာဝီ၏ထိပ်တန်းလက်ထောက်တဦးအဖမ်းခံရ

ပြည်တွင်း လုံခြုံရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်များက အီရတ်ရှိအယ်ကိုင်ဒါအကြမ်းဖက်ခေါင်းဆောင် အဘူမူဆတ်အယ်လ်ဇာကာဝီ၏ ထိပ်တန်းလက်ထောက်တဦးဖြစ်သူ အဘူအယ်ဖာရိုးအား အီရတ်နိုင်ငံအနောက်ပိုင်းရှိ စီးနင်းမှုတခုတွင် ဖမ်းဆီးမိခဲ့ကြောင်းပြောကြားခဲ့သည်။ ဝန်ကြီးဌာန၏ အကြမ်းဖက်တန်ပြန်နှိမ်နင်းရေးမြေခွေးတပ်ဖွဲ့၏ အဖွဲ့ဝင်အရာရှိတဦးက အတည်ပြုပြောကြားရာတွင် ၎င်းတို့ဖမ်းမိသူမှာ အယ်ကိုင်ဒါ အကြမ်းဖက်အဖွဲ့၏ အဓိက အရေးပါသောသူတဦးဖြစ်ပြီး ယခင်က လူသိများသူတဦးမဟုတ်ဟုဆိုသည်။

အယ်ဖာရိုးနှင့်အတူ အခြားအယ်ကိုင်ဒါတပ်ဖွဲ့ဝင် (၅) ဦးလည်း အဖမ်းခံရပြီး အယ်ဘတ်ကာအနီးရှိ ဒေသခံများ၏သတင်းပေးမှုကြောင့် ယခုလိုဖမ်းမိခြင်းဖြစ်သည်။ ထိုဒေသမှာ ရာမာဒီမြို့၏ သူပုန်တို့ထိန်းချုပ်ထားရာ အနောက်ပိုင်းမိုင် (၃၀) ခန့်အကွာတွင်ရှိသည်။

အဘူအယ်ဖာရိုးသည် ရာမာဒီမြို့တွင် တိုက်ခိုက်ရန်စီစဉ်ညွှန်ကြားကာ ငွေကြေးထောက်ပံ့နေသော စစ်သွေးကြွအုပ်စု၏ တာဝန်ခံဖြစ်ပြီး အခြားအဖွဲ့ဝင် (၅) ဦးမှာ အီရတ်တပ်ဖွဲ့များနှင့် ညွန့်ပေါင်းတပ်ဖွဲ့များအား တိုက်ခိုက်ရာတွင် တာဝန်ရှိသူများဖြစ်သည်။

နိုင်ငံ၏လူများစု ရှီအိုက်မူဆလင်များ၏ ဩဇာခံပြည်တွင်းလုံခြုံရေးဝန်ကြီးဌာနသည် လူနည်းစု ဆွန်နီမူဆလင်များ၏ ဝေဖန်ပြစ်တင်ခြင်းခံနေရသည်။

## ခိုင်လည်းခိုင်မာ ညွတ်လည်းညွတ်ပျောင်း ဆောင်းပါးမှအဆက် ....

တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကနေသွေဖီသွားပြီလား။

ပညာရှိတို့ရဲ့စကားအတိုင်း နေရောင်အောက်ကအရာခပ်သိမ်းကို ကျနော်သံသယနဲ့ကြည့်ကြည့်တယ်။

ဒီမှာ စီအာရ်ပီပီရဲ့ အတွင်းရေးမှူး ဦးအေးသာအောင်ရဲ့ ဒိဗ္ဗိဘီအင်တာဗျူးကို အကဲခတ်ကြည့်ဖြစ်ပါတယ်။

'အန်ကယ့်သဘောအနေနဲ့ ပြောမယ်ဆိုရင် ပြီးခဲ့တဲ့ပြည်ထောင်စုနေ့က ထုတ်ပြန်လိုက်တဲ့ကြေငြာချက်ဟာ အမိကလွှတ်တော်ခေါ်ပေးဖို့ပါတဲ့အတွက်ကြောင့် စီအာရ်ပီပီရဲ့မူနဲ့လဲမဆန့်ကျင်ပါဘူး။ နောက်တချက်က ကြေငြာချက်မှာပါတဲ့ အချက်အလက်တွေကို လက်ရှိတပ်မတော်အစိုးရအနေနဲ့ လက်ခံပြီဆိုရင်တောင် ဒီအချက်အလက်တွေအပေါ်မှာ ဆွေးနွေးသုံးသပ်ဖို့လိုလာတဲ့အတွက်ကြောင့် တွေ့ဆုံဆွေးနွေးရေးစကားဝိုင်းကိုပဲ ပြန်ရောက်မယ့်သဘောရှိပါတယ်။ စီအာရ်ပီပီအဖွဲ့ဝင်အားလုံးက သဘောတူလက်ခံကြတယ်။

နောက်တချက်အနေနဲ့ တိုင်းရင်းသားအရေးဆိုတာက တိုင်းရင်းသားပါတီတွေနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ အခုချိန်မှာမှ နဖူးတွေ့ ဒူးတွေ့ တွေ့ပြီးတော့ အလုပ်လုပ်ကြတာမဟုတ်ပါဘူး။ နှစ်ပေါင်း (၁၇) နှစ်လုံးလုံးမှာ အခက်အခဲတွေ၊ အကြပ်အတည်းတွေအမျိုးမျိုးကြားထဲမှာ လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။ အဲဒီလို လက်တွဲပူးပေါင်းဆောင်ရွက်ပြီးတော့ တိုင်းရင်းသားအရေးနဲ့ပတ်သက်လို့ တိုင်းရင်းသားတွေရဲ့ သဘောထား ဒီသဘောထားတွေကို တိုင်းရင်းသားတွေက တင်ပြသလို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များအနေနဲ့လည်းပဲ ဒီသဘောထားအပေါ်မှာ သဘောတူညီလို့သာလျှင် အန်ကယ်တို့ လက်တွေ့ဆောင်ရွက်ခဲ့တာပါ။

ဒါကြောင့်မို့လို့ ကျနော့်အနေနဲ့ပြောချင်တာက ဒီနေ့ဒီမိုကရေစီရေးတိုက်ပွဲမှာ တိုင်းရင်းသားလူမျိုးတွေရဲ့ အခွင့်အရေးဟာလဲ တပါထဲဆောင်ရွက်သွားရမယ်ဆိုတာကို လက်ခံထားပါတယ်။ အဲဒီအတိုင်းလဲ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များအနေနဲ့လဲ ပဲ ဒီသဘောထားအပေါ်မှာ ရှင်းလင်းသဘောတူညီလို့ အန်ကယ်တို့ လက်တွဲဆောင်ရွက်တာပါ' တဲ့။

ပြီးတော့.... စီအာရ်ပီပီအဖွဲ့ဝင် နိုင်ထွန်းသိန်းရဲ့စကားကို ဆက်ကြည့်ဖြစ်ပါတယ်။

'ကျနော်တို့ကတော့ အဲန်အယ်လ်ဒီနဲ့ သဘောထား ဟိုအရင်ကတည်းက သဘောထားရှိကြပါတယ်။ အဲန်အယ်လ်ဒီကတော့ လက်ဦးပထမနှစ်ပွင့်ဆိုင်နဲ့ လုပ်ရင်လဲလုပ်ပေါ့။ နောက်နှစ်ပွင့်ဆိုင်နဲ့လုပ်ပြီးတော့ သုံးပွင့်ဆိုင်ဖြစ်လာမယ်ဆိုတာက အားလုံးသဘောတူထားတာရှိပါတယ်။'

တဆက်တည်းမှာပဲ စီအာရ်ပီပီအခြားအဖွဲ့ဝင်တဦးဖြစ်တဲ့ ဦးထောင်ကိုထန်းကလည်း ''အဲန်အယ်လ်ဒီကထုတ်ပြန်တဲ့ အထူးကြေညာချက်ကတော့ ကျနော်တို့ တိုင်းရင်းသားအားလုံးက ထောက်ခံပါတယ်။ အထူးသဖြင့် စီအာရ်ပီပီလွှတ်တော်ကိုယ်စားပြုကော်မတီကလဲ အထူးကြေညာချက်ကို ထောက်ခံကြပါတယ်'' လို့ ဆက်ပြီးပြောပါတယ်။

ကြည့်လေ ကြည့်လေပိုပြီးရှင်းလင်းပီပြင်လာလေပါပဲ။ ကျနော့်အတွက်တော့ လုံးဝရှင်းသွားပါပြီ။

ဒီကြေညာချက်ကို အနှစ်ချုပ်ကြည့်လိုက်တဲ့အခါမှာ အန်အယ်ဒီဟာ ....

၉၀ ရွေးကောက်ပွဲရလာဒ်အပေါ် ကနေ နအဖကို တွေ့ဆုံဆွေးနွေးရေးစားပွဲဝိုင်းပေါ်ကို ဆွဲတင်လိုက်တာ။

၉၀ ရွေးကောက်ပွဲရလာဒ်ရဲ့ အမြင့်ဆုံးပုံသဏ္ဍာန်ဖြစ်တဲ့ ပြည်သူ့လွှတ်တော်ကိုခေါ်ယူလိုက်တာ။

နအဖရဲ့ လမ်းပြမြေပုံ (၇) ချက်ကို တခုမကျန်ဆန့်ကျင်လိုက်တာ။

အနာဂါတ် အမျိုးသားနိုင်ငံရေးဦးဆောင်အခန်းတွင် တပ်မတော်မှအမြဲပါဝင်ရေးဆိုတာကြီးကို လုံးဝကျော်လွှားပစ်လိုက်တာ။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ လေးနက်တည်ကြည်တဲ့ ဦးဆောင်အခန်းကိုထောက်ပြပြီး ကနေ့အကြပ်အတည်းတွေကို ဖြေရှင်းရန်နည်းနာမှာ.... တွေ့ဆုံဆွေးနွေးရေးနည်းနာသာဖြစ်ကြောင်းကို ထောက်ပြလိုက်တာ။

မိမိပါတီရဲ့မူ ၊ လူထုကြီးရဲ့ ဆန္ဒအပေါ်မှာအခိုင်အမာရပ်ပြီး အလွန်ပျော့ပြောင်းသောလုပ်ဟန်နှင့် တင်ပြလိုက်တာဆိုတာ အလွန်ပဲ ရှင်းလင်းသွားပါတယ်။

ဒါတွေကို ကြည့်မိတဲ့အခါ.... အဲန်အယ်လ်ဒီရဲ့ ခြေလှမ်းရှိမှုနှင့် အမြော်အမြင်ကြီးမှုကို ကျနော်မြင်လာရတယ်။

အန်အယ်ဒီရဲ့ ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းပြောတဲ့ 'ဘယ်အနေအထားရောက်ရင် ဘာလုပ်မယ်ဆိုတာ ကျနော်တို့မှာစီစဉ်ပြီးပါပြီ ' ဆိုတာ ဒါကို ဆိုလိုတာကိုးလို့ ကျနော်နားလည်လိုက်ရတယ်။

(၆)

ဒါကြောင့်လည်း ဒီကြေညာချက်ဟာ ပြည်တွင်းပြည်ပအင်အားစုအသီးသီးရဲ့ တခဲနက်ထောက်ခံချက်ကို ရခဲ့တာဖြစ်သလို နိုင်ငံတကာရဲ့ထောက်ခံချက်ကိုလည်း ရခဲ့တာဖြစ်ပါတယ်။

လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးရဲ့ ထောက်ခံချက်ကို ရရှိလာတာနဲ့ တပြိုင်နက်တည်းမှာ နအဖရဲ့တုန့်ပြန်ချက်ကရော ဘယ် လိုလဲ။

(၁) အန်အယ်ဒီ ဒု–ဥက္ကဌ ဦးတင်ဦးကို အကျယ်ချုပ်သက်တမ်းတိုးပြလိုက်တယ်။

(၂) သတင်းစာရှင်းလင်းပွဲတခုလုပ်ပြီး အဲန်အယ်လ်ဒီကို အချိန်မရွေးဖျက်သိမ်းပစ်နိုင်တယ်လို့ သွယ်ဝိုက်ခြိမ်းခြောက်ပြလိုက်တယ်။

(၃) ဖေဖော်ဝါရီ (၂၅) ရက်နေ့ မြန်မာ့အလင်းသတင်းစာအာဘော်မှာ....

''နိုင်ငံတော်နှင့် တိုင်းရင်းသားအားလုံးအတွက် အသက်တမျှအရေးကြီးသည့်အမျိုးသားညီလာခံကြီးကို အရှိန်အဟုန်ဖြင့် ကျင်းပနေချိန်တွင် ကိုလိုနီလက်သစ်နိုင်ငံကြီးအချို့က အမျိုးသားသစ္စာဖောက် ပုဆိန်ရိုးတစုကို အသုံးချ၍ တိုင်းရင်းသားပြည်သူများအတွင်း စည်းလုံးညီညွတ်မှုပြိုကွဲစေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးစေရန်၊ အမျိုးသားညီလာခံကြီးပျက်ပြားစေရန် နည်းမျိုးစုံသုံးပြီး ဟန့်တားနှောင့်ယှက်မှုများ ပြုလုပ်လျက်ရှိသည်'' လို့ ရေးသားပြလိုက်တယ်။

ဒါတွေဟာ နအဖစစ်အုပ်စုရဲ့ ကနေ့အထိ မြင်သာထင်သာရှိတဲ့တုန့်ပြန်ချက်တွေပါပဲ။

(၇)

ဒီအထူးကြေညာချက်ကို အဲန်အယ်လ်ဒီဟာ....

သူ့ကိုထောက်ခံထားတဲ့ လူထုကြီးဆီကို၊ သူ့ကိုဝန်းရံနေတဲ့ မဟာမိတ်အင်အားစုအသီးသီးဆီကို သူနဲ့လူထုကြီးကို စာနာထောက်ခံနေတဲ့ နိုင်ငံတကာမိသားစုတွေဆီကို၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိတဲ့ တပ်မှူးတပ်သားတွေဆီကို ပြည်ထောင်စုနေ့မှာ အရောက်ပို့ပေးလိုက်ပါပြီ။

(၂၀၀၆) ဟာ သိပ်ကိုအရေးကြီးတဲ့ နှစ်တနှစ်ပိုလို့ဖြစ်လာနေပြီဆိုတဲ့အကြောင်း အဲန်အယ်လ်ဒီဟာ ဒီခြေလှမ်းနဲ့ခေါင်းလောင်းထိုးပြလိုက်ပြီလား။

ဒီခေါင်းလောင်းသံရဲ့အောက်မှာ....

နအဖကဘာလုပ်မလဲ။ ကျနော်တို့က ဘာလုပ်ကြမလဲ။

နအဖ ဘာလုပ်နိုင်သလဲဆိုတာထက် ကျနော်တို့ ဘာလုပ်ကြမလဲဆိုတာက ပိုပြီးအရေးကြီးပါတယ်၊ ကျနော်တို့တပ်ကို ကျနော်တို့ပြင်ထားကြရလိမ့်မယ်။

ငြိမ်းချမ်းရေးစကားကို ပြောနေတာနဲ့ တစ်ပြိုင်နက်တည်းမှာ လေးနဲ့မြှားရဲ့အရေးကြီးမှုကို တစ်စက္ကန့်ကလေးမှတောင် ပေ့ါဆပစ်လို့မရပေဘူး။ အကောင်းဆုံးကို မျှော်လင့်ရင်း အဆိုးဆုံးအတွက်လည်းအသင့်ရှိကြရမယ်မဟုတ်လား။

နအဖဟာ အမျိုးမျိုးဖြစ်လာနိုင်တယ်။

ဖြစ်နိုင်ချေအားလုံးအတွက် ကျနော်တို့ အသင့်အနေအထားရှိကြရလိမ့်မယ်။

ဘယ်လိုပဲရှိစေ၊ တနေ့တခြားဒုက္ခတွေကြီးလာနေတဲ့ လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးနဲ့တိုင်းပြည်ရဲ့အကျိုးကိုရှေ့ရှုမျက်နှာမူပါလို့တော့ ကျနော်နအဖကို မေတ္တာရပ်ခံချင်တယ်။ အန်အယ်ဒီက တင်ပြထားတဲ့ နှစ်ဆန်းတရက်နေ့အမီ အသေအချာစဉ်းစားဆုံးဖြတ်ပါလို့လည်း ကျနော်သူ့ကိုအကြံပြုချင်တယ်။

ဒီလိုမှမဟုတ်ပဲ ဟစ်တလာဇာတ်ကိုပဲ ဆက်ခင်းသွားမယ်ဆိုရင်တော့....

ဒီနေ့ မြန်မာပြည်သူတွေဟာ ဘာပြီးရင် ဘာဆက်လုပ်ရမယ်ဆိုတာကို နောကျေအောင်နားလည်နေကြပြီဆိုတာရယ်၊ မြန်မာပြည်သူတွေဟာ ဘယ်တုန်းကမှမညံ့ခဲ့ကြဘူးဆိုတာရယ်၊ အခုအသံတိတ်နေကြတဲ့ အရာတချို့သည်ပင်လျှင် အချိန်တစ်ခုမှာ အပြင်းထန်ဆုံး ပေါက်ကွဲမြည်ဟိန်းလာကြလိမ့်မယ်ဆိုတာရယ်ကိုတော့ ကျနော်သူ့ကို ပြောပြလိုက်ချင်တယ်။

## မျက်နှာဖုံး သတင်းမှအဆက်....

ယခုကြေညာချက်တွင် အဲန်အယ်လ်ဒီက လိုအပ်ချက်များကို အချိန်ဇယားအတိအကျဖြင့်တောင်းဆိုထားသဖြင့် ထူးခြားမှုရှိပြီး၊ ယခုတကြိမ်တွင် နအဖက မည်သို့တုံ့ပြန်မည်ကိုစိတ်ဝင်စားသည်ဟုဆိုသည်။

အဲန်အယ်လ်ဒီသည် (၁၉၉၈) ခုနှစ်ကလည်း (၂) လအတွင်း ပြည်သူ့လွှတ်တော်ခေါ်ယူပေးရန် နအဖကိုတောင်းဆိုခဲ့ပြီး၊ နအဖက လွှတ်တော်ကိုယ်စားလှယ်အများအပြားကို ဖမ်းဆီးထောင်ချခြင်းဖြင့် တုံ့ပြန်ခဲ့သည်။

အာဆီယံပါလီမန်များအဖွဲ့ ဥက္ကဌ၊ မလေးရှားလွှတ်တော်အမတ် ဒေါက်တာဇာဟစ်အီဗရာဟင်လည်း အဲန်အယ်လ်ဒီ၏ တောင်းဆိုချက်သည် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကောင်းမွန်သောခြေလှမ်းဖြစ်သဖြင့် မိမိတို့အာဆီယံပါလီမန်များအဖွဲ့က ထောက်ခံသည်ဟုဆိုသည်။

အဲန်အယ်လ်ဒီ၏ ပြည်ထောင်စုနေ့ကြေညာချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂအဖွဲ့ချုပ် (နိုင်ငံခြားရေးရာကော်မတီ)၊ (၈၈) မျိုးဆက်ကျောင်းသားများ၊ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု စသည့်အဖွဲ့များကထောက်ခံထားပြီး၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၊ ကရင်အမျိုးသားအစည်းအရုံးနှင့် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ) တို့က စောင့်ကြည့်မည်ဟု သဘောထားထုတ်ပြန်ထားသည်။❖

## ဘိသိက်ခံယူပွဲမှ အဆက်....

မြင်ကွင်းက ရှစ်ဆယ့်ရှစ်နှင့် ပြောင်းပြန်။ ဟိုတုန်းက လမ်းပေါ်မှာ ကျနော်တို့ အပစ်အခတ်ခံခဲ့ရသည်။ အခု အဝေးပြေးလမ်းမမှာ သင်းတို့ကိုသမိုင်းကြွေး ပြန်တောင်းနေရပြီ။ ကတ္တရာလမ်းပေါ်မှာ သေနေသူတွေ။ ဒဏ်ရာရနေသူတွေ။ သေနတ်မှန်ပြီး လန်ကျသွားသူတွေ။ အော်ဟစ်နေသူတွေ။ ကျနော်တို့ အောင်ပွဲခံနေသည့်မြင်ကွင်းကို ကျဆုံးသွားရသူ ရဲဘော်သူငယ်ချင်းတွေကို မြင်စေချင်နေသည်။ နှစ်ပေါင်းများစွာ အဖိနှိပ်ခံခဲ့ရသူ ကျနော်တို့ပြည်သူတွေကို မြင်စေချင်နေသည်။ ကျနော်တို့အောင်ပွဲသည် လူထုအောင်ပွဲ။ ကျနော်တို့အောင်ပွဲသည် သမိုင်း၏အောင်ပွဲ။

အောင်ပွဲခံ သေနတ်သံတို့က တောလုံးညံနေသည်။ ကျနော်တို့၏ ပစ်ခတ်သံတို့က ကမ္ဘာပြိုတော်လဲသံလို တုန်ဟည်းနေသည်။ အဖိနှိပ်ခံအားလုံးအတွက် ကိုယ်စားပြုနေသည့် သေနတ်သံတွေ။ ဖက်ဆစ်တို့၏ ဝိညာဉ်တွေကို ခြွေချနေသည့် ကျည်ဆံတွေ။ ကျနော်တို့ ပစ်လွှတ်လိုက်သည့် ကျည်ဆံတွေထဲကို ကျဆုံးသူတို့၏ ဝိညာဉ်တွေခိုတွဲပါဝင်နေသလား။ ကျနော်ကတော့ ထိုအတိုင်းပင်ယုံကြည်နေသည်။ ကျနော်၏ စစ်ဦးတိုက်ပွဲက အောင်ပွဲ၏ တံပိုးခရာသံတို့ဖြင့် ခြိမ့်ခြိမ့်ညံနေတော့သည်။

(မှတ်ချက်။ ။ ထိုတိုက်ပွဲတွင် ဒုရင်းမှူးတဦးအပါအဝင် ရန်သူ (၁၁) ဦးကျဆုံးခဲ့သည်။)

**အမှားပြင်ဆင်ချက်**

မိုးကြိုးအမှတ်စဉ် (၇၀)၊ စာမျက်နှာ (၉)၊ မွန်ပြည်သစ်ပါတီ ဆဋ္ဌမအကြိမ် ဗဟိုကော်မတီအစည်းအဝေး သတင်းတွင်ပါရှိသော အရွေးချယ်ခံခေါင်းဆောင်များတွင် 'မွန်ပြည်သစ်ပါတီ ဥက္ကဌ နိုင်ထောမွန်'၊ 'ဗဟိုကော်မတီဝင် (၂၇) ဦး' ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

အယ်ဒီတာအဖွဲ့

## တရုတ်–မြန်မာဆက်ဆံရေး ဆောင်းပါးမှ အဆက်....

တရုတ်အစိုးရအရာရှိတဦးကဆိုသည်။

အိမ်နီးချင်း မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စီးပွားရေး၊ လူမှုရေးအခြေအနေတွေ တိုးတက်တာကို တရုတ်က တကယ်မြင်ချင်ပါတယ်''ဟု အဆိုပါအရာရှိကပြောသည်။

တရုတ်သည် မြန်မာနိုင်ငံ၏အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် နိုင်ငံရေးအပြောင်းအလဲကို ပြည်တွင်းရေးကိစ္စအဖြစ် မြင်သော်လည်း နယ်နိမိတ်ချင်းဆက်နေသော အိမ်နီးချင်းမြန်မာနိုင်ငံ၏မတည်ငြိမ်မှုများ၊ တရုတ်နိုင်ငံတောင်ပိုင်းပြည်နယ်များသို့ ကူးစက်လာမည်ကိုစိုးရိမ်နေသည်။

လွန်ခဲ့သော ဆယ်နှစ်တာကာလအတွင်း တရုတ်နိုင်ငံသား (၂၀၀၀၀) ကျော်သည် နယ်စပ်ကိုဖြတ်ကျော်၍ မြန်မာနိုင်ငံတွင် အခြေချနေထိုင်နေကြသည်။ လောလောဆယ်တွင် မြန်မာနိုင်ငံ၌ တရုတ်လူမျိုးတသန်းခန့် နေထိုင်လျက်ရှိသည်ဟု ပညာရှင်များက ခန့်မှန်းသည်။ အများစုသည် မြန်မာနိုင်ငံသို့ တရားမဝင်ရောက်ရှိလာသူများဖြစ်ပြီး ရန်ကုန်၊ မန္တလေးစသောမြို့ကြီးများတွင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နေကြသည်။

တရုတ်အရာရှိက ''နအဖဟာ တရားဝင်အစိုးရမဟုတ်ဘူး၊ လူထုထောက်ခံမှုမရဘူးဆိုတာကို တရုတ်ခေါင်းဆောင်တွေသိတယ်''ဟုပြောသည်။ သို့သော် တရုတ်သည် နအဖကို ''လူသိရှင်ကြားထောက်ခံကြောင်းပြသခြင်းနည်းဖြင့် ဩဇာလွှမ်းမိုးထားရေး'' ပေါ်လစီကိုချမှတ်ထားသည်။

(၂၀၀၄) ခုနှစ်က ထောက်လှမ်းရေးအကြီးအကဲဟောင်း ဗိုလ်ချုပ်ခင်ညွန့်၊ လာဘ်စားမှုဖြင့်ဖြုတ်ချခံရသဖြင့် တရုတ်သည် မြန်မာနိုင်ငံနှင့် သံတမန်ဆက်ဆံရေးတွင် ၎င်းတို့နှင့် ပနံသင့်သူတဦးကို လက်လွှတ်ဆုံးရှုံးလိုက်ရသည်၊ ''တရုတ်အစိုးရကြောက်တာက နအဖ နံပတ် (၂) ခေါင်းဆောင် ဗိုလ်ချုပ်မောင်အေးပဲ။ သူက အိန္ဒိယကိုလိုလားတယ်လေ''ဟု ရန်ကုန်မြို့မှ အာရှသံတမန်တဦးကပြောသည်။ နအဖသည် အိမ်နီးချင်းတရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံကို ဩဇာခံရာတွင် ချိန်ခွင်လျှာညီရန် ဆန္ဒရှိကြောင်းပြသည့်အနေဖြင့် လာမည့် မတ်လအတွင်း အိန္ဒိယဝန်ကြီးချုပ်ကို မြန်မာနိုင်ငံသို့လာရောက်ရန် ဖိတ်ခေါ်ထားသေးသည်။

လယ်ရီဂျစ်ဂင်၏ ('China's uneasy alliance with Burma') ဆောင်းပါးကို ဘာသာပြန်သည်။❖

ဗမာပြည်နိုင်ငံရေးကို စိတ်ဝင်စားသူတွေဟာ ၂၀၀၆ ခုနှစ်ကို အတော်လေး အာရုံထားကြတယ်။ မျှော်လည်း မျှော်လင့်ကြတယ်။ ဒီအချိန်မှာ နအဖအစိုးရဟာ တခုခုကြိတ်ပြင်နေကြတယ်လို့ ယူဆစရာတွေလည်းတွေ့နေရတယ်။ ဒီလိုနဲ့နှစ်ဦးပိုင်းလို့ဆိုရတဲ့ ဖေဖော်ဝါရီလထဲမှာပဲ ဆန့်ကျင်ရှယ်လစ်တွေက ချေမှုန်းတုန်းကဆိုရင် ကျေးလက်တွေမှာ သွေးချောင်းစီးခဲ့တယ်။ အဲဒါဒီနေ့ အထိပြည်နယ်တွေမှာ ဆက်တွေ့နေရတယ်။ မစဲနိုင်ဘူး။ ဒီချုပ်ကိုချေမှုန်းတယ်ဆိုလို့ကတော့ မြို့တွေမှာပါ သွေးချောင်းစီးတော့မှာဖြစ်တယ်။ ပြည်တွင်းစစ်မီးလည်းတဟုန်ထိုး တောက်လောင်လာမှာပဲ။

ကွန်မြူနစ်တွေဟာ စောစောကလို အခြေခံစရာတွေ တင်ပြထားခဲ့လို့ အကျိုးခံစားရတာတွေမနည်းဘူး။ တော်လှန်တဲ့ဗမာ့တပ်မတော် (R.B.A.)လို့ ဖွဲ့ခဲ့ကြတဲ့ ဗိုလ်ဇေယျ၊ ဗိုလ်ရဲထွတ်၊ ဗိုလ်သိန်း၊ ဗိုလ်လှမောင်၊ ဗိုလ်သက်ထွန်း၊ ဗိုလ်မင်းဒင်၊ ဗိုလ်သာဒိုး၊ ဗိုလ်အောင်မြင့်စတဲ့ တပ်မှူးတွေနဲ့တပ်သားတွေထဲက ရေးမှူးနေရာအတွက်ငြင်းကြ၊ ခုံကြရာက စ’တာပဲ။

ဒီချုပ်မှာလည်း အထွေထွေအတွင်းရေးမှူးနေရာကို အခရာကျသူကိုပေးထားတာပဲ။ ဥက္ကဋ္ဌ ဦးအောင်ရွှေက အခုအထူးထုတ်ပြန်ချက်ကို (အထွေထွေအတွင်းရေးမှူး မလှုပ်ရှားသာတဲ့အချိန်မှာ) တာဝန်ယူထုတ်ပြန်ဆိုးငါတို့အဆိုးမဟုတ်ဘူးလို့ ပြောနိုင်မယ်။ ဒီလိုဆိုရင် ပြည်သူလူထုနဲ့ကမ္ဘာရဲ့ ထောက်ခံမှုရမှာပဲ။

(၁၉၄၈) တုန်းက အခြေခံကောင်းတွေ တင်ပြခဲ့လို့ တပ်မတော်ထဲက အမြင်ကျယ်တဲ့၊ အမြော်အမြင်ရှိတဲ့ တပ်မှူးတပ်သားတွေ ဘက်ပြောင်းလာတာတွေ့ခဲ့ကြရတယ်။ လက်ရှိ

# ၂၀၀၆ ခုနှစ် အဆန်းပိုင်းက

ဗည

# အရေးပါတဲ့ခြေလှမ်းတရပ်

ဘက်အသံနှစ်မျိုးကြားရတယ်။ တခုက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကထုတ်ပြန်လိုက်တဲ့ နအဖကို ကမ်းလှမ်းအဆိုပြုတဲ့ ကြေညာချက်နဲ့နောက်တခုက ဗိုလ်သန်းရွှေကပြောတယ်ဆိုတဲ့ ချေမှုန်းရေးစကားပဲ။

“စစ်ဖြစ်ချိန်မှာ လူသတ်တာအလွယ်လေး”ဆိုတဲ့ ဗိုလ်သန်းရွှေရဲ့စကားကို တခြားတိုင်းမှူးတွေကကိုးကားပြီး သူတို့လက်အောက်ကတပ်မှူးတွေကို သွေးထိုးပေးသံတွေကြားရတာဟာ နိုင်ငံအတွက် အင်မတန်ဆိုးတဲ့ အတိတ်နိမိတ်ပဲဖြစ်တယ်။ ဗိုလ်သန်းရွှေတို့စစ်အုပ်စုဟာ ဒီချုပ်ကိုဦးတည်ပြီး အမြောက်တွေကိုချိန်ရွယ်ထားတာဖြစ်ကြောင်းလည်း ဒီစကားတွေထဲမှာတွေ့ရတယ်။ ဒီသဘောထားဟာ ဗိုလ်နေဝင်းနဲ့ဆိုရှယ်လစ်တွေအာဏာရချိန်မှာ တလျှောက်လုံးကျင့်သုံးခဲ့တဲ့ မကြေညာတဲ့ပေါ်လစီဖြစ်ပြီး ဒါကို စစ်အာဏာရှင်အဆက်ဆက်ဟာ အသုံးတည့်တယ်ဆိုပြီး လက်ကမချခဲ့ကြဘူး။ ဗိုလ်နေဝင်းတုန်းက ကွန်မြူနစ်တယောက်ဖမ်းမိတယ်လို့ သူ့အောက်ကသတင်းပို့ရင် “မြို့ပေါ်မှာ ကွန်မြူနစ်ရှားလို့ တောထဲက ဖမ်းလာခိုင်းတာ မဟုတ်ဘူး”လို့ ပြောပစ်လေ့ရှိတယ်။ သတ်လိုက်တာမှ ဝီခေါ်နေတာ။ အခုတော့ ဒီစကားတွေ သူတို့ပါးစပ်ကပြောင်းထွက်လာတာပေါ့။ ဒါဟာ မမျှော်လင့်ပဲ ပေါက်ထွက်လာတာဖြစ်တယ်။ ဗကပကို ဖဆပလဆို

ဒီနေ့ဒီတိုင်းပြည်မှာ တကယ်လိုအပ်နေတာက အခြေခံတခုတည်ဆောက်ရေးပဲဖြစ်တယ်။ ဗမာပြည်သမိုင်းမှာ ဒါမျိုးဟာ မစိမ်းဘူး။ ရှိခဲ့ပြီးဖြစ်တယ်။ ဂျပန်ဖက်ဆစ်တော်လှန်ရေးအတွင်းမှာရော အဲဒီတော်လှန်ရေးအပြီးမှာပါ ဗမာပြည်နိုင်ငံရေးလောကမှာ “ဆန်းနဲ့သန်း”ဆိုတဲ့ အတွဲဟာ သိပ်ရေပန်းစားလာတယ်။ လူထုကြီးက သူတို့အပေါ်အားကိုးမျှော်လင့်ကြတယ်။ ဗိုလ်အောင်ဆန်းနဲ့ သခင်သန်းထွန်းတို့လက်တွဲပြီး သမိုင်းသစ်ရေးဖို့အတွက် အခြေခံတည်ဆောက်တယ်လို့ဆိုနိုင်တယ်။ ဒါပေမယ့် ကွန်မြူနစ်နဲ့ ဖဆပလကွဲကြတော့ ဖဆပလရဲ့အထွေထွေအတွင်းရေးမှူးနေရာကို ဆိုရှယ်လစ်တွေကယူလိုက်တယ်။ နဂိုက ဒါဟာသခင်သန်းထွန်းတာဝန်ယူထားတဲ့နေရာ။ ဒီနောက်မှာ ဖဆပလနဲ့ကွန်မြူနစ် အပြန်အလှန်ပေးစာတွေဟာလည်း အခြေခံတည်ဆောက်ကြတာလို့ဆိုရမယ်။ လူထုကလည်း ပြန်လည်ရင်ကြားစေ့ရေး၊ ညီညွတ်ရေးကို အထူးအလေးထား အာရုံစိုက်ခဲ့တယ်။ ဒါပေမယ့် ကိုယ့်ကိုကိုယ် အထက်စီးရနေပြီလို့ ယူဆထားတဲ့ဆိုရှယ်လစ်တွေက ကွန်မြူနစ်တွေကိုလက်မြှောက်ပြီးဝင်ခဲ့ရမယ်လို့ တောင်းဆိုတာနဲ့ပြည်တွင်းစစ်ဖြစ်တဲ့အထိ အခြေဆိုက်သွားတယ်။

ပြည်တွင်းစစ်ရယ်လို့ ဖြစ်လာတော့ အများစုဟာ နဂိုကကွန်မြူနစ်တွေမဟုတ်ဘူး။ တောထဲရောက်ပြီးမှ ကွန်မြူနစ်ဖြစ်ကုန်ကြတာ။ သူတို့ဟာ ကွန်မြူနစ်တွေတင်ပြတာကို သဘောကျလို့ ဗိုလ်နေဝင်းတို့ဆိုရှယ်လစ်ခေါင်းဆောင်တွေ ချယ်လှယ်နေတဲ့ ဖဆပလနဲ့ လမ်းခွဲလာကြတာဖြစ်တယ်။ နောက်ပြီး ပြည်သူ့ရဲဘော်တွေ တောခိုတာဟာလည်း အဲဒီအခြေခံတည်ဆောက်ခဲ့တာအပေါ်မှာအခြေပြုပြီး “ကွန်မြူနစ်တွေတောခိုတယ်” ဆိုတာနဲ့ “ကွန်မြူနစ်တွေတောခိုရတယ်”ဆိုတာ ငြင်းကြရာကပေါ်ထွက်လာတာပဲ။ အင်မတန်အရေးပါတဲ့ ‘ရ’ ကောက်လေးတလုံးပေါ့။ ဒါဟာ ခုနကအခြေခံစရာတင်ပြခဲ့လို့ ရခဲ့တဲ့ ‘ရ’ ကောက်လေးပဲ။

ပြည်သူ့ ရဲဘော်တောခိုတယ်ဆိုတော့ နောက်ကနေ ကေအင်န်ဒီအို (ကရင်)၊ အင်မ်အင်န်ဒီအို (မွန်)၊ ပအို့ဝ်စတာတွေ ဆက်သူပုန်ထကုန်ကြတော့တယ်။

အခုဒီချုပ်က တင်ပြတာဟာ ဒီလိုသဘောမျိုးဆောင်နေတဲ့အတွက် ရေရှည်အတွက်လည်းအဖိုးတန်မယ်လို့ ယုံကြည်တယ်။

တခုဖြတ်ပြောချင်တယ်။ ဗမာပြည်နိုင်ငံရေးမှာက အဖွဲ့အစည်းတွေမှာ အထွေထွေအတွင်းရေးမှူးနေရာဟာ အင်မတန်အရေးပါတယ်။ အခရာကျတယ်။ တည်မြဲနဲ့သန့်ရှင်းဆိုပြီးကွဲတော့လည်း ဒီအထွေထွေအတွင်း

လိုက်တာကို ပြည်တွင်းပြည်ပအဖွဲ့အစည်းတွေက ကြိုဆိုထောက်ခံကြတယ်။ ရှိနေတဲ့ခေါင်းဆောင်တွေရဲ့ ထိုးထွင်းကြံဆချက်လို့ အသိအမှတ်ပြုရမယ်။

ဒီချုပ်ရဲ့ တင်ပြချက်ကိုစဉ်းစားရာမှာ နအဖက လက်ခံမလား၊ လက်မခံဘူးလား ဆိုတာနဲ့တိုင်းတာဆုံးဖြတ်လို့မဖြစ်ဘူး။ ဗိုလ်သန်းရွှေတို့လို စစ်အုပ်စုထိပ်သီးတွေဟာ တိုင်းပြည်ကို ချောက်ထဲဆွဲချမယ့်၊ အဝီစိကို ကိုယ့်ဖာသာကိုယ်တွင်းတူးဆင်းမယ့် လူတွေဖြစ်တယ်။ ဒီနေ့ဗမာနိုင်ငံရဲ့ နိုင်ငံရေးဟာ ကိုယ်ကတခုတင်ပြလိုက်၊ ဒါကိုသူက ဘယ်လိုတုန့်ပြန်မလဲဆိုတာကို စောင့်ကြည့်လိုက်၊ ပြီးရင်အဲဒီအပေါ်မှာ နောက်ခြေလှမ်းချမှတ်လိုက်၊ လုပ်လိုက်၊ အဲဒီလို ‘မီးစင်ကြည့်က’ နေရမယ့် အနေအထားမဟုတ်ဘူး။ ဒီလိုမဖြစ်ရင်၊ ဒီလိုလုပ်မယ်ဆိုတဲ့ ကိုယ့်အစီအစဉ်နဲ့ ကိုယ်ဆက်တိုက်လုပ်ရမယ့် အနေအထားဖြစ်တယ်။ အချိန်ကသိပ်ရှိတာ မဟုတ်ဘူး။

ဒီကာလအတွင်း နအဖဟာ ခြေလှမ်းသစ်တွေနဲ့ ပြင်ဆင်နေတယ်။ ညောင်နှစ်ပင်ကိုတနှစ်ကြီးများတောင်ရွှေ့ပစ်တယ်။ သတင်းစာရှင်းလင်းပွဲတွေကို လားရှိုးမှာလုပ်တဲ့အစဉ်အလာစပြီးထူထောင်နေတယ်။ နောက်ပြီးနိုင်ငံတကာကို သံရေးတမန်ရေးအကဲစမ်းတာတွေလုပ်နေတယ်။ တနေ့က ရှင်းလင်းပွဲမှာ ဗိုလ်ကျော်ဆန်းပြောခဲ့တာတွေဟာ ပြည်ပရောက်နေတဲ့ အဖွဲ့အစည်းတွေကို နာမည်တပ်ပြောခဲ့တာဖြစ်ပေမယ့် တကယ်က သူတို့ဟာ ဒီချုပ်နဲ့ ရှစ်လေးလုံးမျိုးဆက်ကို သတိပေးနေတာ၊ သူတို့တင်ပြတာတွေကို အဖြေပေးနေတာဖြစ်တယ်။ သူတို့ဖက်က ပြတ်တယ်ဆိုတာကို အလေးတင်းပြနေတာဖြစ်တယ်။

အမြင်ကျယ်တဲ့၊ တိုင်းပြည်အပေါ် စေတနာထားတဲ့ လူတွေကအရှည်မျှော်ပြီး တီထွင်ကြံဆလုပ်ကြရမှာ။ (၂၀၀၆) ခုနှစ်မှာ ဒီလိုအခြေခံတွေ တင်ပြထားနိုင်တဲ့အတွက် (၂၀၀၇–၂၀၀၈) စတာတွေမှာ နိုင်ငံအတွက် အကျိုးရှိတာတွေပေါ်ထွက်လာမယ်။ နောက်ခြေလှမ်းတွေအတွက် အားရှိမယ်။ အနည်း

တပ်မတော်ထဲမှာ အဲဒီတုန်းကလို ပုဂ္ဂိုလ်တွေ မရှိဘူးလား။ ဘာကြောင့် မရှိရမှာလဲ။ ဒီနေ့ တပ်မှူးဆိုသူတွေဟာ ပညာတတ်တွေပဲ။ ဗမာပြည်မှာအတတ်ပညာသဘောအရ အကောင်းဆုံးတက္ကသိုလ်ပညာရေးကို ရထားသူတွေ။ သူတို့ကိုဦးနှောက်မရှိဘူးလို့ပြောရင် ဘယ်သူ့ကိုဦးနှောက်ရှိတယ်လို့ ပြောမှာလဲ။ ပြဿနာက သူတို့ကိုစဉ်းစားခွင့်နဲ့ ပြောင်းလဲဖို့အခွင့်အရေးတွေဖော်ထုတ်ဖို့ ဖန်တီးပေးဖို့ပဲဖြစ်တယ်။ ရည်ရွယ်ချက်ဟာ တပ်မတော်ကို ခေါင်းဖြတ်ပြီး ကိုယ်ကိုယူဖို့မဟုတ်ဘူး။ တပ်မတော်ရဲ့ခေါင်းကို ပြောင်းဖို့ဖြစ်တယ်ဆိုတာ တပ်မတော်သားတွေနားလည်အောင် ရှင်းပြဖို့လိုတယ်။

ဖိလစ်ပိုင်မှာတော့ အုပ်စိုးသူအာဏာရအစိုးရဟာ အာဏာရှင်ဆံတယ်လို့ ယူဆရရင် တပ်ကဝင်ကိုင်မယ်တကဲကဲဖြစ် တတ်တယ်။ အာဏာရှင်ဆံတဲ့ မားကို့စ်ကိုဖြုတ်ရာမှာရော၊ အကျင့်ပျက်တဲ့ သမတအက်စထရာဒါကိုဖြုတ်ချရာမှာ တပ်မတော်က ပြည်သူဘက်ကပါခဲ့တယ်။ ဗမာပြည်က တပ်မတော်သားတွေ အဲဒီလိုမဟုတ်တောင် ဦးနှောက်လှုပ်ရှားလာအောင် လုပ်ကြရမယ်။ တသွေးတသံတမိန့်တို့၊ တိတ်တိတ်နေထောင်တန်၏တို့ဆိုတာတွေဟာ အကန့်အသတ်ရှိသင့်ကြောင်း သူတို့နားလည်အောင် ကြိုးစားရှင်းပြကြရမယ်။

ဒီချုပ်ရဲ့တင်ပြချက် ဂယက်ကြီးလာရင် နအဖဟာ ငြိမ်မနေမှာသေချာတယ်။ တိုက်ရိုက်တုန့်ပြန်တာမျိုးတော့လုပ်မှာမဟုတ်ဘူး။ တနည်းနည်းနဲ့တုန့်ပြန်မှာ။ သူ့တပ်တွင်းမှာ၊ ပြည်တွင်းပြည်ပမှာ ဘယ်လောက်အထိ ဂယက်ရိုက်တယ်ဆိုတာ အပေါ်တည်ပြီးတုန့်ပြန်မှု အတိမ်အနက်ကိုတွေ့ကြရမှာပဲ။

ကိုယ်က သူဘာလုပ်မယ်ဆိုတာကိုစောင့်ကြည့်ပြီးလုပ်နေဖို့မဟုတ်ဘူးဆိုပေမယ့် သူကလုပ်လာတာအပေါ်မှာ လိုက်လုပ်ရတာတွေ ရှိနိုင်တယ်။ အဲဒီလိုအခါမှာ ကိုယ့်ဘက်ကရော ဘယ်လိုတုန့်ပြန်မှာလဲ။ ပြင်ဆင်မှုရှိကြရဲ့လား။

❖

Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မှထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာချုပ်**
ဇော်ဝဇိုး

**တာဝန်ခံအယ်ဒီတာ**
နေသွင်

**သတင်းအယ်ဒီတာ**
စောမင်းထိုက်ကျော်၊ ကျော်ဦးညို၊ ဘုန်းမြင့်

စာမျက်နှာဖွဲ့စည်းမှု
စောဒီထူး၊ အောင်ထက်

မိုးကြိုးသတင်းစဉ် သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

ပြည်တွင်းလှုပ်ရှားမှု
ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအံ့တုမှူ
ကော်မတီအား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

# စစ်တပ်ထိပ်ပိုင်း ခေါင်းဆောင်များမှလွဲ၍ နအဖဝန်ကြီးများအားလုံး ကြပ်ပြေးသို့စုရုံးရောက်ရှိ



ပျဉ်းမနားကြပ်ပြေးက ဆောက်လက်စ အဆောက်အဦးများ

နအဖဝန်ကြီးဌာနများအားလုံး ဖေဖော်ဝါရီလကုန်တွင် ပျဉ်းမနားသို့အပြီးပြောင်းနိုင်ရန်စီစဉ်နေကြောင်း နအဖပြန်ကြားရေးဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ဖေဖော်ဝါရီ (၄) ရက်နေ့ကပြောသည်။

၎င်းအပြင် မတ်လ (၂၇) ရက်နေ့တွင် ကျရောက်မည့် 'တပ်မတော်နေ့' (တော်လှန်ရေးနေ့) အခမ်းအနားကိုလည်းကြပ်ပြေးမြို့တော်သစ်တွင်ကျင်းပနိုင်ရန် စီစဉ်နေသည်ဟု ဗိုလ်ချုပ်ကျော်ဆန်းကဆိုသည်။

" ရန်ကုန်ကရုံးချုပ်မှာ ဖေဖော်ဝါရီ တတိယအပတ်အထိပဲ အလုပ်ဆက်လုပ်မယ် " ဟု ၎င်းကဆိုသည်။

ဝန်ကြီးဌာနများမှ ဝန်ထမ်းများက နအဖအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရုံးမဖွင့်ခင်အထိ ပျဉ်းမနားတွင်လုပ်ငန်းများ စတင်နိုင်မည်မထင်ဟု ခန့်မှန်းသည်။

ဖေဖော်ဝါရီ (၁၇) ရက်နေ့က နအဖအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပျဉ်မနားသို့လေကြောင်းခရီးဖြင့် သွားရောက်ခဲ့ပြီး၊ အိမ်သစ်တက်ပွဲပြုလုပ်ခဲ့သည်ဟု မိသားစုနှင့်နီးစပ်သူတဦးကိုကိုးကား၍ အေအက်ဖ်ပီသတင်းတွင်ဖော်ပြသည်။

ယခုအခါ စစ်ရုံးချုပ်အပါအဝင် နအဖဝန်ကြီးဌာန (၃၄) ခုစလုံးပျဉ်းမနားတွင် ရုံးဖွင့်နေပြီးဖြစ်ရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် စစ်တပ်ထိပ်ပိုင်းခေါင်းဆောင်များမှလွဲ၍ ဝန်ကြီးချုပ်စိုးဝင်း၏ ဝန်ကြီးအဖွဲ့ဝင်များအားလုံးဖေဖော်ဝါရီလလယ်မှစ၍ ပျဉ်းမနားတွင်ရုံးထိုင်နေကြပြီ ဟုသတင်းကဆိုသည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနရုံးချုပ်ကိုလည်း ပျဉ်းမနားသို့ပြောင်းရွှေ့ပြီးဖြစ်ရာ ရုံးချုပ်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းအားလုံးကို အထူးလမ်းကြောင်းချောစာပို့စနစ်ဖြင့် ဆက်သွယ်လျက်ရှိဟု ခေတ်ပြိုင်အင်တာနက် သတင်းကဖော်ပြသည်။

ပျဉ်းမနားရုံးချုပ်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို ရန်ကုန်တိုင်းရုံးတွင် မှတ်ပုံတင်၍ ည (၉) နာရီ ပျဉ်းမနားအထူးရထားဖြင့်ပေးပို့ပြီး၊ ပျဉ်းမနားမှပေးပို့သောစာကို ရန်ကုန်ဘူတာကြီးသို့ မနက်စောစောဆိုက်သည့် ပျဉ်းမနားအစုန်ရထားဖြင့် ပြန်လည်ပေးပို့သည်ဟု သတင်းတွင်ဆက်လက်ဖော်ပြသည်။

နအဖဝန်ကြီးရုံးများ ပျဉ်းမနားသို့စတင်ပြောင်းရွှေ့ခဲ့သည့် ယမန်နှစ်နိုဝင်ဘာ (၆) ရက်နေ့မှစ၍ ရန်ကုန်နှင့်ပျဉ်းမနားသို့ရထားပြေးဆွဲပြီး၊ ယခုအခါရိုးရိုးတန်း (၁၀) တွဲ၊ အထက်တန်း (၄) တွဲ၊ အိပ်စင် (၂) တွဲတို့ဖြင့် ပြေးဆွဲလျက်ရှိသည်။

ထို့အပြင်နအဖသည် ပျဉ်းမနားကြပ်ပြေးနှင့်မြန်မာနိုင်ငံတောင်ဘက် (မော်လမြိုင်–ရေး–ထားဝယ်) တိုက်ရိုက်ဆက်သွယ်မည့် ရထားလမ်းစီမံကိန်း အသစ်တခုကိုလည်း စတင်အကောင်အထည်ဖော်လျက်ရှိသည်။

ယခုအသစ်ဖောက်လုပ်မည့် 'စစ်တောင်း (ဆပ်သွားကုန်း)–မြစ်ကျိုး–ဒိုက်ဦးရထားလမ်း' သည် ပျဉ်းမနားနှင့်မြန်မာပြည်တောင်ပိုင်း၊ မွန်ပြည်နယ်မော်လမြိုင်၊ ရေးမြို့တို့မှ တဆင့်တနင်္သာရီတိုင်း၊ ထားဝယ်ကိုတိုက်ရိုက်ဆက်သွယ်မည်ဖြစ်သည်။

အဆိုပါစီမံကိန်းအရ မုတ္တမ–ရန်ကုန်ရထားလမ်း၊ စစ်တောင်းတံတားထိပ်တွင် ဆပ်သွားကုန်းဘူတာကို ဆောက်လုပ်မည်ဖြစ်ပြီး၊ ထို့မှတဆင့်မြန်မာပြည်အထက်ပိုင်း၊ ရန်ကုန်–မန္တလေးရထားလမ်းပေါ်ရှိ ဒိုက်ဦးဘူတာကို တိုက်ရိုက်ဆက်သွယ်နိုင်မည်ဖြစ်သည်။

"စစ်တောင်း (ဆပ်သွားကုန်း) –မြစ်ကျိုး–ဒိုက်ဦး' ရထားလမ်းပြီးသွားလျှင် မော်လမြိုင်မှ ပျဉ်းမနားသို့တိုက်ရိုက်ပြေးဆွဲမည်ဖြစ်ရာ ရန်ကုန်သို့သွားလိုလျှင် ဆပ်သွားကုန်းဘူတာမှတဆင့် ရန်ကုန်သို့ရထားပြောင်းစီးရမည်ဖြစ်သည်။

ယခုလောလောဆယ်တွင် မြန်မာနိုင်ငံတောင်ပိုင်းမှ ပျဉ်းမနားသို့သွားလိုလျှင် မော်လမြိုင် (မုတ္တမ) –ရန်ကုန်လမ်းပေါ်ရှိ ပဲခူးဘူတာမှတဆင့် (သို့မဟုတ်) ရန်ကုန်ဘူတာကြီးမှတဆင့် ပျဉ်းမနားရထားကို စီးရမည်ဖြစ်သည်။

ထို့အပြင် နအဖသည် မြို့တော်သစ်၏ စွမ်းအင်လိုအပ်ချက်အတွက် ပျဉ်းမနားသို့ ဓာတ်ငွေ့ပိုက်လိုင်းသွယ်ရန် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (အမ်အိုဂျီအီး) ကို တာဝန်ပေးအပ်ထားပြီးဖြစ်သည်။

မိကျောင်းရဲ–တောင်တွင်းကြီးမှ ပျဉ်းမနားသို့ (၁၀၅) မိုင်ရှည်သော ဓာတ်ငွေ့ပိုက်လိုင်းကိုလည်း အချင်း (၁၀) လက်မပိုက်လုံးဖြင့်သွယ်တန်းရန် စီစဉ်ဆောင်ရွက်မည်ဟုဆိုသည်။

ယခုအခါ ကန်ဘောက်–မြိုင်ကလေး–ရန်ကုန် ( မြိုင်ကလေးမှ ရန်ကုန် ) အရှည်မိုင် (၁၂၀)၊ အချင်းလက်မ (၂၀) ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းကို စတင်အကောင်အထည်ဖော်လျက်ရှိသည်ဟု ခေတ်ပြိုင်သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

❖

## နအဖဝါဒဖြန့်သတင်းစာတိုက် (၂) ခု လည်း ကြပ်ပြေးသို့လိုက်ရ

နအဖသတင်းစာများဖြစ်သော မြန်မာ့အလင်းနှင့်ကြေးမုံသတင်းစာများကို စစ်အစိုးရ၏ မြို့တော်သစ် ကြပ်ပြေးသို့ပြောင်းရွှေ့နေပြီဖြစ်ကြောင်း သတင်းများအရ သိရှိရသည်။

မြန်မာ့အလင်း သတင်းစာဝန်ထမ်းတဦး၏ ပြောပြချက်အရ မြို့တော်သစ်မှဝန်ထမ်းများအတွက် ပုံနှိပ်ဖြန့်ချိပေးရန် တိုက်ခွဲအဖြစ်သာပြောင်းရွှေ့ခြင်းဖြစ်သော်လည်း နောက်ပိုင်းတွင် ပင်မသတင်းစာတိုက်များပါ ကြပ်ပြေးသို့ပြောင်းရွှေ့ရဖွယ်ရှိသည်ဟု သတင်းကဆိုသည်။

ရန်ကုန်လူထုက အဆိုပါသတင်းစာတိုက်များ ကြပ်ပြေးသို့ပြောင်းရွှေ့လျှင် သယ်ယူပို့ဆောင်စရိတ်များ တက်လာမည်ဖြစ်သောကြောင့် သတင်းစာဈေးနှုန်းများ ထပ်မံတက်လာလိမ့်မည်ဟု ခန့်မှန်းနေကြပြီး၊ သတင်းစာဖတ်သူအများစုသည် ရန်ကုန်မြို့တွင်သာရှိသည့်အတွက် သတင်းစာတိုက်များကို ရန်ကုန်တွင်သာထားသင့်သည်ဟု ဝေဖန်ကြသည်။

ထို့အပြင်နောက်နောင်တွင် သတင်းစာရှင်းလင်းပွဲများကို ကြပ်ပြေးတွင်သာ ပြုလုပ်နိုင်ဖွယ်ရှိပြီး ရန်ကုန်တွင် ရုံးစိုက်ထားသော ကြံ့ဖွံ့ဌာနချုပ်ကိုလည်း ကြပ်ပြေးသို့ပြောင်းရွှေ့နိုင်သည်ဟု သတင်းများ ထွက်ပေါ်နေသည်။

သို့သော် ရန်ကုန် သံတမန်အသိုင်းအဝိုင်းက ပြောင်းရွှေ့ရမည့်စာရင်းတွင် ၎င်းတို့၏သံရုံးများပါဝင်လိမ့်မည်မဟုတ်ဟု ယူဆနေကြသည်။

# အဲန်အယ်လ်ဒီ(လွတ်မြောက်နယ်မြေ)က ပြည်တွင်းအဲန်အယ်လ်ဒီ၏ ပြည်ထောင်စုနေ့အဆိုပြုချက်ကိုထောက်ခံ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဖွဲ့စည်းခြင်း (၁၅) နှစ်မြောက် အခမ်းအနားကို ထိုင်း–မြန်မာနယ်စပ်လွတ်မြောက်နယ်မြေရှိ အဲန်အယ်လ်ဒီ (လွတ်မြောက်နယ်မြေ) ဌာနချုပ်ရုံးတွင် ဖေဖော်ဝါရီလ (၁၄) ရက်နေ့က ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားကောင်စီ၊ ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ၊ ကရင်အမျိုးသားအစည်းအရုံးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့မှ ခေါင်းဆောင်များ၊ နယ်စပ်အခြေစိုက် နိုင်ငံရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားအဖွဲ့စည်းများ၊ လူငယ်အဖွဲ့အစည်းများ၊ ကျောင်းသားအဖွဲ့အစည်းများနှင့် အမျိုးသမီးအဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၁၅၀) ခန့်တက်ရောက်ခဲ့သည်။

အခမ်းအနားအပြီးတွင် အဲန်အယ်လ်ဒီ (လွတ်မြောက်နယ်မြေ) က ပြည်တွင်း အဲန်အယ်လ်ဒီ၏ ပြည်ထောင်စုနေ့ အထူးကြေညာချက်ကို ထောက်ခံသောကြေညာချက်တစောင်ထုတ်ပြန်ခဲ့ပြီး၊ "နအဖသည် တကယ်တမ်းမြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းမည်ဆိုပါက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဆိုပြုချက်ကို လက်ခံ၍ အကောင်အထည်ဖော်ရုံမှတပါး အခြားမရှိ"ဟု ဖော်ပြထားသည်။

ထို့အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ကို မာနယ်ပလောလွတ်မြောက်နယ်မြေ၌ စတင်ဖွဲ့စည်းခဲ့သည့်၊ (၁၉၉၁) ခုနှစ်၊ ဖေဖော်ဝါရီလ (၁၄) ရက်နေ့မှစ၍ အဖွဲ့ချုပ်သည် 'မိခင်



အဲန်အယ်ဒီ (အယ်လ်အေ) တည်ထောင်ခြင်း (၁၅)နှစ်မြောက်အခမ်းအနားကျင်းပစဉ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မူဝါဒ၊ သဘောထား၊ လမ်းစဉ်ကိုကိုင်စွဲ၍ မြန်မာ့ဒီမိုကရေစီတော်လှန်ရေး တိုက်ပွဲဝင်နေကြောင်း ကြေညာချက်ကဆိုသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် (၁၉၉၀) ပြည့် ရွေးကောက်ပွဲတွင် (၈၀) ရာခိုင်နှုန်းကျော်ဖြင့် အနိုင်ရထားသော်လည်း နအဖ (နဝတ) သည်ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုဘဲ၊ အဖွဲ့ချုပ်၏ခေါင်းဆောင်များကို အဆက်မပြတ် ဖမ်းဆီးမှုများပြုလုပ်ခဲ့သဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှင့် အဖွဲ့ချုပ်ခေါင်းဆောင်တချို့သည် လွတ်မြောက်နယ်မြေသို့ထွက်ခွာခဲ့ကြရသည်။

ကြေညာချက်၏ နိဂုံးပိုင်းတွင် အဲန်အယ်လ်ဒီ (လွတ်မြောက်နယ်မြေ) က နအဖ၏ လမ်းပြမြေပုံကိုဖျက်သိမ်း၍ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ၊ နှစ်ရှည်ထောင်ဒဏ်ကျနေသည့် တိုင်းရင်းသားခေါင်းဆောင်များကို ပြန်လွှတ်ပေးရန် ထပ်မံတောင်းဆိုသည်။

ဖေဖော်ဝါရီလ (၁၉) ရက်နေ့ကလည်း အမျိုးသားဒီမိုကရေစီ (လွတ်မြောက်နယ်မြေ) က ဦးဆောင်၍ အလွတ်သဘောဆွေးနွေးပွဲတရပ်ကိုကျင်းပခဲ့ပြီး၊ "အဲန်အယ်လ်ဒီ၏ ပျော့ပြောင်း၍ အပြုသဘောဆောင်သော ကမ်းလှမ်းချက်အပေါ် အမြင်ဖလှယ်ခဲ့ကြသည်"ဟု အဲန်အယ်လ်ဒီ (လွတ်မြောက်နယ်မြေ) ဗဟိုကော်မတီဝင် ဦးရန်နောင်မြင့်က မိုးကြိုးသို့ပြောသည်။

အလားတူဆွေးနွေးပွဲများကို နယ်စပ်ဒေသရှိ အဖွဲ့အစည်းများအားလုံးနှင့် မကြာမီဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။❖



# အဲန်အယ်လ်ဒီ၏ ကြေညာချက်သည် တိုင်းပြည်တွင် "ရှည့်လည်းလျှောက်သာ ပျားလည်းစွဲသာမည့် အခြေအနေတရပ်" အမြန်ဆုံးဖြစ်ထွန်းလာ နိုင်စေရန်ရည်ရွယ်ရင်းဖြစ်



လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ၊ အထွေထွေအတွင်းရေးမှူး (ယာယီ) ကိုခင်မောင်တင့်

မေး။ ။ အဲန်အယ်လ်ဒီရဲ့ ဖေဖေါ်ဝါရီ (၁၂) ရက်နေ့ အထူးထုတ်ပြန်ကြေညာချက် ၁/၀၂/၀၆ အပေါ် (DPNS) အနေနဲ့ဘယ်လိုသုံးသပ်ရှုမြင်ပါသလဲ။

ဖြေ။ ။ မေးခွန်းကိုမဖြေခင်မှာ နိဒါန်းတိုက လေးတော့ပြောပါရစေခင်ဗျာ။

ကျနော်တို့ပါတီက အလေးအနက်ယုံကြည်ထားတာက တိုင်းပြည်မှာလွတ်လပ်ရေးသက်တမ်းနဲ့အမျှ ရှည်ကြာလာခဲ့ရပြီဖြစ်တဲ့ တန်းတူရေးနဲ့ ဒီမိုကရေစီရေးပြဿနာ (ဝါ) ပြည်တွင်းစစ်ပြဿနာကိုဖြစ်နိုင်သမျှ အမြန်ဆုံးဖြေရှင်းရေးကိစ္စပဲဖြစ်ပါတယ်။ ပြီးတော့ ဒီပြဿနာကို တိုင်းပြည်မှာရှိနေကြတဲ့ အင်အားစုအားလုံး တန်းတူရည်တူရှိရှိ၊ ဒီမိုကရေစီနည်းကျ ပါဝင်ဆွေးနွေးဖြေရှင်းဖို့ လိုအပ်တယ်ဆိုတာကို ကျနော်တို့ပါတီ လေးနက်တည်ကြည်စွာဖြင့် တစိုက်မတ်မတ်တင်ပြနေခဲ့တာလည်းဖြစ်ပါတယ်။

ဒီကနေ့ ကာလလိုပြိုင်ဆိုင်မှုတွေသည်းသန်ပြင်းထန်နေတဲ့ နိုင်ငံတကာနဲ့ဒေသတွင်း ပတ်ဝန်းကျင်အခြေအနေကြီးရဲ့အောက်မှာ ကျနော်တို့ တိုင်းပြည်ရဲ့ညီညွတ်ရေးနဲ့ငြိမ်းချမ်းရေးကို အမြန်ဆုံးတည်ဆောက်နိုင်ဖို့ပိုပြီးတော့ကိုလိုအပ်ပါတယ်။ ညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးမရှိပဲ။ တိုင်းပြည် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို မတည်ဆောက်နိုင်ပါဘူး။ မတည်ဆောက်နိုင်ခဲ့ကြောင်းကို ကျနော်တို့ တိုင်းပြည်ရဲ့ လွတ်လပ်ရေးသက်တမ်းက အထင်အရှားသက်သေပြခဲ့ပြီးလည်း ဖြစ်ပါတယ်။

ပြီးတော့ညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးကို တန်းတူရေးနဲ့ ဒီမိုကရေစီရှိတဲ့အခြေခံအပေါ်မှာ တွေ့ဆုံဆွေးနွေးတဲ့နည်းနဲ့ တည်ဆောက်ယူရမှာပဲဖြစ်ပါတယ်။ တန်းတူရေးနဲ့ ဒီမိုကရေစီအပြည့်အဝမရှိရင် ညီညွတ်ရေးနဲ့ငြိမ်းချမ်းရေးကလည်း ပြည့်ဝစုံလင်မှာမဟုတ်ပါဘူး။ ဒီကနေ့ (နအဖ) စစ်အစိုးရပြောနေသလို တိုင်းပြည်ရဲ့လုံခြုံမှုနဲ့ အေးချမ်းသာယာမှုကို တပ်မတော်ကပဲ အဓိကတာဝန်ယူရမယ်လို့ ပြောနေတာ လက်တွေ့ဖြစ်ရပ်တွေနဲ့မကိုက်ညီပါဘူး။ တိုင်းပြည်တခုရဲ့လုံခြုံမှုနဲ့အေးချမ်းသာယာမှုကို တပ်မတော်တခုထဲက မဆောင်ရွက်နိုင်ဘူးဆိုတာကို '(၉/၁၁) အရေးအခင်းကြီး' က အထင်အရှားသက်သေပြနေခဲ့ပါပြီ။

ကျနော်တို့ပါတီဟာ ဒီအခြေခံရပ်တည်ချက်အပေါ်ကနေ ကျနော်တို့တိုင်းပြည်ရဲ့ အကျိုးစီးပွားကိစ္စတွေကိုကြည့်မြင်ပြီး အထက်ကတင်ပြခဲ့တဲ့အခြေခံအချက်တွေဦးတည်ချက်တွေနဲ့ကိုက်ညီရင် မည်သည့်အင်အားစုရဲ့တင်ပြချက်ကိုမဆို လေ့လာမှုရှိရှိကြိုဆိုဆောင်ရွက်သွားမှာဖြစ်သလို၊ အဆိုပါအချက်အလက်တွေနဲ့မကိုက်ညီတာတွေ တွေ့မြင်ရရင်လည်းစည်းရုံးမှုရှိရှိ လိုအပ်သလိုတုန့်ပြန်သွားမှာလည်းဖြစ်ပါတယ်။

(အဲန်အယ်လ်ဒီ) ကြေညာချက်ကိုခြုံငုံသုံးသပ်ရလျှင် အဓိကကျဆုံးအချက်မှာ (၁၉၉၀) ပြည့် ရွေးကောက်ပွဲရလဒ်နှင့် ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်မှုအခန်းကို ခိုင်မာဆုပ်ကိုင်ထားလျှက် တိုင်းပြည်တွင် လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် အထွေထွေအကျပ်အတည်းများကို ကျော်လွှားလွန်မြောက်နိုင်စေရန်အတွက်၊ တွေ့ဆုံဆွေး နွေးပွဲတရပ်ဖြစ်ပေါ်လာစေရန် ပြေပြစ်ချောမွေ့ပြီး အမြော်အမြင်တရားပြည့်ဝသော ကမ်းလှမ်းမှုတခုဖြစ်ပါတယ်။ တိုင်းပြည်တွင် "ရှည့်လည်းလျှောက်သာ ပျားလည်းစွဲသာမည့် အခြေအနေတရပ်" အမြန်ဆုံးဖြစ်ထွန်းလာနိုင်စေရန် ရည်ရွယ်ရင်းဖြစ်ပါတယ်။

မေး။ ။ ဒီသဘောထားနဲ့ အဆိုပြုချက်ဟာ လက်တွေ့ဖြစ်နိုင်စရာမရှိဘူးလို့ အချို့ကသုံးသပ်ကြတယ်။ တကယ်လို့ ဖြစ်မလားဘို့ မလွယ်ဘူးဆိုရင် ဖြစ်လာအောင် လူ့ဘောင်သစ်ပါတီအနေနဲ့ ဘယ်လိုလုပ်ဖို့များစဉ်းစားထားပါသလဲ။

ဖြေ။ ။ ဒီမေးခွန်းကို (၂) ပိုင်းခွဲပြီးဖြေပါရစေ။

ပထမတပိုင်းက ဒီမေးခွန်းထဲမှာပါသလိုပဲအဆိုပြုချက်ဟာ"လက်တွေ့ဖြစ်နိုင်စရာမရှိဘူးလို့ အချို့ကသုံးသပ်ကြတယ်" ဆိုတာကလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အဆိုပြုကမ်းလှမ်းချက်အပေါ် သံသယရှိတာမဟုတ်ပဲ (၁၇) နှစ်တာ ဖြတ်သန်းခဲ့ရတဲ့ ဖြစ်စဉ်တွေ၊ (နဝတ–နအဖ) စစ်အစိုးရရဲ့ လှည့်ဖျားမှုနဲ့ အကြမ်းဖက်မှုအတွေ့အကြုံတွေနဲ့ရင်းပြီးရရှိလာတဲ့သုံးသပ်ချက်ဖြစ်လို့ အခြေခံအားဖြင့်ပြောရရင် ဒီလိုသုံးသပ်တာဟာ မလွန်ပါဘူး။

(၁၇) နှစ်တာကာလအတွင်းမှာ တွေ့ဆုံဆွေးနွေးအဖြေရှာဖို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင်၊ ပြည်တွင်းပြည်ပ နိုင်ငံရေးအင်အားစုအသီးသီးက တင်ပြကမ်းလှမ်းခဲ့ကြဖူးတာပါပဲ။ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများကလည်း အပစ်အခတ်ရပ်စဲပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ဖြေရှင်းနိုင်ဖို့ ကြိုးပမ်းနေခဲ့ကြတာပဲ။ ဒါပေမယ့် ဒီကနေ့အထိ အနှစ်သာရရှိတဲ့ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုကို ဘယ်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနဲ့မျှလုပ်ဆောင်ခဲ့တာမတွေ့ရသေးပါဘူး။

ညောင်နှစ်ပင်ညီလာခံဟာ တွေ့ဆုံဆွေးနွေးရေးစင်မြင့်မဟုတ်ပါဘူး။ တိုင်းရင်းသားတွေလိုလားနေတဲ့ တန်းတူရေးနဲ့ဒီမိုကရေစီ အခွင့်အရေးတွေ ဖေါ်ဆောင်နိုင်မှာမဟုတ်ဘူးဆိုတာ ပို၍ ပို၍ရှင်းလင်းလာနေပြီလဲဖြစ်ပါတယ်။

ဒါ့အပြင် တချို့သောတိုင်းရင်းသားအင်အားစုများဟာ အတင်းအဓမ္မလက်နက်ဖြုတ်သိမ်းခံနေကြရပြီး၊ ဂုဏ်သိက္ခာကင်းမဲ့လှတဲ့စကားတွေကို စင်ပေါ်တက်ပြောနေရရှာပါတယ်။

(ဒုတိယပိုင်းဖြစ်တဲ့)"လက်တွေ့ဖြစ်လာအောင်" လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ဘယ်လိုစဉ်းစားထားပါသလဲ။ ဒီကိစ္စက ကျနော်တို့ပါတီတစ်ခုထဲက ဆောင်ရွက်လို့ရနိုင်တဲ့ကိစ္စမျိုးမဟုတ်ပါဘူး။ အင်အားစုအားလုံးလက်တွဲဆောင်ရွက်ရမယ့် လုပ်ငန်းဖြစ်ပါတယ်။ ကျနော်တို့ပါတီရဲ့ ကြွေးကျော်သံက"ပြည်သူသာ အမိပြည်သူသာအဖ" ဖြစ်ပါတယ်။ ဒါကြောင့် လူမျိုးပေါင်းစုံပြည်သူတွေပါဝင်လာအောင်၊ ပြည်တွင်းပြည်ပနိုင်ငံရေးအင်အားစုအသီးသီးက မိမိတို့ဆောင်ရွက်နိုင်တဲ့နည်းလမ်းနဲ့ ပါဝင်ဆောင်ရွက်လာနိုင်အောင် နည်းလမ်းအမျိုးမျိုးနဲ့ဆောင်ရွက်ရမှာပဲဖြစ်ပါတယ်။ ဒါကို ကျနော်ပါတီက လုပ်ဆောင်နိုင်သမျှနည်းလမ်းမှန်သမျှနဲ့ ဆောင်ရွက်နေပါတယ်။ "ဒီမို (၂၀၀၆)" ဆိုတာ အဆိုပါဆောင်ရွက်မှုတွေထဲက အရေးကြီးတဲ့ လှုပ်ရှားမှုတခုဖြစ်ပါတယ်။ ဒီလှုပ်ရှားမှုရဲ့ စည်းရုံးရေးပစ်မှတ်က လူမျိုးပေါင်းစုံပြည်သူများရဲ့ လှုပ်ရှားမှုနဲ့ တပ်မတော်အတွင်းနဲ့ တပ်မတော်ပြင်ပမှာရှိကြတဲ့ တိုင်းချစ်ပြည်ချစ် တပ်မှူးတပ်သားတွေပါဝင် လှုပ်ရှားလာအောင်ဆောင်ရွက်ဖို့ဖြစ်ပါတယ်။

မေး။ ။ တချို့ကသည် ကြေညာချက်မှာ တိုင်းရင်းသားများအတွက် မပါဘူးလို့ပြောနေပါတယ်။ သည်ကိစ္စအပေါ် ဘယ်လိုမြင်ပါသလဲ။

ဖြေ။ ။ (၂၀၀၆) ခုနှစ်၊ ဖေဖေါ်ဝါရီလ (၁၂) ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကထုတ်ပြန်သော

အထူးကြေညာချက်

၁/၀၂/၀၆

ကြေညာချက် အမှတ်

၂/၀၂/၀၆

(၅၉) နှစ်မြောက် ပြည်ထောင်စုနေ့သဘာပတိမိန့်ခွန်းတို့ကို သေသေချာချာလေ့လာကြည့်ပါလို့ပဲ အကြံပြုတိုက်တွန်းပါရစေ။

မေး။ ။ အဲန်အယ်လ်ဒီရဲ့ ယနေ့ကြေညာချက်ကြောင့် နအဖကို တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုလိုက်ရင် မြင်းကိုချိုတပ်သလိုဖြစ်ပြီး ထိန်းမရ သိမ်းမရ ဖြစ်လိမ့်မယ်လို့ တချို့ကစိုးရိမ်ကြတယ်။

ဖြေ။ ။ အခြေခံအားဖြင့်ပြောရရင် စိုးရိမ်မှုရှိ တာကောင်းပါတယ်။ တပြိုင်နက်ထဲမှာ ကျနော်တို့ရဲ့စိုးရိမ်မှုကို ဘယ်လိုကိုင်တွယ်ကြမလဲဆိုတာလဲ ကောင်းကောင်းစဉ်းစားဖို့လိုပါတယ်။ မြင်း 'ချိုတပ်' တာလို့ ကျနော်မမြင်ပါဘူး၊ ထင်ရာစိုင်းနေတဲ့ မြင်းကပ်မြင်းရိုင်းကို 'ပါးချပ်တပ်ဖို့ ကြိုးပမ်းမှုတခု"လို့ ပဲယူဆပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အထူးကြေညာချက်ပါ အချက်အလက်တွေအတိုင်းပြောရရင် လွှတ်တော်အရင်ခေါ်ရမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ခေါ်ပေးဖို့ဆိုတာ (နဝတ–နအဖ) စစ်အစိုးရက ပြဌာန်းထားတဲ့ ဥပဒေအတိုင်းသွားရမယ့် ဖြစ်စဉ်ပဲဖြစ်ပါတယ်၊ (CRPP) သည်ပင် လွှတ်တော်မပေါ်ပေါက်မီကာလအတွင်း ပြည်သူ့လွှတ်တော်၏ လုပ်ငန်းများဆောင်ရွက်ရန်ဖွဲ့စည်းထားခဲ့တာပဲမဟုတ်လား၊ (CRPP) ဖွဲ့စည်းပြီးဆောင်ရွက်လာတော့လည်း ကျနော်တို့တက်တက်ကြွကြွကြိုဆို ထောက်ခံခဲ့ကြတာပဲဖြစ်ပါတယ်။ အခုလည်း လွှတ်တော်အရင်ခေါ်ခိုင်းနေတာကို ကျနော်တို့အတွက် စိုးရိမ်စရာဘာများရှိနေပါသလဲခင်ဗျာ။

မေး။ ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ပါဝင်ခွင့်ပြုရမယ်လို့ တောင်းဆိုချက်ရဲ့ အရေးပါမှုအပေါ် ဘယ်လိုမြင်ပါသလဲ။

ဖြေ။ ။ စစ်မှန်သောဒီမိုကရေစီအရေးကိုဆောင်ရွက်မည်ဆိုလျှင် အခြေခံအားဖြင့် အောက်ပါအချက် (၅) အပေါ် မှန်ကန်စွာသဘောထားတတ်ဖို့ အရေးကြီးပါသည်လို့ ဒေါ်အောင်ဆန်းစုကြည်၏ (၆၀) ပြည့်မွေးနေ့တွင် ကျနော်တို့ပါတီက အလေးအနက်ဖေါ်ပြထားခဲ့ပြီးဖြစ်ပါတယ်။

(၁) ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ (၂) ဒေါ်အောင်ဆန်းစုကြည် (၃) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၄) ၁၉၉၀ ပြည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ် (၅) တွေ့ဆုံဆွေးနွေးအဖြေရှာရေး။

ဒီနေရာမှာ နောက်ထပ် အချက် (၂) ချက် ထပ်မံဖြည့်စွက်လိုပါတယ်။

လူမျိုးပေါင်းစုံ ပြည်သူတရပ်လုံးပါဝင်လာအောင် စည်းရုံးလှုပ်ရှားရေးနဲ့တပ်မတော်အတွင်းက တိုင်းချစ်ပြည်ချစ် တပ်မှူးတပ်သားတွေပါဝင်လာနိုင်အောင် လက်တွေ့ကြိုးပမ်းဆောင်ရွက်ကြရေးဆိုတဲ့ အချက်တွေလည်း အရေးတကြီးလိုအပ်ပါတယ်။

မေး။ ။ "တွေ့ဆုံဆွေးနွေးခြင်းအားဖြင့် မှန်ကန်တဲ့အဖြေကို မရနိုင်ပါ" ဆိုပြီး နအဖကတော့ သူ့အာဘော်ကိုထုတ်လွှင့်နေပါတယ်။ ယခု အဲန်အယ်လ်ဒီက နိုင်ငံရေးအပေးအယူပြုလုပ်ပြီး တွေ့ဆုံဆွေးနွေးရေးဖြစ်လာအောင်ဖန်တီးကာ အောင်မြင်နိုင်မယ်ထင်ပါသလား။

ဖြေ။ ။ အမှန်ပါပဲ။ တန်းတူရေးနဲ့ ဒီမိုကရေစီအပြည့်အဝမရှိတဲ့ မည်ကာမတ္တတွေ့ဆုံဆွေးနွေးပွဲမျိုးဆိုရင်တော့ မှန်ကန်တဲ့အဖြေမရနိုင်ပါဘူး။

ကျနော်တို့ တိုင်းပြည်လွတ်လပ်ရေးသမိုင်းမှာပဲပြန်ကြည့်ပါ။ (ဖတပလ) အမျိုးသားတပ်ပေါင်းစုကြီးကို ထိုအချိန်က နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များရဲ့မြင့်မားတဲ့အမြော်အမြင်နဲ့ မှန်ကန်တဲ့ဦးတည်ချက်အောက်မှာ ဆွေးနွေးညှိနှိုင်းဖွဲ့စည်းဆောင်ရွက်ခဲ့ကြတာပဲမဟုတ်ပါလား။ ပင်လုံစာချုပ်ချုပ်ဆိုနိုင်ခဲ့တာလည်း အလားတူပါပဲ၊ တန်းတူရေးနဲ့ ဒီမိုကရေစီရှိတဲ့အခြေခံအပေါ်ကနေမှန်ကန်တဲ့အဖြေကို ထုတ်ယူခဲ့ကြတာပဲမဟုတ်ပါလား။

ဒါကြောင့် ကျနော်တို့အင်အားစုအသီးသီးက တောင်းဆိုနေတဲ့တွေ့ဆုံဆွေးနွေးရေးဆိုတာ မည်ကာမတ္တတွေ့ဆုံဆွေးနွေးပွဲမျိုးမဟုတ်ပါဘူး။ ညီညွတ်ရေးနဲ့ငြိမ်းချမ်းရေးကိုဦးတည်ပြီး၊ တန်းတူရေးနဲ့ဒီမိုကရေစီအခွင့်အရေးအပြည့်အဝရှိတဲ့၊ နိုင်ငံရေးအင်အားစုအားလုံး ပါဝင်ဆွေးနွေးဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့ ဆွေးနွေးပွဲမျိုးသာဖြစ်ပါတယ်။ ဒီလိုဆွေးနွေးပွဲမျိုးကသာလျှင် တိုင်းပြည်နဲ့လူမျိုးပေါင်းစုံပြည်သူများအတွက် အကျိုးရလဒ်ကောင်းတွေကို မုချသယ်ဆောင်လာနိုင်မှာဖြစ်ပါတယ်။

❖

# ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီက အဲန်အယ်လ်ဒီကြေညာချက်ကို ထောက်ခံလိုက်ပြီ



အဲန်အယ်လ်ဒီ၏ ဖေဖော်ဝါရီလ (၁၂) ရက်နေ့ကြေညာချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီက ထောက်ခံရန် ဆုံးဖြတ်လိုက်ပြီဖြစ်သည်။

ယခင်က အဲန်အယ်လ်ဒီ၏ ပြည်ထောင်စုနေ့ကြေညာချက်အပေါ် စောင့်ကြည့်မည်ဟု သဘောထားရှိခဲ့သော အဲန်စီဂျီယူဘီ၏ ယခုဆုံးဖြတ်ချက်နှင့်ပတ်သက်၍ အဲန်စီယူဘီ၏ တွဲဖက်အတွင်းရေးမှူး ဦးမြင့်သိဏ်းက "(၁၂) ရက်နေ့မှာ အဖွဲ့ချုပ်ရဲ့ ကြေညာချက်ထွက်လာတော့ (၁၃) ရက်နေ့မှ အဲန်စီယူဘီရဲ့နေ့စဉ်ဌာနချုပ်ရုံးမှာပုံမှန်တာဝန်ယူနေကြတဲ့အတွင်းရေးမှူးအဖွဲ့အနေနှင့်အရေးပေါ် အစည်းအဝေးလုပ်တယ်။ ဒီထုတ်ပြန်ချက်အပေါ် သဘောထားတခုခုချဖို့လိုမယ်ဆိုတဲ့ စဉ်းစားချက်နဲ့ဖြစ်တယ်။ ထုတ်ပြန်ချက်ကို အသေးစိတ်လေ့လာတဲ့အခါမှာ အဲန်စီယူဘီရဲ့ လက်ရှိ မဟာဗျူဟာလုပ်ငန်းစဉ်က" သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲပေါ်ပေါက်ရေးနှင့် (၁၉၉၀) ပြည့် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်တဲ့ ပြည်သူ့လွှတ်တော်တရပ်ပေါ်ပေါက်ရေးဖြစ်တယ်။" ဒီထုတ်ပြန်ချက်ထဲမှာ အဓိကတခုဖြစ်တဲ့ သုံးပွင့်ဆိုင်ဆွေးနွေးရေးကိစ္စကို ထင်ထင်ရှားရှား ဖော်ပြထားတာမတွေ့ရဘူး။ အဲန်စီယူဘီထဲမှာ တိုင်းရင်းသားအင်အားစုတွေအားလုံးပါဝင်သလို၊ ဒီမိုကရေစီအင်အားစုတွေ အားလုံး ပါဝင်နေတော့ အဲန်အယ်လ်ဒီကြေညာချက်ကို ပိုမိုပြည့်စုံအောင်လေ့လာနိုင်ဖို့အတွက် ယာယီအားဖြင့်စောင့်ကြည့်မယ်ဆိုပြီး သဘောထားချခဲ့ကြတယ်။ (၂၅) ရက်နေ့ကျတော့ အဲန်စီယူဘီနဲ့ အဲန်စီဂျီယူဘီတို့ပါဝင်တဲ့ အစည်းအဝေးကျင်းပပြီး အဲ့ဒီအစည်းအဝေးကနေ အဲန်အယ်လ်ဒီကြေညာချက်ကိုထောက်ခံကြောင်း အားလုံးကသဘောတူကြတယ်" ဟု ရှင်းပြသည်။

> အဲန်စီယူဘီထဲမှာ တိုင်းရင်းသားအင်အားစုတွေအားလုံးပါဝင် သလို၊
> ဒီမိုကရေစီအင်အားစုတွေ အားလုံး ပါဝင်နေတော့
> အဲန်အယ်လ်ဒီကြေညာချက် ကို ပိုမိုပြည့်စုံအောင်လေ့လာနိုင်ဖို့အတွက်
> ယာယီအားဖြင့်စောင့်ကြည့်မယ်ဆိုပြီး သဘော ထားချခဲ့ကြတယ်….

အဲန်စီယူဘီတွင် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (အဲန်ဒီအက်ဖ်)၊ ဒီမိုကရေစီမဟာမိတ်များအဖွဲ့ (ဒီအေဘီ)၊ (အဲန်အယ်လ်ဒီ–အယ်အေ)နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (အမ်ပီယူ) စသော တိုင်းရင်းသားတပ်ပေါင်းစုများနှင့် ဒီမိုကရေစီအင်အားစုများစုစည်းဖွဲ့စည်းထားသည်။

(၂၅) ရက်နေ့ အစည်းအဝေးမှာ ချမှတ်နိုင်ခဲ့သောအတည်ပြုချက် (၅) ချက်….

(၁) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီတို့၏ နိုင်ငံရေးဦးဆောင်မှုကို ကြိုဆိုထောက်ခံသည်။

(၂) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြည်သူ့လွှတ်တော်ပေါ်ပေါက်ရေး အဆိုပြုချက်ကိုထောက်ခံသည်။

(၃) ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီအနေဖြင့် ပူးပေါင်းလုပ်ဆောင်နိုင်သည့်လုပ်ငန်းများကို လုပ်ဆောင်သွားမည်။

(၄) ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်တို့နှင့် ခွန်ထွန်းဦးစသည့် နိုင်ငံရေးခေါင်းဆောင်များအပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံး လွတ်မြောက်ရေးနှင့်ပြည်တွင်းစစ်ရပ်စဲရေးသည် အလွန်အရေးကြီးကြောင်းဆုံးဖြတ်သည်။

(၅) ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်အဆင့်ဆင့် ညှိနှိုင်းရေးဆွဲသတ်မှတ်ရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သော ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် နအဖကိုယ်စားလှယ်များ ကျယ်ပြန့်စွာပါဝင်သင့်ကြောင်းဆုံးဖြတ်သည်။



" ပြည်ထောင်စုနေ့ကကြေညာချက်က အဆင့်ဆင့်ပြောင်းလဲရေးပါ။ ဒါ တော်တော်ယုံကြည်တဲ့တရားကို အဆင့်ဆင့်အတွက်တော့ အကျိုးပြုနိုင်တယ်လို့ ကျနော်တော့ထင်တယ်။ ဘာဖြစ်လဲဆိုတော့ လွှတ်တော်ခေါ်ပေးဖို့ သဘောတရားတော့မှန်တယ်။ ကျနော်အကြံပေးချင်တာက လွှတ်တော်ဆိုတဲ့နေရာမှာ လွှတ်တော်ကပြည်သူတွေအားလုံး၊ နိုင်ငံရေးအင်အားစုတွေ အမျိုးသားအင်အားစုတွေအားလုံးကို ကိုယ်စားပြုတဲ့လွှတ်တော်ဆိုရင် ဒီအဆင့်ဟာငြိမ်းချမ်းရေးအတွက်၊ ညီညွတ်ရေးအတွက် လှမ်းနိုင်တဲ့အဆင့်ဖြစ်တယ်လို့တော့ ကျနော်ထင်ပါတယ်။

ကဗျာဆရာကြီး ဒဂုန်တာရာ

## အဲန်အယ်လ်ဒီကြေညာချက်အပေါ် တိုင်းရင်းသားခေါင်းဆောင်တချို့၏ အမြင်



"ကျနော်တို့လည်း အမှန်အတိုင်းပြောနေတာကို သူတို့ကပုံကြီးချဲ့ပြီးတော့ လိုချင်တာဆွဲပြောပြီးတော့ အဲန်အယ်လ်ဒီနဲ့ ကျနော်နဲ့ သဘောထားကွဲလွဲသလို၊ ဘာလိုလိုနောက်ပြီးတော့ အဲဒီဥစ္စာကို ကျနော်ကိုကန့်ကွက်မှာလိုလို၊ ဒီနေ့မှာလည်း စာတွေအများကြီးဝင်လာတာဘယ်လိုဖြစ်လဲဆိုတော့ စီအာရ်ပီပီကအဲဒါတွေသဘောမတူလို့ အစည်းအဝေးထိုင်နေတယ်လို့ကြားတယ်၊ ဟုတ်သလားလို့၊ ဘာညာအဲဒါမေးပြီးတော့ ကျနော်တို့လုံးဝပဲ အစည်းအဝေးမထိုင်ဘူး။ ဘယ်သူမှလည်း ဘာမှမဖြစ်ဘူး။ အခု ဦးအောင်ရွှေက ဒီဟာတွေကြားလို့ ကျနော်ဆီမှာ ဘယ်လိုရှိတယ်ဆိုတာ ကျနော်တောင်မှစိတ်ပူနေတာ။ ဒါမျိုးက မကောင်းဘူး။ မနက်ဖြန် သဘက်ခါဆိုရင် ရှင်းပြဦးမှာ။ စီအာရ်ပီပီတောင်ကွဲနေတယ်။ တိုင်းရင်းသားအုပ်စုနဲ့ အဲန်အယ်လ်ဒီကွဲနေတယ်ဆိုတာမျိုး ဖြစ်ကုန်မှာသိပ်ကြောက်တယ်။

ဦးပူကျင်ရှင်ထန်း (စီအာရ်ပီပီအဖွဲ့ဝင်)



ဦးရီမွန်ထူး၊ အတွင်းရေးမှူး (ကေအဲန်ပီပီ)

"ကျနော်တို့ အီးအဲန်စီရဲ့၊ ကျနော်တို့ တိုင်းရင်းသားတွေရဲ့ (Road Map) လည်း အဲဒီလိုဘဲ (အဲန်အယ်လ်ဒီအဆိုပြုချက်ကဲ့သို့) သဘောထားတာပဲ။ အဲဒါအပြင်ကတော့ ကျနော်တို့နဲ့ကွာခြားချက်မရှိဘူး။ ဥဘောက ကျနော်တို့ပြေလည်စေမယ့် သဘောမျိုးနဲ့ တဖက်သတ်နစ်နာစေမယ့် သဘောမျိုးမဖြစ်အောင်သွားကြတာပဲလေ။"



"ကျနော်တို့ကတော့ ပထမပိုင်းကတော့ (Triple Tyep Dialogue) ပေ့ါ၊ ဘက်သုံးဘက်တွေ့ဆုံဆွေးနွေးရေး၊ ဘက်သုံးဘက်အာဏာခွဲဝေရေးစသဖြင့်ပေ့ါလေ။ အဲဒီလိုသွားနေတာဖြစ်တယ်။ ကြိုးပမ်းနေတာဖြစ်တယ်။ အဲလိုကြိုးပမ်းနေရင်းနဲ့ဖြုန်းဒိုင်း၊ စားဒိုင်ကြီး အဲန်အယ်လ်ဒီကနေပြီးတော့ အာဏာနအဖတရားဝင်ဖြစ်ရေးအတွက် လွှတ်တော်ခေါ်ယူရေးလိုင်းကို တင်လာတဲ့အခါမှာ ကျနော်တို့အနေနဲ့ကတော့ နအဖအနေနဲ့ အလုပ်မဖြစ်ဖြစ်အောင်ဆိုတဲ့ အနေနဲ့အနိမ့်ဆုံးဆင့်ကိုဆင်းပြီးတော့ ကြိုးပမ်းနေ တယ်လို့ ကျနော်တို့ အဲလိုပဲသဘောရတယ်။"

"အသွင်ကူးပြောင်းရေးကာလမှာ လူမျိုးစုတွေရဲ့ (Role) လူမျိုးစုတွေရဲ့ အခန်းကဏ္ဍဘယ်လိုရှိလဲဆိုတာလည်း ကျနော်တို့သိပ်ပြီးတော့ "ရှင်းလင်းမသိရဘူး။ နောက်တခုကတော့ ကျနော်တို့ဒီကာလမှာပေ့ါလေ ကျနော်တို့အနေနဲ့က နအဖအနေက ဘယ်လိုတုန့်ပြန်မလဲဆိုတာလည်း ကျနော်တို့ဘာမှမသိရသေးဘူး။ အဲလိုဖြစ်နေတဲ့အခါကျတော့ ကျနော်တိုမှာကဒီ (Proposel) ပေ့ါလေ၊ ဒီအဆိုပြုချက်ဖြစ်နိုင်ခြေကို နည်းနည်းအချိန်ယူပြီး ဆန်းစစ်ဖို့လိုမယ်လို့ထင်ပါတယ်။"

ပဒိုမန်းရှာလာဖန်း၊ ကေအဲန်ယူအထွေထွေအတွင်းရေးမှူး

"အဲန်အယ်လ်ဒီရဲ့ အဆိုပြုချက်နဲ့ပတ်သက်ပြီးတော့ ကျနော်တို့အနေနဲ့ ကျနော်တို့နိုင်ငံရဲ့ပြဿနာရပ်အဓိက ဒီမိုကရေစီဆိတ်သုဉ်းခြင်းပြဿနာရပ်အပေါ် အဲဒါဖြေရှင်းသွားဖို့အတွက် ( Dialogue ) ပေ့ါဗျာ။ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းအပေါ်ဆွဲတင်လုပ်ဆောင်သွားနိုင်မယ်ဆိုရင်တော့ ကျနော်တို့အနေနဲ့ ကြိုဆိုတယ်လို့ ကျနော်ပြောလိုပါတယ်။"

ဦးခွန်မားကိုဘန်း၊ ဖယ်ခုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (ယူအဲန်အယ်လ်ဒီ–အယ်လ်အေ ဥက္ကဋ္ဌ)